ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက် တွင် စတင် တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့်ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၀ ပြည့်နှစ် တန်ဆောင်မုန်းလဆန်း ၃ ရက်၊ စနေနေ့။ Saturday 10 November 2018 ၉၄၆၆

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်၊ ရခိုင်ပြည်နယ်အရေး ကိစ္စဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား လက်ခံတွေ့ဆုံစဉ်။

# Daily Star သတင်းစာတွင် ဖော်ပြခဲ့သည့် သတင်းနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ**
**နိုင်ငံခြားရေးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**

(၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်)
(၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်)

၁။ ၅-၁၁-၂၀၁၈ ရက်နေ့ထုတ် Daily Star သတင်းစာတွင် "Rohingya teen injured in firing at border" ခေါင်းစဉ်ဖြင့် အသက် ၁၅ နှစ်အရွယ် Narul Islam အမည်ရှိလူငယ်သည် နွားကျောင်းနေစဉ် မြန်မာနိုင်ငံ ရေမောင်ခလီလုံခြုံရေးစခန်းဘက်မှ သေနတ်ဖြင့် ၁၇ ချက်ခန့် ပစ်ခတ်ခဲ့သဖြင့် ထိုလူငယ်၏ တံတောင်ဆစ်တွင် ဒဏ်ရာရရှိသွားကြောင်း ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့ကြောင်း AFP သတင်းဌာန၏ သတင်းကို ဖော်ပြလာခဲ့ပါသည်။

၂။ ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးဌာန၊ တောင်နှင့်အရှေ့အာရှဌာန ညွှန်ကြားရေးမှူးချုပ် M.Delwar Hossain က အဆိုပါကိစ္စနှင့်ပတ်သက်၍ ၇-၁၁-၂၀၁၈ ရက်နေ့တွင် မြန်မာသံအမတ်ကြီးအား တွေ့ဆုံခဲ့ပြီး ထိုကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ပြောကြားခဲ့ရာ မြန်မာသံအမတ်ကြီးက ယခုဖြစ်စဉ်သည် တစ်စုံတစ်ရာ မှားယွင်းနေသည်ဟုယူဆကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့မှတာဝန်ရှိသူထံ သံအမတ်ကြီးကိုယ်တိုင် ဆက်သွယ်မေးမြန်းခဲ့ရာ မည်သည့်ပစ်ခတ်ခံရမှုမှမရှိကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်ဘက်မှ ကန့်ကွက်စာ ပေးပို့ခြင်းလည်း မရှိကြောင်း၊ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့ဘက်မှ မည်သည့်ပစ်ခတ်မှုကိုမှ ပြုလုပ်ခဲ့ခြင်းမရှိဟု ပြန်လည်ကြားသိခဲ့ရကြောင်း၊ ယခုကိစ္စနှင့်ပတ်သက်၍ နှစ်ဖက်နယ်ခြားစောင့်ရဲတပ်ဖွဲ့အကြား အလံတင်အစည်းအဝေးခေါ်ယူပြုလုပ်၍ ဆွေးနွေးသင့်ကြောင်း ပြန်လည်ရှင်းလင်းပြောကြားခဲ့ပါသည်။

၃။ သတင်းတွင်ဖော်ပြထားသည့်ဖြစ်စဉ်နှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နိုင်ရန် လိုအပ်သည့်စိစစ်မှုများပြုလုပ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းရှိ ဘာလူခါလီဒုက္ခသည်စခန်းသည် မြန်မာနိုင်ငံဘက်ခြမ်း အစွန်ဆုံးရှိ တောင်ပြိုဝဲရဲကင်းစခန်း၏အနောက်ဘက် ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း ကိုက် ၅၀၀၀ ခန့်အကွာတွင်တည်ရှိပြီး ကြားတွင်လည်း ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်မှ ကင်းစခန်း(၂)ခုရှိနေကြောင်း၊ ၎င်းနေ့ရက်နှင့် ၎င်းအချိန်တွင် နယ်စပ်ဒေသလုံခြုံရေးနှင့်တည်ငြိမ်ရေးအတွက် နှစ်နိုင်ငံ ညှိနှိုင်း၍ နတ်မြစ်အတွင်း၌ နှစ်နိုင်ငံလုံးမှ စက်တပ်ရေယာဉ်(၂)စင်းစီဖြင့် ရေကြောင်းကင်းလှည့် ဆောင်ရွက်နေချိန်လည်းဖြစ်ကြောင်း၊ ဆက်စပ်လျက်ရှိသော တောင်ပြိုဝဲရဲကင်းစခန်းနှင့် ရဲအောင်ချောင်းဝရဲကင်းစခန်းများမှလည်း ပစ်ခတ်မှုတစ်စုံတစ်ရာမရှိခဲ့ကြောင်း၊ ရေကြောင်းလှည့်ကင်းအဖွဲ့နှင့် ကင်းစခန်းများမှလည်း

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻**

**ယနေ့သတင်းအညွှန်း**

မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မန္တလေးစီးပွားရေးဖိုရမ်နှင့် ပြုပွဲကျင်းပ

စာမျက်နှာ » ၃

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက နိုဝင်ဘာ ၁၇ ရက်တွင် ဖျော်ဖြေပွဲများဖြင့် တင်ဆက်ဖျော်ဖြေမည်

စာမျက်နှာ » ၉

လူသားတို့၏ နေထိုင်မှုဘဝတိုးတက်မြင့်မားရေး အာရှ-ပစိဖိတ်ဒေသ အာကာသအေဂျင်စီများ ဆွေးနွေး

စာမျက်နှာ » ၁၂



# ကြေးမုံ

## လူမှုဘဝအေးချမ်းသာယာရေး လက်တွဲဖော်ဆောင်

ပြည်သူများ၏ယုံကြည်မှုကိုရရှိရန် ဖြစ်ပေါ်လာသော မှုခင်းများနှင့် အကြမ်းဖက်မှုများကို ခေတ်ကာလအခြေအနေနှင့်လျော်ညီသည့် ကြိုတင်ကာကွယ်တားဆီးမှုများ ပြုလုပ်နိုင်ရေးသည်အရေးကြီးကြောင်း စိန်ခေါ်မှုအသစ်များဖြင့် အရေးတကြီးရင်ဆိုင်ရမည့် နိုင်ငံဖြတ်ကျော် မှုခင်းဆိုင်ရာတို့နှင့်စပ်လျဉ်း၍ (၁၂)ကြိမ်မြောက် အာဆီယံဝန်ကြီးအဆင့် နိုင်ငံဖြတ်ကျော် မှုခင်းတိုက်ဖျက်ရေးဆိုင်ရာအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပြောကြားခဲ့သည်။

ကမ္ဘာ့နိုင်ငံများတွင် လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မှုခင်းဖြစ်စဉ်များလည်း အမျိုးမျိုးဖြစ်ပေါ်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံအတွင်း မှုခင်းဖြစ်စဉ်များကို မျက်ခြည်မပြတ်ကိုင်တွယ်ဖြေရှင်းလျက်ရှိနေစဉ်တွင် လက်လှမ်းမမီ၊ ကိုင်တွယ်ရခက်ခဲသော မှုခင်းဖြစ်စဉ်များမှာ နိုင်ငံဖြတ်ကျော် မှုခင်းများဖြစ်ပြီး ယင်းကိုကြိုတင်ကာကွယ်တားဆီးနိုင်ရေး၊ ထိရောက်စွာအရေးယူကိုင်တွယ် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရသည်။

နိုင်ငံဖြတ်ကျော် မှုခင်းများသည် အာဆီယံဒေသတွင်းသာမက ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုတစ်ရပ်ဖြစ်လာပြီး ကမ္ဘာ့လူသားအားလုံးအတွက် စိန်ခေါ်မှုဖြစ်လာသည်။ အထူးသဖြင့် နှစ်နိုင်ငံနယ်နိမိတ်တစ်လျှောက်တွင် ဖြစ်ပေါ်တတ်သော အုပ်စုဖွဲ့မှုခင်းများမှာ တိုးတက်လာသော နည်းပညာကိုအသုံးပြု၍ တရားမဝင်ငွေကြေး ခဝါချခြင်း၊ လူမှောင်ခိုခြင်း၊ ဆိုက်ဘာပြစ်မှုများကျူးလွန်ခြင်း၊ မူးယစ်ဆေးဝါးကုန်ကူးခြင်း၊ လက်နက်မှောင်ခိုခြင်း၊ ရှားပါးမျိုးစိတ် တောရိုင်းတိရစ္ဆာန်များကုန်ကူးခြင်းနှင့် ချိုကလီးယားအသုံးပြုမှုပစ္စည်းများ သယ်ဆောင်ရောင်းဝယ်ခြင်းတို့တွင် အစီအစဉ်ချချိတ်ဆက်၍ နိုင်ငံတစ်နိုင်ငံထက်ပိုသည့် ကွန်ရက်များဖြင့် ကျူးလွန်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။

လက်ရှိတွင် ရာဇဝတ်ကောင်များ၏ အုပ်စုဖွဲ့ပြစ်မှုကျူးလွန်မှုများကြောင့် နိုင်ငံဖြတ်ကျော်မှုခင်းကွန်ရက်များ ပိုမိုတိုးတက်ဖြစ်ပေါ်လာပြီး အစိုးရများသည် နစ်နာသူပြည်သူများကို ထိရောက်စွာကာကွယ်စောင့်ရှောက်မှုပေးနိုင်ရန် အရေးတကြီးလိုအပ်လျက်ရှိသည်။ အဆိုပါ မှုခင်းပြဿနာများကိုမကာကွယ်နိုင်လျှင် နိုင်ငံအစိုးရများသည် သားကောင်သဖွယ် အင်အားချည့်နဲ့နေမည်ဖြစ်သည်။ နိုင်ငံဖြတ်ကျော် မှုခင်းများသည် နိုင်ငံတကာလုံခြုံရေးကို ပိုမိုခြိမ်းခြောက်မှုရှိလာသဖြင့် ပြည်သူ့ဘဝလုံခြုံရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များကိုပါ ထိခိုက်မှုရှိလာသည်ကိုတွေ့ရမည်ဖြစ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ၂၀၂၅ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံများရှိ ပြည်သူများဘဝ လုံခြုံစိတ်ချမှုရှိရေးအတွက် နိုင်ငံဖြတ်ကျော်မှုခင်းပြဿနာများကို ထိရောက်စွာတားဆီးနှိမ်နင်းရေး အဓိကလိုအပ်နေသည်ဟု သုံးသပ်မိပါသည်။ အာဆီယံမိသားစုဝင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်းတည်ဆောက်မှု အောင်မြင်ရေးအတွက် တာဝန်နှင့်ဝတ္တရားများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ လုံခြုံရေး၊ သာယာဝပြောရေးနှင့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်း၏ သာယာဝပြောရေးကြိုးပမ်းမှုတွင် မျှဝေထမ်းဆောင်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးအပြင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်လည်း အာဆီယံမှုဘောင်များနှင့်အညီ အဖွဲ့ဝင်နိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်သွားရန် အမြဲအသင့်ရှိနေကြောင်း အတိအလင်းပြောကြားခဲ့သည်။

နိုင်ငံဖြတ်ကျော်မှုခင်းများသည် လတ်တလောနစ်နာဆုံးရှုံးမှုမရှိခြင်း၊ တိုင်တန်းမှုနည်းပါးခြင်း၊ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများချက်ချင်းသိရှိရန် မလွယ်ကူခြင်း၊ အရေးယူဆောင်ရွက်ရာတွင် စွမ်းရည်နှင့်နည်းပညာလိုအပ်ချက်များရှိခြင်း၊ နယ်ပယ်ကျယ်ဝန်းသဖြင့် လက်လှမ်းမမီခြင်း၊ နယ်နိမိတ်ပိုင်းခြားမှုရှိသဖြင့် ရှောင်တိမ်းရလွယ်ကူခြင်း၊ ကန့်သတ်ချက်များရှိခြင်း၊ အငြင်းပွားမှုများရှိခြင်းစသည့် အခက်အခဲများစွာတို့ကြောင့် ခက်ခဲသောမှုခင်းများဖြစ်ခဲ့သည်။

သို့ဖြစ်ရာ နိုင်ငံများရှိ ပြည်သူများ လူမှုဘဝအေးချမ်းသာယာရေးအတွက် ခက်ခဲနက်နဲသော နိုင်ငံဖြတ်ကျော်မှုခင်းများကို နိုင်ငံအချင်းချင်း ညီညွတ်စွာပူးပေါင်းလက်တွဲဆောင်ရွက်ပြီး ပြည်သူများ၏အကူအညီဖြင့် ကြိုတင်တားဆီးကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင် ဒုတိယဝန်ကြီး ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၉**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားလူမျိုးစုရေးရာကော်မရှင် ဒုတိယဝန်ကြီး မစ္စတာ လီချန်းပင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး မြန်မာ့ကျောက်မျက်ရတနာပြတိုက်ကို ကြည့်ရှုလေ့လာသည်။**(ယာပုံ)**



ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လှည့်လည်ဖူးမြော်ကြည်ညိုကြရာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့ဝင် ဦးကြည်လွင်က စေတီတော်ကြီး၏သမိုင်းကြောင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စေတီတော်မြတ်ကြီးလိုဏ်အတွင်းရှိ ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညို၍ ပန်း၊ရေချမ်း၊ ဆက်ကပ်ပူဇော်ကာ စေတီတော်လိုဏ်အတွင်းရှိ ဖွား၊ ပွင့်၊ ဟော၊ စံ စကျင်ကျောက်သား ဗုဒ္ဓပန်းချီကားများအား လှည့်လည်ကြည့်ရှုပြီး ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စေတီတော်ကြီးအရှေ့ဘက်မုခ်ရှိ ရတနာဆင်ဖြူတော်များအား ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာ ပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ခံ ဒုတိယ အထွေထွေမန်နေဂျာ ဦးသက်ဇော်ဦးက ပြတိုက်အတွင်းခင်းကျင်းပြသထားသည့် ကျောက်မျက်ရတနာများအား လိုက်လံရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဧည့်သည်တော် မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီဝင်များ၊ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာဆိုင်ရာ ကော်မတီဝင်များနှင့် ပြည်သူ့လွှတ်တော်ရေးရာ အဆောင်အမှတ် (I-6) တွင် တွေ့ဆုံ၍ နှစ်နိုင်ငံတိုင်းရင်းသားရေးရာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မွန်ပြည်နယ် မုဒုံမြို့နယ်တွင် မှုခင်းအသိပညာပေး ဟောပြော

**မော်လမြိုင် နိုဝင်ဘာ ၉**

မွန်ပြည်နယ်ရဲတပ်ဖွဲ့ မှုခင်းအသိပညာပေးပြခန်းမော်တော်ယာဉ်ဖြင့် မှုခင်းအသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီခွဲက မုဒုံမြို့နယ် ကော့ပရံကျေးရွာ အထကကျောင်း၌ကျင်းပရာ ဟောပြောပွဲသို့ ကော့ပရံကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်စိုးဦးနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အထက (ကော့ပရံ) ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အပါအဝင်စုစုပေါင်း အင်အား ၃၆၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကအဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက သက်ငယ်မုဒိမ်းမှုများနှင့်ပတ်သက်၍ ဖြစ်ပွားနေမှုအခြေအနေများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများအား လည်းကောင်း၊ လူကုန်ကူးမှုခံရခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများ၊ ပြစ်မှုပြစ်ဒဏ်များအားလည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပြစ်မှုပြစ်ဒဏ်များအကြောင်းအား လည်းကောင်း၊ မှုခင်းကျဆင်းရေးနှင့်ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများအား လည်းကောင်း၊ Projectorဖြင့် အသီးသီး အသိပညာပေးဟောပြောကြပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဂန့်ဂေါမြို့၌ စာဖတ်ကြစို့အစီအစဉ်ဖြင့် ကျောင်းစာကြည့်တိုက်ဖွင့်

**ဂန့်ဂေါ နိုဝင်ဘာ ၉**

ဂန့်ဂေါမြို့ မြောက်ကုန်းရပ်ကွက် အလကတွင် စာဖတ်ကြစို့ အစီအစဉ်ဖြင့် ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားရာ ကျောင်းသား ကျောင်းသူများသည် စာအုပ်စာစောင်များကို လွယ်လင့်တကူ လေ့လာဖတ်ရှုနိုင်ပြီဖြစ်သည်။

အဆိုပါ ကျောင်းစာကြည့်တိုက်သို့ Myanmar Book Aid and Preservation Foundation (MBAPF)က စာအုပ်စာစောင်ပေါင်း ၆၉၇ အုပ်ကို စာဖတ်ကြစို့စီမံကိန်း တိုးချဲ့အစီအစဉ်အရ ပံ့ပိုးလှူဒါန်းခြင်းဖြစ်ပြီး ပုံပြင်စာအုပ်များ၊ ဗဟုသုတဖြစ်စေမည့်စာအုပ်များ ၊ အတ္ထုပ္ပတ္တိ စသည့်စာအုပ်များ ပါဝင်ကြောင်း သိရသည်။

အဆိုပါစာကြည့်တိုက်သို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာစိုး၊ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ Book Club ဥက္ကဋ္ဌ ဦးအောင်စိုးမင်း၊ Women Club ဥက္ကဋ္ဌ ဒေါ်ကြင်ကြင်ထွေး၊ Youth Club ဥက္ကဋ္ဌ ဦးနေမျိုးသူရတို့က နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်တို့ကို ကူညီပံ့ပိုးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် နိုဝင်ဘာ ၉**

ရန်ကုန်(ရွှေဈေး) ၁၀၃၃၀၀၀ - ၁၀၃၃၀၀၀ မန္တလေး(ရွှေဈေး) ၁၀၃၃၀၀၀ - ၁၀၃၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၁၀၇၀/၁၀၈၀ ကျပ်၊ | ၁၀၉၀/၁၁၀၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၉၅/၁၀၆၅ ကျပ်၊ | ၁၁၀၀/၁၁၂၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၉၆၀/၁၀၀၀ ကျပ်၊ | ၁၀၃၅/၁၀၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၁၀၇၅/၁၀၉၅ ကျပ်၊ | ၁၁၀၅/၁၁၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၁၀၂၀/၁၀၃၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၁၀၃၀/၁၀၄၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၅၅/၈၆၀ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၆၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၇၈. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၅. ၆၈ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇. ၄၁၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၇၄. ၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၆၂၂ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၇၄. ၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၉. ၂၀ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၃၄. ၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၃၇. ၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
ပြင်ပသတင်းထောက် - ဒေါ်ရှုမဝအောင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror Established in 1957 ၁၉၅၇ ခုနှစ် ဇူလိုင် ၁ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၄၁၇

# အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အလှူငွေများပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၉**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ-၂ ၌ လက်ခံတွေ့ဆုံသည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသည့် အမေရိကန် ဒေါ်လာ သုံးသိန်းပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို အစည်းအဝေးခန်းမ- ၁ ၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက အလှူငွေများလှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက အလှူငွေ အမေရိကန် ဒေါ်လာ သုံးသိန်းကို ပေးအပ်လှူဒါန်းရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက လက်ခံရယူပြီး **(ယာပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးခင်မောင်တင်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**




# မန္တလေးတိုင်းဒေသကြီးအတွင်း ကုန်သွယ်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် မန္တလေးစီးပွားရေးဖိုရမ်နှင့် ပြပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် New Starlight Group of Companies တို့က ပူးပေါင်းကျင်းပသည့် မန္တလေးတိုင်းဒေသကြီး ကုန်သွယ်မှုလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၁၈ မန္တလေးစီးပွားရေးဖိုရမ်နှင့် ပြပွဲကို ယနေ့နံနက် ၉ နာရီခွဲက မန္တလေးကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။



**ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

**လှည့်လည်ကြည့်ရှု**

၂၀၁၈ မန္တလေးစီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် ဇနီး၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အေးဇံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအရာရှိကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များနှင့် မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြပြီး နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် Mandalay Business Forum 2018 Trade Fair တွင် ဖွင့်လှစ်ပြသထားသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

**ကုန်သွယ်မှုမြှင့်တင်နိုင်မည့် ဆွေးနွေးပွဲဖြစ်**

ထို့နောက် ၂၀၁၈ မန္တလေးစီးပွားရေးဖိုရမ်ကို စတင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်က မန္တလေးတိုင်းဒေသကြီးတွင် ရင်းနှီးမြှုပ်နှံမှု၊ စီးပွားကူးသန်းရောင်းဝယ်မှုနှင့် ခရီးသွားလာမှု မြှင့်တင်နိုင်မည့်အခွင့်အလမ်းကောင်းများ ရှိနေသည်ကို ဖော်ထုတ်ပြနိုင်ရန် ယနေ့ စီးပွားရေးဖိုရမ်ကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ထို့ပြင် အဆိုပါဖိုရမ်တွင် မြန်မာနိုင်ငံ၌ ကုမ္ပဏီများအက်ဥပဒေနှင့် အကောက်ခွန်ဆိုင်ရာ အခွန်ကိစ္စရပ်များနှင့် ပတ်သက်၍ မရှင်းလင်းသည်များကိုလည်း မေးမြန်းဆွေးနွေးကြမည့်အပြင် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းရှင်များ၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တက်ရောက်လာကြသည့် လုပ်ငန်းရှင်များ တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလုပ်ငန်းကို မြှင့်တင်နိုင်မည့် ဆွေးနွေးပွဲလည်း ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကကျသည့် မြို့တစ်မြို့မှ စီးပွားရေးဖိုရမ်တစ်ခု ဆောင်ရွက်ပေးမှုအပေါ် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်လာကြသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းကောင်းများ အများအပြားရှိနေသည့်အတွက် မန္တလေးတိုင်းဒေသကြီး အစိုးရက စည်းကမ်းဥပဒေဘောင်အတွင်းမှ အတတ်နိုင်ဆုံး ဖြေလျှော့မှုများပေး၍ လုပ်ကိုင်ခွင့်ရစေရန် အကူအညီများ အပြည့်အဝပေးသွားမည်ဖြစ်သောကြောင့် လာရောက်ရင်းနှီးမြှုပ်နှံ၍ လုပ်ကိုင်ကြပါရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

**စီးပွားရေးအခွင့်အလမ်းကောင်းများစွာရှိ**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက မိမိတို့အနေဖြင့် ပြုပြင်ပြောင်းလဲရေးများကို လုပ်ဆောင်နေသည့် ကာလဖြစ်ပြီး ရေရှည်တည်တံ့သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပါကြောင်း၊ မိမိတို့နိုင်ငံသည် အလျင်အမြန်တိုးတက်နေသည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံ နှစ်နိုင်ငံကြားတွင်တည်ရှိပြီး မဟာဗျူဟာမြောက် အချက်အချာကျသည့် နေရာတွင်ရှိပါကြောင်း၊ လူငယ်လူရွယ်များအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပြီး စီးပွားရေးအခွင့်အလမ်းကောင်းများစွာ ရှိပါကြောင်း။

**အဓိကကျသောနေရာတွင်ရှိ**

မန္တလေးမြို့သည် ယဉ်ကျေးမှုမြို့တော်ဖြစ်သကဲ့သို့ စီးပွားရေးလုပ်ငန်းရင်းမြစ်များရှိပြီး ဆောက်လုပ်ရေးလုပ်ငန်း၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများနှင့်ပတ်သက်ပြီး အဓိကကျသောနေရာတွင် ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ရေရှည်ခံသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကို ရည်မှန်းချက်ပန်းတိုင်များ သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ကျင်းပသည့် ဖိုရမ်သည် မြန်မာနိုင်ငံသားများသာမက နိုင်ငံခြားသားများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် ထုတ်ဖော်ပြသည့် နေရာဖြစ်ပါကြောင်း၊ အခွင့်အလမ်းများနှင့် အကျိုးအမြတ်များ မည်သို့ရနိုင်မည်ဆိုသည်ကို သိနိုင်မည်ဖြစ်ပါကြောင်း။

အသစ်ပြဋ္ဌာန်းလိုက်သည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများသည် ရင်းနှီးမြှုပ်နှံသူများအတွက် တိုးတက်ပြောင်းလဲမှု၊ အရည်အသွေးတိုးတက်မှုနှင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ပိုမိုအဆင်ပြေစေပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်စေရန်အတွက် သာမက ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် လုပ်နိုင်စွမ်းအားများကိုလည်း တိုးတက်လာစေရန် ရည်ရွယ်ထားပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးအောင်ထူးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များနှင့် တက်ရောက်လာသူများသည်စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**ဆွေးနွေး**

ယင်းနောက် စီးပွားရေးစကားဝိုင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အတွင်းရေးမှူး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက Mandalay: the heart and hub of Myanmar ခေါင်းစဉ်ဖြင့် လည်းကောင်း၊ New Starlight Group of Companies မှ ဦးလင်းထွဋ်ဦးက Promoting Modern Urban Lifestyle in Mandalay ခေါင်းစဉ်ဖြင့် လည်းကောင်း၊ President of Mandalay Region Mango Group, Vice President Mandalay Region Fruit, Flower and Vegetable Producer and Exporter Association မှ ဒေါ်သန်းသန်းဆွေက Food Processing of Mandalay Region Fruit: Opportunity & Challenge ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးကြသည်။

ဆက်လက်၍ Mandalay Myotha Industrial Development Public Co.,Ltd. မှ Managing Director ဒေါက်တာထွန်းထွန်းအောင်က Golden Land of Myanmar, Road to Mandalay ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Myanmar International Freight Forwarder's Association မှ General Secretary ဒေါ်လှလှရီက Logistics Hub: Opportunities and Challenges ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Public Relation Section, Department of Urban and Housing Development, Naypyitaw မှ Director ဒေါ်မိုးသီတာက Why City development is important ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Ministry of Hotels and Tourism မှ Assistant Director ဦးစန်းယုက Tourism Investment ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးကြသည်။

**လုပ်ငန်းရှင် ၁၂၀ ခန့် တက်ရောက်**

ယနေ့ကျင်းပသည့် ၂၀၁၈ မန္တလေးစီးပွားရေးဖိုရမ်သို့ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအသီးသီးမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့၌ ပြည်ပမှ လာရောက်ဖွင့်လှစ်ထားသည့် ကုမ္ပဏီများမှ ကိုယ်စားလှယ်များနှင့်ပြည်တွင်း၊ ပြည်ပလုပ်ငန်းရှင် ၁၂၀ ခန့် တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်တွင်း၊ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးတိုးတက်နေသည့် စီးပွားရေးအခြေခံအဆောက်အအုံများကို နိုဝင်ဘာ ၁၀ ရက်တွင် နိုင်ငံတကာအဖွဲ့အစည်းများမှ အင်အား ၂၀၀ ကျော်ဖြင့် လိုက်ပါလေ့လာကြမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုးရေးမှ အခြေပြု၍ ဟိုတယ်နှင့် ခရီးသွားလာရေး စသည့် ကဏ္ဍပေါင်းစုံပါဝင်သည့် ပြခန်း ၂၂၅ ခန်းကို နိုဝင်ဘာ ၁၁ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

❖ ကျောဖုံးမှ
(၅)ရပ်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးအတွက် လွတ်လပ်ရေးနေ့ကျင်းပရေးဗဟို ကော်မတီကို ၂၀၁၈ ခုနှစ် အောက်တိုဘာ ၄ ရက်တွင် ၃၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီ၏အောက်တွင် လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန်အတွက် ဆပ်ကော်မတီ ကိုးခုအား ဖွဲ့စည်းခဲ့ပါကြောင်း၊ လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ဆပ်ကော်မတီထပ်မံဖွဲ့စည်းလိုပါက အကြံပြုဆွေးနွေးနိုင်ပါကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်**

လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို အောင်အောင်မြင်မြင်နှင့် နိုင်ငံရေးအနှစ်သာရ ပိုမိုပြည့်ဝစွာ ကျင်းပနိုင်ရန်အတွက် ဗဟိုကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပခဲ့ရာ အစည်းအဝေးဆုံးဖြတ်ချက် ၂၂ ချက် ချမှတ်ထားခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်များကို သက်ဆိုင်ရာဆပ်ကော်မတီအလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများကို ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက် (၅)ရပ်နှင့်အညီ အကောင်အထည်ဖော် ကျင်းပသွားရမည်ဖြစ်ပြီး သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးအနေဖြင့် ယခင်နှစ်များက တွေ့ကြုံခဲ့သော အားနည်းချက်များ၊ အားသာချက်များအပေါ် အခြေခံပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်းမွန်လာအောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း။

အခမ်းအနားကို နိုင်ငံတော်အကြီးအကဲများ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားသံတမန်များ၊ ပြည်တွင်း၊ ပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြမည်ဖြစ်သည့်အတွက် အဘက်ဘက်က လစ်ဟာမှုများမရှိအောင် ဆပ်ကော်မတီအားလုံးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့အပြင် မီးရှူးမီးပန်းများ ပစ်ဖောက်ရာတွင်လည်း အန္တရာယ်ကင်းအောင် စနစ်တကျစီမံရေး၊ လွတ်လပ်ရေးနေ့သဝဏ်လွှာနှင့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပို့စကတ်များကို အချိန်မီပြီးစီးဖြန့်ဝေနိုင်ရေး၊ ဆပ်ကော်မတီများအလိုက် အသုံးစရိတ်များကို သေချာစွာ စိစစ်တွက်ချက်တင်ပြသုံးစွဲသွားရေးနှင့် ရာသီဥတုအခြေအနေသည် ခန့်မှန်းမရနိုင်သဖြင့် အခမ်းအနားအားလုံးအတွက် B Plan ကို ထည့်သွင်းပြင်ဆင်ထားရန် လိုအပ်ပါကြောင်း၊ ဗဟိုကော်မတီ၏ ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆောင်ရွက်ဆဲလုပ်ငန်းအခြေအနေများ၊ တွေ့ကြုံနေရသည့်အခက်အခဲများနှင့် လိုအပ်သည့် အကြံပြုချက်များရှိပါက ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ပြောကြားသည်။

**အကြံပြုဆွေးနွေးတင်ပြ**

ယင်းနောက် နိုင်ငံတော်အလံတင်နှင့် နိုင်ငံတော်အလံအလေးပြုပွဲ စစ်ရေးပြ ဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များအား နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်ကလည်းကောင်း၊ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနား ပြင်ဆင်ရေးနှင့် ဖိတ်ကြားရေးဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်တို့က လည်းကောင်း၊ လွတ်လပ်ရေးနေ့ဧည့်ခံပွဲနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များအား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်အုန်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်တို့ကလည်းကောင်း၊ မီးရှူးမီးပန်းများပစ်ဖောက်ရေး ဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များအား စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်သန်းကျော်စိုးကလည်းကောင်း၊ လုံခြုံရေးဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များအား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူကလည်းကောင်း၊ ပြန်ကြားရေးဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များအား ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံတို့က လည်းကောင်း၊ နိုင်ငံတော်သမ္မတ၏ လွတ်လပ်ရေးနေ့သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းတို့ကလည်းကောင်း၊ ကျန်းမာရေးဆပ်ကော်မတီဆိုင်ရာကိစ္စရပ်များအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းကလည်းကောင်း၊ အားကစားပြိုင်ပွဲများကျင်းပရေး ဆပ်ကော်မတီဆိုင်ရာ ကိစ္စရပ်များအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်ကလည်းကောင်း၊ အခမ်းအနားများအတွက် မော်တော်ယာဉ် ဝင်ထွက် လမ်းကြောင်းများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကိုဦးက လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

ထို့နောက် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ဆပ်ကော်မတီများအလိုက် ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ တပ်မတော်မှအရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း Mandalay Convention Centre ဖွင့်ပွဲ တက်ရောက်

**မန္တလေး နိုဝင်ဘာ ၉**
Mandalay Investment and Development Group Limited. ( MIDG), New Starlight Group of Companies က ဆောက်လုပ်ပြီးစီးခဲ့သည့် Mandalay Convention Centre ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းတောင်ဘက်ရှိ အဆိုပါအဆောက်အအုံသစ်မျက်နှာစာ၌ ကျင်းပရာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တက်ရောက်သည်။

ရှေးဦးစွာ Mandalay Convention Centre ကို New Starlight Group of Companies ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်ထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်၊ မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာစိုးသန်း၊ လျှပ်စစ်စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြတ်သူ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏အတွင်းရေးမှူး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် New Starlight Group of Companies ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းတို့က Mandalay Convention Centre ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။






ယင်းနောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်တို့က Mandalay Convention Centre ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုဝင်ဘာ ၁၁ ရက်အထိ ကျင်းပမည့် Mandalay Business Forum 2018 Trade Fair တွင် ဖွင့်လှစ်ပြသထားသည့် ဆိုင်ခန်းများကို ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ New Starlight Group of Companies တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များက လှည့်လည်ကြည့်ရှုကြသည်။

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီးတို့ တွေ့ဆုံ



**စင်ကာပူ နိုဝင်ဘာ ၉**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H. E. Dr. Vivian Balakrishnan တို့သည် ယနေ့နံနက်ပိုင်းတွင် စင်ကာပူနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံစဉ် ရခိုင်ပြည်နယ်၌ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHACentre)နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီး၊ ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၉**
၂၀၁၈ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့၏ ဗိုလ်လုပွဲကို နိုဝင်ဘာ ၁၁ ရက် ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဗိုလ်လုပွဲကို မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ MRTV Sport Channel နှင့် မြန်မာ့အသံ (ရေဒီယို) အစီအစဉ်တို့မှ ယင်းနေ့ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ အဌမအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ အဌမအကြိမ် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလှူတော်မင်္ဂလာအခမ်းအနားတွင် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးပရိယတ္တိစာသင်တိုက်ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသ ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ပရိသတ်အပေါင်းတို့က ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြသည်။



### ဆက်ကပ်လှူဒါန်း

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မဟာဝိဇိတာရုံကျောင်းတိုက် ဆရာတော်ထံ ကထိန်လျာဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဈေးကုန်းကျောင်းတိုက် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီးတို့က ဆရာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်တို့က သံဃာတော်အရှင်သူမြတ်တို့ထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဂဏဝါစက စာချဆရာတော်များဖြစ်ကြသည့် အရှင်ဝါယမနှင့် အရှင်ဇဝနတို့က ကထိန်အမေးအဖြေများ ဆောင်ရွက်တော်မူကြသည်။

ယင်းနောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက် ဆရာတော်ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက ကထိန်အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ အခမ်းအနားအပြီးတွင် သံဃာတော် အရှင်သူမြတ်တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ကျင်းပသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ အဌမအကြိမ် မိသားစု မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားတွင် ရုံး/ဌာန အသီးသီးမှ ပဒေသာပင်စုစုပေါင်း ၇၆ ပင်၊ တန်ဖိုးငွေကျပ်သိန်း ၁၀၀၀ ကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး ပဒေသာပင်များအား သက်ဆိုင်ရာဘုန်းတော်ကြီးကျောင်းများသို့ ရုံး/ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး ထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးအောင်စိုးဝင်း<br>ကောင်စစ်ဝန်ချုပ်<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်)<br>မြန်မာကောင်စစ်ဝန်ချုပ်ရုံး<br>လော့စ်အိန်ဂျယ်လိစ်မြို့<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဦးချစ်တိုး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်<br>အကောင်အထည်ဖော်ရေး<br>ဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်<br>ဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်<br>အကောင်အထည်ဖော်ရေး<br>ဦးစီးဌာန<br>လျှပ်စစ်နှင့်စွမ်းအင်<br>ဝန်ကြီးဌာန |

✱ ရှေ့ဖုံးမှ

ပစ်ခတ်သံကြားသိရခြင်းမရှိခဲ့ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်မှ တာဝန်ရှိသူများကလည်း ထူးခြားဖြစ်စဉ်ဖြစ်ပွားလာသည့်အခါတိုင်း ဆောင်ရွက်မြဲဖြစ်သည့် အလံတင်အစည်းအဝေး ကျင်းပပြုလုပ်ရန်လည်း ညှိနှိုင်းလာခဲ့ခြင်းမရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြန်လည်တင်ပြလာခဲ့ပါသည်။

၄။ သို့ပါ၍ ယင်းကဲ့သို့ ဖြစ်စဉ်မျိုး နှစ်နိုင်ငံနယ်စပ်တွင် ဖြစ်ပွားပါက နှစ်နိုင်ငံနယ်စပ်ရဲတပ်ဖွဲ့ဝင်များအကြား ထူထောင်ထားသည့် အလံတင်အစည်းအဝေး ချက်ချင်းခေါ်ယူပြီး ပြောဆိုရမည့်ကိစ္စဖြစ်သဖြင့် ယင်းသို့ ဆောင်ရွက်ရန် ဘင်္ဂလားဒေ့ရှ်သို့ တိုက်တွန်းလိုပါသည်။ ယခုကဲ့သို့ အချက်အလက်သေချာခြင်းမရှိသည့် ကိစ္စမျိုးကို သံတမန်လမ်းကြောင်းဖြင့် ကန့်ကွက်ပြောဆိုခြင်းသည် အကျိုးရှိစေနိုင်မည်မဟုတ်ပါ။

၅။ မြန်မာနိုင်ငံအနေဖြင့် မကြာမီကာလအတွင်း မြန်မာနိုင်ငံဘက်က စိစစ်ပြီးဖြစ်သည့် နေရပ်စွန့်ခွာရသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် စတင်တော့မည်ဖြစ်ရာ ထိုလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာစေရန် ရည်ရွယ်၍ အထင်အမြင်လွဲမှားမှုများဖြစ်ပေါ်စေနိုင်သည့်သတင်းများ အချိန်ကိုက်ထွက်ပေါ်လာမှုအပေါ် များစွာစိုးရိမ်ပူပန်မိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နှစ်နိုင်ငံချစ်ကြည်ရေးကိုရှေ့ရှု၍ နေရပ်စွန့်ခွာရသူများ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်များကို စနစ်တကျကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိပြီးဖြစ်သည့်အတိုင်း နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ဆက်လက်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# ပန်းချီဆရာကြီး ဦးသုခ နှစ် ၁၀၀ ပြည့် ပန်းချီပြပွဲ ပြည်ပပန်းချီဆရာ ၅၃ ဦး၏ ပန်းချီကားများ ပါဝင်ပြသမည်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မြန်မာ့ပန်းချီလောကတွင် အောင်မြင်ကျော်ကြားလူသိများခဲ့သော ပန်းချီဆရာကြီး ဦးသုခ (၁၉၁၈-၂၀၀၇)၏ နှစ် ၁၀၀ ပြည့် ပန်းချီပြပွဲကို ပြည်တွင်းပြည်ပ ပန်းချီဆရာများက ပန်းချီကားပေါင်း ၃၇၆ ကားကို ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပန်းချီပြပွဲတွင် ပြည်တွင်းပန်းချီဆရာ ၃၀၀ ကျော်အပြင် မလေးရှား၊ အင်ဒိုနီးရှား၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ ထိုင်း၊ အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်တို့မှ နာမည်ကြီးပန်းချီဆရာ ၅၃ ဦးကလည်း ၎င်းတို့ရေးဆွဲထားသော ပန်းချီကားများကို ပါဝင်ပြသကြမည်ဖြစ်ကြောင်း သိရသည်။

ပန်းချီဆရာကြီးဦးသုခ၏ နှစ် ၁၀၀ ပြည့်ပန်းချီပြပွဲကို နှစ်နေရာခွဲ၍ ပြသွားမည်ဖြစ်ဖြစ်ကြောင်း၊ The Strand Hotel ၌ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ၊ ပန်းဆိုးတန်းလောကနတ်ပန်းချီပြခန်း၌ နိုဝင်ဘာ ၁၃ ရက် မှ ၁၈ အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း၊ ပန်းချီကား ချစ်မြတ်နိုးသူမည်သူမဆို ဝင်ကြေးအခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

ဆရာကြီး ဦးသုခကို ၁၉၁၈ ခုနှစ်တွင် ရန်ကုန်မြို့၌ မွေးဖွားခဲ့သည်။ ပန်းချီဆရာကြီးများဖြစ်ကြသော ဦးဘဉာဏ်၊ ဦးဘဇော်၊ ဦးသက်ဝင်း၊ ဦးစံဝင်း၊ ဦးငွေကိုင်၊ ဦးမောင်မောင်မြနှင့် ဦးဘဂျမ်းတို့ထံတွင် ပန်းချီပညာများ ဆည်းပူးလေ့လာခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်အစိုးရအထက်တန်းကျောင်း၌ ပညာသင်ယူခဲ့ကြောင်း၊ ဆရာကြီးသည် ၁၉၃၅ ခုနှစ်တွင် ပြန်ကြားရေးနှင့်ပညာရေးဦးစီးဌာနမှ ပန်းချီဆရာ အသိအမှတ်ပြုလက်မှတ်ရရှိခဲ့ကာ ၁၉၆၃ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်း၌ ပန်းချီသင်တန်းနည်းပြဆရာအဖြစ် လုပ်ကိုင်ခဲ့ပြီး ၁၉၈၁ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ ရန်ကုန်ပန်းချီ၊ ပန်းပုကျောင်းအုပ်ကြီးအဖြစ် တာဝန်များ ထမ်းဆောင်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် နိုဝင်ဘာ ၉**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ညနေပိုင်းတွင် ၂၀၁၈ ခုနှစ် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲအတွက် ကျောက်စိမ်းအတွဲများ ခင်းကျင်းပြသထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့အား မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွှန့်သိန်း၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်နှင့် တာဝန်ရှိသူများက မြန်မာကျပ်ငွေဖြင့် ရောင်းချသွားမည့် ကျောက်စိမ်းအတွဲများ ခင်းကျင်းထားရှိမှုအခြေအနေများကို ရှင်းလင်းပြသကြသည်။

၂၀၁၈ ခုနှစ် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၁၇ ရက်အထိ နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲပေါင်း ၃၃၇၉ တွဲနှင့် ကျောက်မျက်အတွဲပေါင်း ၉၆ တွဲတို့ကို ခင်းကျင်းပြသ ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရောင်းချပွဲသို့ ပြည်တွင်းရတနာကုန်သည် စုစုပေါင်း ၁၀၉၇ ဦး တက်ရောက်ရန် စာရင်းသွင်းထားပြီး ပြည်တွင်းရှိ တစ်ပိုင်တစ်နိုင်ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအတွက် ကုန်ကြမ်းများရရှိနိုင်ရေးကို ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

စာအုပ်စာပေ
လှူမိတ်ဆွေ

# အများပြည်သူ သယ်ယူပို့ဆောင်ရေးဆိုသည်မှာ

Dr. မောင်မောင်အောင်

**ယမန်နေ့မှအဆက်**

**မြင်သာသည့်တိုးတက်မှုများ**

YBS သက်တမ်း နှစ်နှစ်နီးပါးကာလအတွင်း သိသာမြင်သာသော တိုးတက်မှုများရှိသလို စိန်ခေါ်မှုများလည်း ရှိနေသေးကြောင်းတွေ့ရသည်။ နေ့စဉ်ပြေးဆွဲနေသည့် ဘတ်(စ်)ကားစီးရေ ၄၀၀၀ ကျော်အနက် တစ်ဝက်ကျော်မှာ အများပိုင်ကုမ္ပဏီနှင့် ကုမ္ပဏီပိုင်ကားများဖြစ်လာပြီး ကားသစ်များဖြစ်၍ ဝန်ဆောင်မှုအထူးကောင်းသလို ခရီးသွားပြည်သူများ၏ စိတ်ကျေနပ်နှစ်သက်မှုလည်း ရရှိသည့်အတွက် ယခင်စနစ်ထက် များစွာကောင်းမွန်ကြောင်း JICA ၏ လက်တွေ့ပြုလုပ်သည့် စစ်တမ်းများက ဖော်ပြသလို လူမှုမီဒီယာများတွင်လည်း ဖော်ပြကြသည်။ YBS ယာဉ်များအားလုံး ယာဉ်နောက်လိုက်မပါတော့ဘဲ ငွေပုံးအသုံးပြုပြီး ရှေ့အပေါက်မှတက်၊ နောက်အပေါက်မှဆင်းသည့်စနစ် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးလာပြီဖြစ်သည်။ ဒိုင်နာ၊ BM နှင့် ဘတ်(စ်)ကား အအိုအဟောင်းများမရှိတော့၍ ရန်ကုန်မြို့တော်၏ ဂုဏ်ကျက်သရေမြှင့်တင်ပေးသည်။ ယခင်က တွေ့ရသည့် ဘတ်(စ်)ကားအချင်းချင်း ခရီးသည်ရရှိရေးအတွက် တိုက်ခိုက်မှုများ၊ အပြိုင်အဆိုင်လုယက်မောင်းနှင်ပြီး လမ်းပေါ်တွင် တုတ်၊ ဓား၊ လက်နက်များဖြင့် ရန်ဖြစ်ခြင်းအပြုအမူမျိုး မရှိတော့သလို ဘတ်(စ်)ကားစီးခရီးသည်များ လိုရာခရီးသို့ နားအေးပါးအေး ဂုဏ်သိက္ခာရှိရှိ စီးနင်းနိုင်ခြင်းပင် ဖြစ်သည်။

ပြေးဆွဲနေသည့် YBS ယာဉ်များအားလုံးတွင် GPS စနစ်တပ်ဆင်ထားပြီး ထိန်းချုပ်စင်တာမှ ဘတ်(စ်)ကားတစ်စီးချင်းစီ၏ သွားလာမှုကို စောင့်ကြည့်ထိန်းသိမ်းကွပ်ကဲမှုကို Yangon Bus Operator - YBO မှလုပ်ဆောင်နိုင်ခြင်းပင်ဖြစ်သည်။ ယာဉ်မောင်း မောင်းနေသည့် အရှိန်၊ အပြိုင်မောင်းမှု၊ လမ်းကြောနှင့် လမ်းကြောင်းမှန် မောင်း၊ မမောင်း၊ ခရီးစဉ်အစ၊ အဆုံးပြေးဆွဲမှု၊ ကီလိုမီတာ ၅၀ ထက်ပိုမောင်းပါက ယာဉ်မောင်းအား အရှိန်လျှော့ရန် သတိပေးမှု၊ ယာဉ်မောင်းဘရိတ်အသုံးပြုသည့်အကြိမ် စသည်တို့ကိုပါ သိရှိနိုင်မှုကြောင့် ဘတ်(စ်)ကားများ စနစ်တကျသွားလာမှုကို နည်းပညာဖြင့် ကွပ်ကဲကြီးကြပ်လာနိုင်ပြီ ဖြစ်သည်။ ထို့အပြင် ခရီးသွားပြည်သူများနှင့် ယာဉ်များ အပြည့်အဝလုံခြုံမှုပေးနိုင်ရန်အတွက် YBS ကားတိုင်း အလုံးစုံအာမခံထားသည့်စနစ်ကြောင့်လည်း မတော်တဆ ယာဉ်တိုက်မှုများဖြစ်၍ ထိခိုက်မှုရှိသည့် ခရီးသည်အတွက် အာမခံကြေးရရှိနိုင်မည်ဖြစ်သလို ဘတ်(စ်)ကားနှင့် အခြားယာဉ်များအတွက်လည်း အာမခံကြေးရရှိသောကြောင့် ဆုံးရှုံးမှုကို ကာကွယ်ပေးသည်။ အလုံးစုံအာမခံထားရှိမှုကြောင့် ဘတ်(စ်)ကားယာဉ်မောင်းတိုင်း သတ်မှတ်ထားသည့် လိုင်စင်အနီဖြင့်သာ မောင်းရမည်ဖြစ်၍ ယခင်ကကဲ့သို့ လိုင်စင်မရှိဘဲ မောင်းနှင်ခြင်း၊ လိုင်စင်အနက်ဖြင့် မောင်းနှင်မှုမရှိတော့ပေ။ ထို့အတူ ယာဉ်မောင်းကျွမ်းကျင်ပြီး စိတ်စေတနာကောင်းများဖြင့် ခရီးသည်များအား ဝန်ဆောင်မှုပေးမည့် ယာဉ်မောင်းအသစ်များကိုလည်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးနှင့် YRTA တို့ ပူးပေါင်းဖွင့်လှစ်သည့် YBS အထူးယာဉ်မောင်းသင်တန်း ၁၂ ကြိမ်အထိ စဉ်ဆက်မပြတ် ဖွင့်လှစ်သင်ကြားခဲ့သည့်အတွက် ယခုအခါ ယာဉ်မောင်းသစ်များ ၁၀၀၀ ကျော်အထိ မွေးထုတ်ခဲ့ပါသည်။

ကုမ္ပဏီပိုင်ကားသစ်များတွင် သံယာတော်များ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းများအတွက် ဦးစားပေးခုံများထားရှိလာခြင်း၊ ဆိုက်ရောက်မည့်မှတ်တိုင်၊ ပြောင်းလဲစီးရမည့် ဘတ်(စ်)ကား နံပါတ်စသည်တို့ကို အသံဖြင့်ပြောကြားသည့်စနစ် စတင်ပြီဖြစ်သလို အကြားအာရုံချို့တဲ့သူများအတွက် LED ဖြင့် စာတန်းထိုးသည့်စနစ် စတင်လုပ်ဆောင်နေပြီဖြစ်သည်။ နည်းပညာအသုံးပြု ခေတ်မီဘတ်(စ်)ကားမှတ်တိုင် ၅၀၀ မကြာမီ ပြီးစီးတော့မည်ဖြစ်သည်။ နိုင်ငံတကာကဲ့သို့ ပွင့်လင်းမြင်သာသည့် ပေးချေမှုဖြစ်ပေါ်ရေးအတွက် ကတ်စနစ်ဖြင့်ပေးချေခြင်းကို ယခုအခါစတင်ဆောင်ရွက်နေပြီဖြစ်ရာ ခြောက်လအတွင်း အကောင်အထည်ပေါ်လာမည်ဖြစ်၍ အကြွေရှားပါးသည့် ပြဿနာ၊ အစုတ်အပြဲထည့်မှု၊ ယာဉ်လိုင်းများ၌ ငွေရေရသည့်ကိစ္စများ မကြာမီဖြေရှင်းနိုင်မည်ဖြစ်ပြီး ဘတ်(စ်)ကားတစ်မျိုးတည်းမဟုတ်ဘဲ အများပြည်သူသယ်ယူပို့ဆောင်ရေးအားလုံးအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။ ယခင်က ဘတ်(စ်)ကားများ လမ်းပေါ်တွင် ထားသည့်စနစ်မှ ယခုအခါ ကုမ္ပဏီပိုင်ကားများထားသည့် ကားရပ်ကွင်းကြီးများပေါ်လာပြီဖြစ်၍ စနစ်တကျထားလာကြပြီဖြစ်သလို လိုအပ်နေသေးသည့် ကားကွင်းများကိုလည်း YRTA က ဆက်လက်တည်ဆောက်နေပြီဖြစ်သည်။

ပို၍အရေးကြီးသည်မှာ ငွေကြေးအားဖြင့် တိုင်းတာ၍မရနိုင်သည့် လူမှုကောင်းကျိုး စီးပွားတိုးတက်မှုများလည်း YBS ကြောင့် ပြည်သူများ ရရှိခံစားနေရပြီ ဖြစ်သည်။ ပြည်သူများ ယခင်ကကဲ့သို့ ကိုယ်စိတ်ပင်ပန်းကြီးစွာဖြင့် စီးရသည့်ဘတ်(စ်)ကားစနစ်မှ ကိုယ်စိတ်နှလုံးအေးချမ်းစွာဖြင့် စီးနင်းနိုင်မှုကို ငွေကြေးအားဖြင့် တန်ဖိုးမဖြတ်နိုင်ပေ။ တစ်ဆက်တည်းမှာပင် ယခင်ကကားဟောင်းများတွင် အလုအယက်တိုးဝှေ့တက်ရပြီး ချွေးဒီးဒီးကျ၊ ယာဉ်နောက်လိုက်များ၏ အအော်အငေါက်ခံရသည့်ဘဝမှ ယခုအခါ ကားသစ်ကြီးများတွင် စမတ်ကျကျ၊ ဂုဏ်သိက္ခာရှိရှိ သက်သောင့်သက်သာ စီးနင်းလာနိုင်မှုသည် ပြည်သူတို့၏ စိတ်ဓာတ်ခွန်အားတိုးမြှင့်နိုင်သလို နိုင်ငံတော်နှင့် ပြည်သူများအကြား ယုံကြည်မှုကိုလည်း တိုးပွားစေခြင်းက ကြီးမားသည့်အကျိုးအမြတ်ပင် ဖြစ်သည်။

**ပြည်သူ့အတွက် YBS**

ရန်ကုန်မြို့နေအများပြည်သူတို့ အဓိကအားကိုးအားထားပြုနေရသည့် YBS ကို ဝန်ဆောင်မှုအကောင်းဆုံးဖြစ်စေရန် ကြိုးစားနေသလို အထူးသက်သာသည့်နှုန်းထားဖြင့် စီးနိုင်ရန် စီမံဆောင်ရွက်ထားမှုကြောင့် ပြည်သူ့အတွက် YBS ဖြစ်သည်။ အစိုးရရှုယ်ယာ ထည့်ဝင်ထားသည့်ကုမ္ပဏီများ ရှုံးနေသည်ဆိုသောသတင်းကြောင့် လူမှုမီဒီယာများတွင် အမျိုးမျိုးဝေဖန်မှုများလည်း ကျယ်ကျယ်လောင်လောင် ဖြစ်ခဲ့သည်။ Brandnew အသုံးပြုသည့် အခြားကုမ္ပဏီများလည်း ထို့အတူပင် ဖြစ်သည်။ YBS လုပ်ငန်းသည် ကုန်စည်အရောင်းအဝယ်လုပ်ငန်းမဟုတ်သည့်အတွက် ချက်ချင်းမြတ်ရန်မဖြစ်နိုင်ပေ။ ပို့ဆောင်ရေးလုပ်ငန်း၌ ရင်းနှီးမြှုပ်နှံမှုဖြစ်သည့်အတွက် အရင်းကျေကာလတစ်ခုအတွင်း အမြတ်မရနိုင်ဘဲ ထိုကာလကျော်မှသာ မျှော်လင့်နိုင်မည်ဖြစ်သည်။ စက်ပစ္စည်းဖြစ်၍ တည်ဆဲဥပဒေများအရ ချွတ်ယွင်းပြုန်းတီးမှုနှုန်း ငါးနှစ်သာခွင့်ပြုထားသည့်အတွက် အဆိုပါကုမ္ပဏီကြီးများအနေဖြင့် လောလောဆယ်လုပ်ငန်းလည်ပတ်စရိတ်၊ စီမံအုပ်ချုပ်မှုစရိတ်များထက်

> “စက်သုံးဆီဈေးတက်မှုကြောင့် ကိုယ်ပိုင်ကားနှင့် အငှားယာဉ်စရိတ်တက်လာသည့် ယခုကာလများအတွင်း YBS ကို ပိုမိုပြောင်းလဲစီးလာကြခြင်းသည် ရန်ကုန်မြို့နေပြည်သူများ၏ သွားလာရေးအတွက် YBS သည် တစ်ခုတည်းသော အားကိုးရာသာဖြစ်ကြောင်း ညွှန်ပြနေပေသည်။ ဆိုလိုသည်မှာ YBS ပြုပြင်ပြောင်းလဲရေးသည် ပြည်သူ့ဗဟိုပြုအများပြည်သူသယ်ယူပို့ဆောင်မှု ပိုမိုကောင်းမွန်တိုးတက်လာရေးဖြစ်သည့်အတွက် အမြင်ကျယ်စွာဖြင့် ချင့်ချင့်ချိန်ချိန် အရှည်မျှော်ကိုးပြီး ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်သည်”

ကျော်လွန်ရရှိသော်လည်း ချွတ်ယွင်းပြုန်းတီးမှုစရိတ်မြင့်မားမှုကြောင့် အမြတ်မရသေးခြင်းပင် ဖြစ်သည်။ တစ်ဖက်တွင်လည်း အရင်းအနှီးစရိတ်နည်းသည့် တစ်ပတ်ရစ်ကားများအတွက်မူ ချွတ်ယွင်းပြုန်းတီးမှုနည်း၍ အမြတ်အချိန်တိုအတွင်း ရရှိမည် ဖြစ်သည်။ သတိပြုရမည့်အချက်မှာ ချက်ချင်းအမြတ်ထွက်ရေးအတွက် တစ်ပတ်ရစ်ကားဟောင်းများအသုံးပြုလျှင် ပြည်သူ့အတွက် ဝန်ဆောင်မှုကောင်းဖြည့်စွမ်းပေးနိုင်မည် မဟုတ်ပေ။ ယခင် မ. ထ. သ လက်ထက် ပုဂ္ဂလိကကားပိုင်ရှင်များ ကားအိုကားဟောင်းများ အသုံးပြုပြီး အမြတ်ရရှိအောင် နည်းပေါင်းစုံဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့် ခရီးသည်ပြည်သူတို့ မည်သည့်ဝန်ဆောင်မှုကောင်းမျှမရရှိခဲ့ကြဘဲ လူပင်ပန်း၊ စိတ်ပင်ပန်းကြီးစွာဖြင့် ဒုက္ခများစွာကြုံတွေ့ခဲ့ရသော်လည်း ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များစသည့် လူတစ်စုကြီးပွားခဲ့ကြသည်။

YBS ပြောင်းလဲမှုတွင် ဝန်ဆောင်မှုကောင်းရုံမက အနိမ့်ဆုံးလုပ်အားခ ရရှိသည့် အခြေခံလူတန်းစားများအထိ ပေးနိုင်သည့် ဈေးနှုန်းဖြစ်စေရန် အစိုးရက ကျပ် ၂၀၀ သာ သတ်မှတ်ပေးခြင်းသည် ရန်ကုန်မြို့နေ အများပြည်သူတို့အတွက် သက်သာစေရန် အထူးစေတနာထား၍ ဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ယခုအခါ ဟိုနားသည်နား ဆိုက်ကားစီးလျှင်ပင် ကျပ်လေး၊ ငါးရာ ပေးရသည့် အခြေအနေ၊ လက်ဖက်ရည်တစ်ခွက် ကျပ်လေး၊ ငါးရာတို့နှင့် နှိုင်းယှဉ်လျှင် YBS ယာဉ်စီးခသက်သာမှု အထူးပြောရန်မလိုပေ။ စက်သုံးဆီဈေးတက်မှုကြောင့် ကိုယ်ပိုင်ကားနှင့် အငှားယာဉ်စရိတ်တက်လာသည့် ယခုကာလများအတွင်း YBS ကို ပိုမိုပြောင်းလဲစီးလာကြခြင်းသည် ရန်ကုန်မြို့နေပြည်သူများ၏ သွားလာရေးအတွက် YBS သည် တစ်ခုတည်းသော အားကိုးရာသာဖြစ်ကြောင်း ညွှန်ပြနေပေသည်။ ဆိုလိုသည်မှာ YBS ပြုပြင်ပြောင်းလဲရေးသည် ပြည်သူ့ဗဟိုပြုအများပြည်သူသယ်ယူပို့ဆောင်မှု ပိုမိုကောင်းမွန်တိုးတက်လာရေးဖြစ်သည့်အတွက် အမြင်ကျယ်စွာဖြင့် ချင့်ချင့်ချိန်ချိန် အရှည်မျှော်ကိုးပြီး ပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေးပင်ဖြစ်သည်။

**စိန်ခေါ်မှုများ**

မ. ထ. သ စနစ်မှ YBS စနစ်သို့ ပြောင်းလဲခြင်းသည် အလုံးစုံ ပြောင်းလဲခြင်းဖြစ်၍ လွယ်ကူသည့် ပြောင်းလဲမှု မဟုတ်ပေ။ ကျယ်ပြန့်ပြီး ရန်ကုန်မြို့နေပြည်သူတစ်ရပ်လုံးနှင့်သက်ဆိုင်၍ နေ့တိုင်းတွေ့ကြုံနေရသည့်အတွက် အထူးသတိကြီးကြီးထားပြီး ပြောင်းလဲနေရပေသည်။ မြင်သာသည့် တိုးတက်မှုများရှိသလို စိန်ခေါ်မှုများ၊ အဆင်မပြေမှုများလည်း ရှိနေဆဲပင်ဖြစ်သည်။ အထူးသဖြင့် ယခုအခါခက်ခဲနေသည့် အပိုင်းမှာ ကျန်နေသေးသည့် တစ်ဦးချင်းပိုင်စနစ်မှ ကုမ္ပဏီစနစ်သို့ပြောင်းလဲရေးပင် ဖြစ်သည်။ နှစ်နှစ်နီးပါးကာလအတွင်း ယာဉ်လိုင်းပေါင်း ၁၀၀ ဝန်းကျင်နှင့် နေ့စဉ်ပြေးဆွဲသည့် ဘတ်(စ်) ကားစီးရေ ၄၀၀၀ ကျော်အနက် သုံးပုံနှစ်ပုံနီးပါးမှာ ကုမ္ပဏီပိုင်ကားများဖြစ်သော်လည်း ကျန်သည့်ကားများမှာ ကုမ္ပဏီပီပီပြင်ပြင်မဖြစ်သေးခြင်းနှင့် ပုဂ္ဂလိကလိုင်းများသာဖြစ်သည့်အတွက် ပေးသည့်ဝန်ဆောင်မှု၊ စည်းကမ်းလိုက်နာမှု အားနည်းနေသေးခြင်းပင် ဖြစ်သည်။ စနစ်ဟောင်းဖြင့် အကျိုးစီးပွားရှိခဲ့သောသူများ၊ စနစ်သစ်ကိုဖျက်ဆီးလိုသူများအနေဖြင့် စနစ်သစ်ပြောင်းလဲမှုကို နည်းမျိုးစုံဖြင့် နှောင့်နှေးကြန့်ကြာစေရန် လုပ်ဆောင်မှုများ ရှိဆဲဖြစ်သလို တိုင်ကြားမှုအမျိုးမျိုးကို ကြုံတွေ့နေရဆဲဖြစ်သည်။

YBS စနစ်သစ်တွင် ယာဉ်မောင်းတစ်ဦးတည်းကသာ တာဝန်ယူမောင်းနှင်နေမှုတွင် သတ်မှတ် မှတ်တိုင်တွင်သာ ရပ်၊ တင်၊ ချပြုလုပ်ခြင်းဆောင်ရွက်ရာတွင် အချို့သောခရီးသည်များက သူတို့ဆင်းလိုသည့် နေရာမရပ်ပေးသည့်အတွက် ရန်ပြုမှုများလည်း မကြာခဏကြားသိရသည်။ ထို့အတူ ရိုင်းပျသည့်ခရီးသည်တချို့က ယာဉ်မောင်းအပေါ် အနိုင်ကျင့်မှုများလည်း ရှိနေသေးသည်။ သတ်မှတ်ယာဉ်စီးခ အပြည့်အဝ မထည့်ခြင်း၊ ငွေစက္ကူအစုတ်အပြဲထည့်ခြင်း၊ လူကျပ်သည့်အချိန် လုံးဝငွေမထည့်ခြင်း၊ Aircon ကားပေါ်တွင် အစားအသောက်စားခြင်း၊ အမှိုက်ပစ်ခြင်းမျိုးလည်း ရှိနေသေးသည်။ YBS စနစ်သစ်ပြောင်းလဲခဲ့သော်လည်း ဘတ်(စ်)ကားနှင့် ပတ်သက်နေသည့် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများ၊ တချို့သော ပြည်သူများ၏ အမှားကိုအမှန်ဟု အရိုးစွဲနေသည့်အကျင့် ပြင်ဆင်ရန် ခက်ခဲနေဆဲပင် ဖြစ်သည်။

ထို့အတူ ဘတ်(စ်)ကားအခြေပြု အခြေခံအဆောက်အအုံများဖြစ်သည့် မြို့ပတ်ရထား၊ water bus တို့ ပေါင်းစပ်မှုများနှင့် လွှဲပြောင်းစင်တာများ၊ ယာဉ်ရပ်နားကွင်းကြီးများ၊ ကားရပ်နားကွင်းများအတွင်း CNG ဖြည့်စွမ်းနိုင်ရေးစသည်တို့ လိုအပ်နေဆဲပင်ဖြစ်သည်။ YBS အဆင့်မြှင့်တင်ရေးအတွက် သီးသန့်လမ်းများ ဖော်ဆောင်ခြင်း၊ ဖြစ်နိုင်သည့်လမ်းများတွင် BRT ဆောင်ရွက်ရေးတို့ကိုလည်း ဆက်လက်လေ့လာဆောင်ရွက်ရဦးမည် ဖြစ်သည်။

**YBS အောင်မြင်ဖို့ ဝိုင်းဝန်းဆောင်ရွက်ကြစို့**

YBS ပြောင်းလဲခြင်းသည် ရန်ကုန်မြို့နေပြည်သူများ၏ အဓိကသွားလာရေးလိုအပ်ချက်ကို ဖြည့်စွမ်းနိုင်ရေးအတွက် အလုံးစုံပြောင်းလဲခြင်းဖြစ်၍ လွယ်ကူချောမွေ့သည့် ပြောင်းလဲမှုမဟုတ်ပေ။ အခြားနိုင်ငံများ၏ အတွေ့အကြုံများအရလည်း ပြောင်းလဲမှုဖြစ်စဉ်တစ်လျှောက် ခါးသီးသည့် ဖြစ်ရပ်များကို ကျော်လွှားပြီးမှသာ အောင်မြင်လေ့ရှိသည်။ အရှိန်ရလာပြီဖြစ်သည့် YBS အောင်မြင်ရေး မဝေးတော့ပြီဖြစ်သော်လည်း ဘက်ပေါင်းစုံမှ နှောင့်နှေးကြန့်ကြာစေရန် လုပ်ဆောင်မှုများ သတိပြုရမည်ဖြစ်သည်။ YBS အောင်မြင်လာခြင်းဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေး ပိုကောင်းလာလျှင် ကိုယ်ပိုင်ကားများ အသုံးပြုမှု သိသိသာသာ လျော့ကျလာနိုင်ခြင်းဖြင့် ယနေ့ရန်ကုန်၏ ယာဉ်ကြောပိတ်မှုကိုလည်း အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မည်ဖြစ်သည်။ YBS စီးသည့် ပြည်သူများ အလုပ်ခွင်သို့ အမြန်ဆုံးရောက်ရှိခြင်းဖြင့် အလုပ်ချိန်တိုးလာမှုသည် ဝန်ထမ်းတစ်ဦးချင်း၏ ဝင်ငွေသာမက နိုင်ငံ့ဝင်ငွေ (GDP) ကိုပါ တိုးစေနိုင်မည်ဖြစ်သည်။ ထို့အပြင် ခရီးသည်သွားလာရေးသာမကဘဲ ရန်ကုန်အခြေပြု ကုန်စည်စီးဆင်းမှုလျင်မြန်ချောမွေ့စေခြင်းသည် ကုန်ဈေးနှုန်းတည်ငြိမ်မှု ထိန်းသိမ်းနိုင်သလို ကုန်သွယ်မှုလုပ်ငန်းချောမွေ့လာမှုက နိုင်ငံ့စီးပွားကိုပါ မြှင့်တင်နိုင်မည်ဖြစ်သည်။ YBS ပြုပြင်ပြောင်းလဲရေးသည် အထူးအရေးပါသည့်အတွက် အစိုးရအပါအဝင် မဏ္ဍိုင်သုံးရပ်ကို ကိုယ်စားပြုသည့် နိုင်ငံတော်၏ အားပေးမှု၊ ရန်ကုန်မြို့ပြပြည်သူလူထု၏ အပြုသဘော ပူးပေါင်းပါဝင်မှု၊ စဉ်ဆက်မပြတ်တိုးတက်စေရန် ဘဏ္ဍာငွေပံ့ပိုးမှု၊ ပို့ဆောင်ရေးဆိုင်ရာ think tank ဖွဲ့စည်းရေး၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များ၊ လူမှုမီဒီယာများနှင့် ပါဝင်ပတ်သက်သူများအားလုံး လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်မည်ဆိုလျှင် အချိန်တိုအတွင်း အမြန်ဆုံးအောင်မြင်လာမည်မှာ မုချမသွေဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အသိရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# မြန်မာနိုင်ငံ CMP လက်ခစားစက်ရုံများတွင် မကြာခဏဖြစ်ပွားနေသော ပဋိပက္ခများကြောင့် လူ့အခွင့်အရေး ထိခိုက်နေမှုများ မဖြစ်ပေါ်စေရေး

ယုလွင်အောင်

ဂျပန်၊ ကိုရီးယား အစရှိသည့် ဖွံ့ဖြိုးတိုးတက်ပြီးသော နိုင်ငံများနှင့် ထိုင်ဝမ်တို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်သို့ မရောက်မီက CMP လက်ခစားစနစ်ကို ကျင့်သုံးသော အငယ်စား စက်မှုလုပ်ငန်းများအပေါ် အခြေခံခဲ့သည်ကို တွေ့ရှိရပါသည်။ အလားတူပင် အရှေ့တောင်အာရှ ကျားနိုင်ငံများဟု ဆိုကြသည့် ထိုင်း၊ မလေးရှား၊ စင်ကာပူနိုင်ငံတို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများသည်လည်း CMP လက်ခစား စက်မှုလုပ်ငန်းများကို အခြေပြုခဲ့သည်ကိုလည်း တွေ့ရှိရပါသည်။ လက်ရှိအခြေအနေတွင် ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများ သည်လည်း CMP လက်ခစား စက်မှုလုပ်ငန်းများကို ထူထောင်ကျင့်သုံးလျက် စက်မှုဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိရန် ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဓိကအခြေခံကျသည့် 3M(Man၊ Money and Material) တို့အနက် ငွေကြေးနှင့် ပစ္စည်းပစ္စယထက် လူအရင်းအမြစ်ကိုသာ စွမ်းဆောင်နိုင်ကြသည်ဖြစ်ရာ Labour Intensive စက်မှုလုပ်ငန်းများဖြစ်သည့် CMP လက်ခစား စက်မှုလုပ်ငန်းများသည် အဓိက အားထားရသော လုပ်ငန်းများဖြစ်လာသည်ကို တွေ့ရပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးမှုအပေါ် အခြားအထောက်အကူပြုသည့် အချက်တစ်ရပ်မှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပင်ဖြစ်ပါသည်။ ယင်း FDI များ ပြည်တွင်းသို့ အမြောက်အမြား စီးဆင်းဝင်ရောက်မှုများပြားလာသည်နှင့်အမျှ နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာလည်း သိသာစွာ တိုးတက်လာသည့် သာဓကများ ရှိကြပါသည်။ ယင်းကဲ့သို့ နိုင်ငံခြားမှ ဝင်ရောက်လာသည့် တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများသည်လည်း CMP လက်ခစား စက်မှုလုပ်ငန်းစနစ်ဖြင့်ပင် အများစု ဝင်ရောက်လာကြသည်ကို တွေ့ရပါသည်။ တရုတ်နိုင်ငံတွင် CMP လက်ခစား စက်မှုလုပ်ငန်းများ စတင်ခဲ့စဉ်က FDI ၆၅ ရာခိုင်နှုန်း ရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

သို့ဖြစ်ရာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့်လည်း နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် CMP လက်ခစား စက်မှုလုပ်ငန်းကိုပင် တိုးတက်ရန် ဆောင်ရွက်သင့်သည်ဟု သုံးသပ်ရပါသည်။ သို့ဖြစ်၍ CMP လက်ခစား စက်မှုလုပ်ငန်းများ၏ လက်ရှိအခြေအနေ၊ ၎င်းတို့ရင်ဆိုင်နေရသော အခက်အခဲများ၊ ၎င်းတို့၏ အားနည်းချက်များ၊ အားသာချက်များကို လေ့လာလျက် ယင်းလုပ်ငန်းကို တိုးတက်ရန် စီမံဆောင်ရွက်ပေးခြင်းသည် ဆင်းရဲသူ မြို့နေလူတန်းစားများအတွက် အလုပ်အကိုင်အခွင့်အလမ်း များစွာဖန်တီးနိုင်သည့်အပြင် နိုင်ငံတော်အတွက် အရင်းအနှီး နည်းပါးစွာ အသုံးပြုပြီး နိုင်ငံခြားငွေ အမြောက်အမြား ရှာဖွေပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အတန်းပညာ ပြီးမြောက်မှု မရှိခဲ့သော်လည်း လုပ်ငန်းခွင်ကျွမ်းကျင်လုပ်သား အမြောက်အမြား မွေးထုတ်ပေးနိုင်သည့် အကျိုးကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

ယခင်က အလုပ်ရှင်အချို့၏ အားနည်းချက်ကြောင့် လုပ်ခလစာပေးရာတွင် ပွင့်လင်းမှုမရှိခြင်း၊ အခြားစက်ရုံများနှင့်နှိုင်းယှဉ်ပါက နည်းပါးနေခြင်း၊ စက်ရုံစီမံခန့်ခွဲသူအချို့၏ ဆက်ဆံရေးရိုင်းပျခြင်း၊ အဓိက တာဝန်ရှိသူများက အလုပ်သမားများနှင့် တိုက်ရိုက်ထိတွေ့မှုမရှိဘဲ လက်အောက်တစ်ဆင့်ခံ စီမံခန့်ခွဲသူများကို အာဏာအပြည့်အဝ ပေးထားခြင်း စသည့် အားနည်းချက်များကြောင့် မကြာခဏ ဆန္ဒပြခြင်းများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ခဲ့ရပါသည်။ ယခုအခါ အလုပ်သမားသမဂ္ဂများ ဖွဲ့စည်းခွင့်ရရှိပြီးသော်လည်း အလုပ်သမားအချို့၏ ခံယူချက်နှင့် အတွေးအခေါ်တင်းမာမှုကြောင့် မလိုလားအပ်သော တောင်းဆိုမှုများ မကြာခဏ ကြုံတွေ့နေရပြီး ကာလတာရှည် ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားနေသည်ကို တွေ့မြင်ရပါသည်။

ယင်းကဲ့သို့ အချိန်ကြာမြင့်စွာ ဆန္ဒပြသည့်ဖြစ်ရပ်သည် ဆန္ဒပြနေသော အလုပ်သမားများ၏ အခြေခံလူ့အခွင့်အရေးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသကဲ့သို့ အလုပ်ရှင်ဘက်တွင်လည်း ကုန်ထုတ်စွမ်းရည်ကျဆင်းခြင်း၊ အချိန်မီကုန်ထုတ်လုပ်ခြင်း မပြုနိုင်သဖြင့် အရှုံးပေါ်ခြင်း၊ ပြည်ပကုန်ဝယ်သူများ၏ အထင်အမြင်သေးမှုခံရခြင်း၊ ပိုမိုဆိုးရွားလာပါက နောက်ထပ် ကုန်အမှာစာ လုံးဝမရရှိတော့သဖြင့် လုပ်ငန်းရပ်ဆိုင်းနိုင်ဖွယ်ရှိခြင်း စသည့် အခွင့်အရေးများ ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် အလုပ်ရုံအတွင်း၌ ငြိမ်းချမ်းစွာ လုပ်ကိုင်နေဆဲဖြစ်သည့် အခြားအလုပ်သမားများမှာလည်း ဆန္ဒပြအလုပ်သမားများ၏ မကြားဝံ့မနာသာ ဆဲဆိုမှုခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း စသည့် လူ့အခွင့်အရေး ဆုံးရှုံးမှုများ ကြုံတွေ့နေရပါသည်။ ယင်းပြဿနာကို လျင်မြန်စွာ ဖြေရှင်းနိုင်ခြင်းမရှိပါက ပိုမိုကြီးမားသည့် ဆုံးရှုံးမှုများဖြစ်ပေါ်လာနိုင်သည်ကို သတိကြီးစွာ ထားရမည့်အချိန် ရောက်ရှိနေပြီ ဖြစ်ပါသည်။

**CMP လုပ်ငန်းများ၏ လက်ရှိအခြေအနေ**

စာရင်းဇယားများအရ CMP လက်ခစား စက်မှုလုပ်ငန်းများအနက် အထည်ချုပ်လုပ်ငန်းသည်သာ အဓိက ကျနေသည်ကို တွေ့ရှိရပါသည်။ ၁၉၉၄ ခုနှစ်တွင် ရန်ကုန်မြို့၌ အထည်ချုပ်စက်ရုံ ၂၅ ရုံသာ ရှိခဲ့ရာမှ ၁၉၉၉ ခုနှစ်တွင် စက်ရုံပေါင်း ၂၉၁ ရုံအထိ တိုးတက်လာခဲ့ပါသည်။ ၂၀၁၈ ခုနှစ်တွင် CMP လက်ခစားစက်ရုံ ၄၃၆ ရုံရှိသည်ကို တွေ့ရှိရပြီး ယင်းစက်ရုံများတွင် အလုပ်သမားဦးရေ ငါးသိန်းကျော် ရှိနေသည်ဟု သိရှိရပါသည်-

(က) FDI ၁၀၀% ရှိသော စက်ရုံ ၂၉၉ ရုံ ၆၈. ၅၈%
(ခ) JV ဖက်စပ်စက်ရုံ ၂၈ ရုံ ၆. ၄၂%
(ဂ) နိုင်ငံသား ရင်းနှီးမြှုပ်နှံမှုစက်ရုံ ၁၀၉ ရုံ ၂၅ % စုစုပေါင်း ၄၃၆ ရုံ

ထိုကဲ့သို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ များပြားပြီး လုပ်သားအင်အားများစွာကို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သော မြန်မာနိုင်ငံ CMP အထည်ချုပ်လုပ်ငန်းတွင် ဆန္ဒပြမှုများ၊ လုပ်ငန်းခွင် မတည်မငြိမ်ဖြစ်မှုများကြောင့် နိုင်ငံခြားမှ ကုန်ဝယ်အမှာစာ ပေးပို့မှာကြားကြသူများက ယုံကြည်မှုလျော့နည်းလာကာ အမှာစာလျော့နည်းလာခြင်း၊ အမှာစာနောက်ထပ်မပေးပို့တော့ခြင်းများကြောင့် ၂၀၁၈ ခုနှစ်အတွင်းတွင် အောက်ပါစက်ရုံများ ပိတ်သိမ်းသွားခဲ့သည်ကို တွေ့ရှိရပါသည်-

| | စက်ရုံအမည် | လုပ်သားဦးရေ | ပိတ်သိမ်းလ |
|---|---|---|---|
| (က) | Chamzon Apparel Manufacturing Co., Ltd | ၆၀၀ ဦး | ဖေဖော်ဝါရီလ |
| (ခ) | Diamond Rose Garment | ၁၅၀ ဦး | ဧပြီလ |
| (ဂ) | Icregem International Co., Ltd | ၅၀ ဦး | ဇွန်လ |
| (ဃ) | Seduno (Myanmar) Fashion Co., Ltd | ၇၅၀ ဦး | ဇူလိုင်လ |
| (င) | Good Fortune Garment | ၇၀ ဦး | ဩဂုတ်လ |

မြန်မာနိုင်ငံအတွင်းရှိ CMP အထည်ချုပ်စက်ရုံလုပ်သားများ၏ လုပ်ခလစာမှာ အခြားလုပ်ငန်းတူနိုင်ငံများရှိ CMP အထည်ချုပ်လုပ်သားများ၏ လုပ်ခလစာနှင့် နှိုင်းယှဉ်ပါက လွန်စွာနည်းပါးနေသည်ကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်-

**ဇယား (၁)**
**နိုင်ငံတကာ အထည်ချုပ်လုပ်သားများ၏ လုပ်ခလစာများ**

| စဉ် | နိုင်ငံ | တစ်လ လုပ်ခ (US $ ) | မှတ်ချက် |
|---|---|---|---|
| ၁ | အမေရိကန် | ၁၈၆၄ | |
| ၂ | တောင်ကိုရီးယား | ၁၂၅၁ | |
| ၃ | တူရကီ | ၉၃၃ | |
| ၄ | ပနားမား | ၇၀၅ | |
| ၅ | ဟွန်ဒူးရပ်စ် | ၆၅၀ | |
| ၆ | ထိုင်း | ၆၃၂ | |
| ၇ | မလေးရှား | ၅၅၇ | |
| ၈ | ဂွာတီမာလာ | ၅၃၉ | |
| ၉ | အီဂျစ် | ၅၃၈ | |
| ၁၀ | ပီရူး | ၄၉၅ | |
| ၁၁ | အယ်လ်ဆာဗေဒို | ၄၁၃ | |
| ၁၂ | တူနီးရှား | ၄၀၄ | |
| ၁၃ | ဖိလစ်ပိုင် | ၃၇၂ | |
| ၁၄ | ပါကစ္စတန် | ၃၂၀ | |
| ၁၅ | တရုတ် | ၂၇၀ | |
| ၁၆ | အိန္ဒိယ | ၂၅၅ | |
| ၁၇ | ဗီယက်နမ် | ၂၄၈ | |
| ၁၈ | အင်ဒိုနီးရှား | ၂၃၁ | |
| ၁၉ | မက္ကဆီကို | ၂၀၇ | |
| ၂၀ | ဘင်္ဂလားဒေ့ရှ် | ၁၉၇ | |
| ၂၁ | သီရိလင်္ကာ | ၁၉၄ | |
| ၂၂ | မြန်မာ | ၁၄၆ | ခန့်မှန်းခြေ |




**CMP လုပ်ငန်းများ၏ လုပ်ခလစာ နည်းပါးစွာရရှိနေသည့် အကြောင်းရင်းများ**

ထိုကဲ့သို့ မြန်မာ CMP လုပ်ငန်းများ၏ လုပ်ခလစာ နည်းပါးစွာရရှိနေသည့် အကြောင်းရင်းကို လေ့လာရာ ပြည်ပမှ ကုန်ကြမ်းပေးပို့တင်သွင်းပြီး ချုပ်ထည်အပ်နှံသူများက CMP အထည်ချုပ်လုပ်ငန်း လက်ခံလုပ်ဆောင်သူများသို့ ပေးသည့်ချုပ်ခငွေသည် ပြည်တွင်းကုန်ဈေးနှုန်းများနှင့် ဆက်စပ်ခြင်းမရှိဘဲ နိုင်ငံတကာဈေးကွက်နှင့် စံထားခြင်းသာ ဖြစ်ပါသည်။ ပထဝီအနေအထားအရ မြန်မာနိုင်ငံသည် စင်ကာပူနိုင်ငံ ဆိပ်ကမ်းနှင့် မလေးရှားနိုင်ငံ ဆိပ်ကမ်းတို့မှတစ်ဆင့်ခံ၍ တင်သွင်း၊ တင်ပို့ခြင်း ဖြစ်သဖြင့် ကုန်အပ်နှံသူများသည် ယင်းခရီးစရိတ် ကုန်ကျငွေများကို နိုင်ငံတကာ ပျမ်းမျှချုပ်ခ ဈေးနှုန်းများမှ နုတ်ပြီး လက်ကျန်ငွေပေးသည့်အတွက် မြန်မာ CMP အထည်ချုပ်လုပ်ငန်းရှင်များ လက်ခံရရှိသော ချုပ်ခငွေမှာ အိမ်နီးချင်းနိုင်ငံများထက် အမြဲနည်းနေခြင်းဖြစ်သည်ဟု သိရပါသည်။ မြန်မာနိုင်ငံသို့ CMP လုပ်ငန်းများအတွက် ပိတ်စနှင့် ပစ္စည်းများ တင်ပို့မှုကုန်ကျစရိတ်၊ နိုင်ငံအတွင်း ထုပ်လုပ်မှုလုပ်ငန်းစဉ် အထောက်အကူပြုရုံးလုပ်ငန်းစရိတ်၊ နိုင်ငံအတွင်း သယ်ပို့ခြင်းနှင့် တင်ချစရိတ်၊ လျှပ်စစ်စွမ်းအားနှင့် လောင်စာဆီစရိတ် အပါအဝင် အခြားအထွေထွေကုန်ကျစရိတ်များသည် တရုတ်နိုင်ငံနှင့် ထိုင်း နိုင်ငံအပါအဝင် အခြားအိမ်နီးချင်း အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပိုမိုများပြားနေသဖြင့် မိမိနိုင်ငံသို့ FDI ရင်းနှီးမြှုပ်နှံမှုများ လာရောက်ရန် အဓိကအတားအဆီးဖြစ်နေသည်ကို ဂျပန်နိုင်ငံ Institute of Developing Economies ဌာနမှ သုတေသနပညာရှင် Mr. Toshihiro KUDO ရေးသားသည့် Location Advantages and Disadvantages in Myanmar: The Case of Garment Industry, May 2009 စာတမ်းတွင် တွေ့ရှိရပါသည်။

ထိုကဲ့သို့ လုပ်ခနည်းပါးစွာဖြင့် လုပ်ကိုင်နေရသည့် မြန်မာ CMP လုပ်ငန်းရှင်များသည် လုပ်ငန်းအပ်နှံသူများထံမှ အမှာစာရရှိမှု နည်းပါးခြင်းကြောင့် ရရှိသည့်လုပ်ခဖြင့်ပင် လက်ခံကြိုးပမ်းလုပ်ကိုင်နေကြရခြင်းဖြစ်သည်ဟု သိရှိရပါသည်။ အဓိကအားဖြင့် အောက်ပါ ဈေးကွက်နိုင်ငံများမှ ကုန်ကြမ်းပေးပို့လုပ်ငန်း အပ်နှံခြင်းများကြောင့် ရပ်တည်နေနိုင်ခြင်းဖြစ်သည်ဟု သိရှိရပါသည်-

**မြန်မာနိုင်ငံနှင့် အဓိက ဆက်သွယ်ဆောင်ရွက်နေသည့် ဈေးကွက်နိုင်ငံများ**

| နိုင်ငံ | ၂၀၁၅ ခုနှစ် | US ဒေါ်လာ |
|---|---|---|
| ဂျပန် | ၃၃% | ၅၈၂ သန်း |
| အီးယူ | ၂၅% | ၄၆၆ သန်း |
| ကိုရီးယား | ၂၅% | ၃၉၆ သန်း |
| အမေရိကန် | ၂. ၄% | ၄၁ သန်း |
| တရုတ် | ၂. ၄% | ၄၁ သန်း |
| **နိုင်ငံ** | **၂၀၁၆ ခုနှစ်** | **US ဒေါ်လာ** |
| အီးယူ | ၄၅% | ၉၅၀ သန်း |
| ဂျပန် | ၃၁% | ၆၅၂ သန်း |
| ကိုရီးယား | ၁၆% | ၃၄၄ သန်း |
| အမေရိကန် | ၂. ၄% | ၄၅ သန်း |
| တရုတ် | ၂. ၄% | ၄၅ သန်း |

Source: MGMA

စာမျက်နှာ ၈ သို့ ❖

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို**
**ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်း**
**(၂၀၁၈ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်           ။)**
**၁၃၈၀ ပြည့်နှစ်၊      လ      ရက်**
**(၂၀၁၈ ခုနှစ်၊      လ      ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၈ တွင်-

(က) ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဃ) ဝန်ထမ်းရေးရာကိစ္စရပ်များ၊ ဝန်ထမ်းများ၏ ဝန်ဆောင်မှုအပေါ် ပြည်သူများ၏ သဘောထားအမြင်တို့နှင့် စပ်လျဉ်း၍ စစ်တမ်းကောက်ယူ သုတေသနပြုလုပ်ခြင်း၊"

(ခ) ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(စ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက မေးမြန်းလာသည့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လေ့လာစိစစ်ပြီး တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်ကြားခြင်း၊"

(ဂ) ပုဒ်မခွဲ (ဆ)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(ဆ) ဝန်ထမ်းများအား အရေးယူခြင်းဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းခြင်း၊ နိုင်ငံတော်သမ္မတထံ တင်ပြခြင်း၊"

(ဃ) ပုဒ်မခွဲ (ဆ)၏ နောက်တွင် ပုဒ်မခွဲ (ဇ)မှ ပုဒ်မခွဲ (ည) အထိ အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဇ) ပြန်တမ်းဝင်အရာရှိတစ်ဦးဦးအား ဝန်ကြီးဌာနနှင့် ဝန်ထမ်းအဖွဲ့အစည်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့လိုသည့်ကိစ္စရပ်များအတွက် ညှိနှိုင်းလာမှုအပေါ် လိုအပ်သည့်စိစစ်မှုများပြုလုပ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြခြင်း၊

(ဈ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းဖွဲ့စည်းပုံရေးဆွဲတင်ပြခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ထောက်ခံအကြံပြု တင်ပြခြင်း၊

(ည) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများရှိ နိုင်ငံ့ဝန်ထမ်းရာထူးအုပ်စုများအလိုက် ကျွမ်းကျင်မှုမူဘောင်များနှင့် လုပ်ငန်းတာဝန်သတ်မှတ်ချက်များရေးဆွဲနိုင်ရေး အထောက်အကူပြုပံ့ပိုးကူညီဆောင်ရွက်ခြင်း၊"

(င) ပုဒ်မခွဲ (ဇ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဋ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၏ ဝန်ထမ်းရွေးချယ်ရေး၊ လေ့ကျင့်ပျိုးထောင်ရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စများနှင့်စပ်လျဉ်း၍ စိစစ်ညှိနှိုင်းဆောင်ရွက်ခြင်း၊"

(စ) ပုဒ်မခွဲ (ဈ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဌ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက မိမိတို့တာဝန်ယူအကောင်အထည်ဖော်ရသည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများအား ဖွဲ့စည်းခြင်း၊ လိုအပ်သောနယ်ဘက်ဝန်ထမ်းများအား ခန့်အပ်ခြင်းတို့ပြုရာတွင် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ လည်းကောင်း၊ ပြည်ထောင်စုအစိုးရနှင့် ကြိုတင်ညှိနှိုင်း၍ လည်းကောင်း ဖွဲ့စည်းခန့်အပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ခြင်း၊"

(ဆ) ပုဒ်မခွဲ (ည)နှင့် ပုဒ်မခွဲ(ဋ)တို့ကို ပုဒ်မခွဲ(ဍ)နှင့် ပုဒ်မခွဲ(ဎ) တို့အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေပုဒ်မ ၉ တွင်-

(က) ပုဒ်မ ၉ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"ဝန်ထမ်းများအားခန့်ထားရေးနှင့် ရာထူးအဆင့်တိုးမြှင့်ရေးတို့အတွက် ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ အဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-"

(ခ) ပုဒ်မခွဲ (ခ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ခ) အဖွဲ့ကသာရွေးချယ်ရန် သတ်မှတ်ထားသော ရာထူးအဆင့်မှအပ ကျန်ရာထူးအဆင့်ရှိ ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ရွေးချယ်ရန် သတ်မှတ်ခြင်း၊"

(ဂ) ပုဒ်မခွဲ (ဂ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဂ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ပုဒ်မခွဲ (ခ)အရ သတ်မှတ်ရာထူးအဆင့်များအတွက် ဝန်ထမ်းများကို ရွေးချယ်ရန် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးက အဖွဲ့ဖွဲ့စည်း၍ ရွေးချယ်ရန်လွှဲအပ်ခြင်း၊"

(ဃ) ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ပုဒ်မ ၈၊ ပုဒ်မခွဲ(ဋ)ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဌ)ပါ ဝန်ထမ်းများကို ခန့်အပ်လိုသည့်ကိစ္စများတွင် အဖွဲ့၏ညွှန်ကြားချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား ဆောင်ရွက်စေခြင်း၊"

(င) ပုဒ်မခွဲ (စ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများက ပြန်တမ်းဝင်အရာရှိအဆင့်သို့ တိုးမြှင့်ရေးနှင့်စပ်လျဉ်း၍ ထောက်ခံလာသောကိစ္စရပ်များကို နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများပါ ရာထူးတိုးမြှင့်ရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စိစစ်ဆောင်ရွက်ခြင်း။"

၄။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေပုဒ်မ ၁၀ တွင် -

(က) ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဃ) ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးက ယင်းတို့၏ ဝန်ထမ်းများအတွက် ဖွင့်လှစ်သင်ကြားသည့် ဌာနဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများနှင့်စပ်လျဉ်း၍ ချမှတ်ထားသည့် နိုင်ငံ့ဝန်ထမ်းလေ့ကျင့်ရေးမူဝါဒနှင့်အညီ ပေါင်းစပ်ညှိနှိုင်းခြင်း။"

(ခ) ပုဒ်မခွဲ (ဃ)၏ နောက်တွင် ပုဒ်မခွဲ (င)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(င) ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများနှင့် အဆင့်မြင့်အရာရှိကြီးများ၏ ရာထူးနေရာများသို့ စွမ်းဆောင်ရည်ရှိသူများကို ထိုက်တန်စွာ ရွေးချယ်ခန့်အပ် တာဝန်ပေးအပ်နိုင်ရေးအတွက် ဝန်ထမ်းအဆင့်အလိုက် ထိရောက်စွာ လေ့ကျင့်ပျိုးထောင်ပေးခြင်း။"

---

❖ စာမျက်နှာ ၇ မှ

အထက်ပါ တွေ့ရှိချက်အရ CMP လုပ်ငန်းအတွက် ကုန်ကြမ်းပေးပို့လုပ်ငန်းအပ်နှံပြီး ကုန်ချောပြန်လည်မှာယူသည့် ထိပ်တန်းနိုင်ငံ ငါးနိုင်ငံအနက် ၂၀၁၅ ခုနှစ်က ဂျပန်ဈေးကွက်မှာ အများဆုံးဖြစ်သော်လည်း ၂၀၁၆ ခုနှစ်တွင် EU ဈေးကွက်က ပိုမိုများပြားလာသည်ကို တွေ့ရှိရပါသည်။ ဘဏ္ဍာနှစ်အလိုက် CMP အထည်ချုပ်လုပ်ငန်းများ၏ ပြည်ပပို့ကုန်ငွေကြေးပမာဏမှာ အောက်ပါအတိုင်း တိုးတက်လာသည်ကိုလည်း တွေ့ရှိရပါသည်-

| စဉ် | ဘဏ္ဍာရေးနှစ် | ပို့ကုန်တန်ဖိုး (US $)သန်း |
|---|---|---|
| ၁ | ၂၀၁၅-၂၀၁၆ | ၈၅၀ |
| ၂ | ၂၀၁၆-၂၀၁၇ | ၂၀၀၀ |
| ၃ | ၂၀၁၇-၂၀၁၈ | ၂၅၀၀ |
| ၄ | ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ (၆ လ) | ၂၂၀၀ |

Source: MGMA

မှတ်ချက်။ CMP အထည်ချုပ်လုပ်ငန်း၏ သဘောသဘာဝအရ ကုန်ပစ္စည်းအမှာစာ ပေးပို့သည့် နိုင်ငံများမှ ပို့သောကုန်ကြမ်းပစ္စည်းများ၏ ငွေကြေးတန်ဖိုးသည် မိမိနိုင်ငံအတွင်းမှ ငွေပေးချေဝယ်ယူရခြင်း မဟုတ်သကဲ့သို့ အထက်ဖော်ပြပါ ပြည်ပပို့ကုန် ငွေကြေးပမာဏများမှာလည်း နိုင်ငံအတွင်းသို့ ဝင်ရောက်လာသည့် ငွေကြေးပမာဏ မဟုတ်ဘဲ မိမိနိုင်ငံအတွင်း အမှန်တကယ်ဝင်ရောက်လာသည့် ဝင်ငွေမှာ အထက်တွင်ဖော်ပြခဲ့သည့် အလွန်နည်းပါးလှသော ချုပ်ခသာဖြစ်ပါသည်။

ကိုရီးယား၊ ရှန်ဟိုင်း၊ ထိုင်ဝမ်နှင့် ဟောင်ကောင်တို့မှ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းပေးပို့ရာတွင် လုပ်ငန်းတူဖြစ်သော ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ပေးပို့ရသည်ထက် ပိုမိုကြာမြင့်နေခြင်းကြောင့် လုပ်ငန်းမအပ်နှံလိုသော်လည်း လုပ်ခသက်သာခြင်းကြောင့် အပ်နှံခြင်းဖြစ်သည်ဟု သိရပါသည်။ သို့ဖြစ်၍ မိမိနိုင်ငံသို့ ကုန်ပို့ရန် လာရောက်ရသော ခရီးအကွာအဝေးအရ ကြာမြင့်ချိန်မှာ အခြားလုပ်ငန်းတူလုပ်ကိုင်နေသော နိုင်ငံများသို့ ကုန်ပို့ရန် ကြာမြင့်ချိန်ထက် များစွာကြာမြင့်သည်ကို အောက်ပါဇယားတွင် တွေ့ရှိနိုင်ပါသည်-

| စဉ် | ပေးပို့သည့်တည်နေရာ | မြန်မာသို့ | ကမ္ဘောဒီးယားသို့ | ဗီယက်နမ်သို့ |
|---|---|---|---|---|
| ၁ | ကိုရီးယားမှ | ၁၇ | ၁၁ | ၉ |
| ၂ | ရှန်ဟိုင်းမှ | ၁၅ | ၉ | ၇ |
| ၃ | ထိုင်ဝမ်မှ | ၁၃ | ၇ | ၅ |
| ၄ | ဟောင်ကောင်မှ | ၁၂ | ၆ | ၄ |

ရှင်းလင်းချက်။ တရုတ်နိုင်ငံ၏ Belt and Road မူဝါဒကျင့်သုံးမှုအရ တရုတ်ပြည်မှ ကုန်ပစ္စည်းများကို နယ်စပ်မှ ကုန်းလမ်းခရီးဖြင့် တင်ပို့ပါက ခုနစ်ရက်မှ အများဆုံး ၁၀ ရက်အတွင်း တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်ပြီဟု သိရသဖြင့် အထက်ပါ အခက်အခဲမှာ မကြာမီ အဆင်ပြေတော့မည်ဟု မျှော်လင့်နိုင်ပါသည်။ ကုန်းလမ်းဖြင့် တင်ပို့ခြင်းသည် သင်္ဘောဖြင့် တင်ပို့ခထက်များသော်လည်း လေယာဉ်ဖြင့် တင်ပို့ခြင်းထက် များစွာစရိတ်သက်သာပါသည်။ မကြာမီက နှစ်နိုင်ငံလက်မှတ်ရေးထိုး သဘောတူခဲ့သော Economic Corridor အရ ရထားလမ်းဖြင့် ကုန်ပစ္စည်းများ တင်ပို့နိုင်ပြီဆိုပါက အထက်ပါအခက်အခဲကို ကျော်လွှားနိုင်ရန် သေချာပြီဖြစ်ပါသည်။

ကုန်ပစ္စည်းအမှာစာ အပ်နှံသူများသည် စတင်၍ ကုန်ကြမ်းပေးပို့မှာယူစဉ်က ကုန်ချောပစ္စည်းများကို ရက်ပေါင်း ၉၀ အတွင်း ရောက်ရှိမှသာ ယင်းနိုင်ငံရှိ CMP လုပ်ငန်းရှင်ထံသို့ ဆက်လက်မှာယူလေ့ရှိပါသည်။ ချုပ်လုပ်ပြီးကုန်ချောထည်များ စတင်မှာယူရန် L/C ဖွင့်သည့်အချိန်မှစတင်ပြီး လုပ်ငန်းစဉ်အဆင့်ဆင့်ကြာမြင့်ရက်အနေဖြင့် ကုန်ကြမ်းပိတ်စများနှင့် ဆက်စပ်ပစ္စည်းများမှာယူခြင်းနှင့် ထုတ်လုပ်ခြင်းအတွက် ရက် ၃၀ မှ ၄၅ ရက်မျှ အချိန်ကြာမြင့်တတ်ပါသည်။ အဆိုပါ ကုန်ကြမ်းများကို မိမိတို့နိုင်ငံသို့ ပေးပို့ရန် ခရီးအကွာအဝေးအလိုက် ၁၈ ရက်မှ ၂၄ ရက်အထိ အချိန်ကြာလေ့ရှိပါသည်။ ဆိပ်ကမ်းရောက်ရှိပြီး စာရင်းရှင်းလင်းထုတ်ယူရရှိသည်အထိ ၃ ရက်မှ ၇ ရက်အထိ အချိန်ပေးရပါသည်။ မိမိနိုင်ငံရောက်ရှိပြီး ပစ္စည်းထုတ်လုပ်ရန် ၁၄ ရက်မှ ၄၅ ရက်အထိ အချိန်ယူရပါသည်။ ထုတ်လုပ်ပြီး ပစ္စည်းများကို ဈေးကွက်နိုင်ငံသို့ ပြန်လည်တင်ပို့ရာတွင် ဥရောပသို့ ၂၆ ရက်မှ ရက် ၃၀၊ ဂျပန်နိုင်ငံသို့ ၁၈ ရက်မှ ၂၀ ရက်ကြာမြင့်မှ ရောက်ရှိပါသည်။ ဇယားတွင် ဥရောပဈေးကွက်နှင့် ဂျပန်ဈေးကွက်သို့ ပစ္စည်းမှာယူစဉ်မှစ၍တင်ပို့ပြီးစီးသည်အထိ ကြာမြင့်လေ့ရှိသည့် အနည်းဆုံးရက်နှင့် အများဆုံးရက်တို့ကို တွေ့ရှိနိုင်ပါသည်-

**ဇယား(၂)**
**အမှာစာအပ်နှံသူများ ကုန်ကြမ်းစတင်မှာယူစဉ်မှ ကုန်ချောရောက်ရှိသည်အထိ ကြာမြင့်ချိန်**

| စဉ် | လုပ်ငန်းစဉ် | ဥရောပဈေးကွက်သို့ | | ဂျပန်ဈေးကွက်သို့ | |
|---|---|---|---|---|---|
| | | ရက်မှ | ရက်ထိ | ရက်မှ | ရက်ထိ |
| ၁ | ကုန်ကြမ်းမှာယူထုတ်လုပ်ချိန် | ၃၀ | ၄၅ | ၃၀ | ၄၅ |
| ၂ | မိမိနိုင်ငံသို့ တင်ပို့ရန် ခရီးအကွာအဝေးအလိုက်ကြာချိန် | ၁၈ | ၂၄ | ၁၈ | ၂၄ |
| ၃ | မိမိနိုင်ငံဆိပ်ကမ်းတွင် ကုန်ပစ္စည်းထုတ်ယူရန်ကြာချိန် | ၃ | ၇ | ၃ | ၇ |
| ၄ | မိမိနိုင်ငံ၌ ကုန်ချောအဖြစ် ထုတ်လုပ်ရန်ရရှိချိန် | ၁၄ | ၄၅ | ၁၄ | ၄၅ |
| ၅ | ဈေးကွက်နိုင်ငံသို့ ပြန်လည်တင်ပို့ရန် ခရီးအလိုက်ကြာချိန် | ၂၆ | ၃၀ | ၁၈ | ၂၀ |
| | စုစုပေါင်း | ၉၁ | ၁၅၁ | ၈၃ | ၁၄၂ |

အထက်ပါ ဇယားအရ ကုန်ပစ္စည်းမှာယူထုတ်လုပ်ချိန်၊ မိမိနိုင်ငံသို့ တင်ပို့ရန် ခရီးအကွာအဝေးအလိုက်ကြာချိန်၊ ဈေးကွက်နိုင်ငံသို့ ပြန်လည်တင်ပို့ရန် ခရီးအကွာအဝေးအလိုက်ကြာချိန်တို့သည် မိမိတို့ဖန်တီးနိုင်သည့် ကိစ္စရပ်များမဟုတ်သဖြင့် မိမိနိုင်ငံအတွင်း၌ ဆိပ်ကမ်းကုန်ပစ္စည်းထုတ်ယူရာတွင် မကြာမြင့်စေရေး၊ စက်ရုံ၌ ကုန်ချောအဖြစ် ထုတ်လုပ်ရာတွင် မကြာမြင့်စေရေးကို ဦးစားပေးကြိုးပမ်းရန် အဓိကလုပ်ဆောင်ရမည် ဖြစ်ပါသည်။ အကယ်၍ ဆိပ်ကမ်းကုန်ပစ္စည်း ထုတ်ယူရန်ကြာမြင့်သည်နှင့်အမျှ စက်ရုံတွင် ကုန်ချောအဖြစ် ထုတ်လုပ်ရန် အချိန်လျော့နည်းသွားနိုင်ပါသည်။ ထိုကဲ့သို့ ထုတ်လုပ်ချိန် လျော့နည်းလာပါက အလုပ်သမားများအပေါ် အချိန်ပိုခိုင်းစေရခြင်း၊ စနေ၊ တနင်္ဂနွေ မရပ်မနားခိုင်းစေရခြင်းစသည့် လုပ်ငန်းခွင် ဆက်ဆံရေးဆိုင်ရာ ပြဿနာများကြုံတွေ့ရနိုင်ပါသည်။ ထို့အပြင် အလျင်အမြန် ဆောင်ရွက်ရသည့်အတွက် ထုတ်လုပ်မှုအရည်အသွေး ကျဆင်းခြင်းကြောင့် ကုန်ပစ္စည်းမှာယူသူ၏ အထင်အမြင်သေးခြင်း၊ နောက်ထပ်မှာယူလိုစိတ် မရှိတော့ခြင်းများအပြင် ကျေနပ်မှုမရှိသောပစ္စည်းများအား လက်ခံခြင်းမရှိဘဲ ပြန်လည်တင်ပို့ခြင်းများကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ အရှုံးပေါ်၍ လုပ်ငန်းပိတ်သိမ်းရခြင်းဖြစ်ပါသည်။

**မှတ်ချက်။ ။ CMP : ပြည်ပမှပေးပို့သော ကုန်ကြမ်းများကို ပြည်တွင်းသို့ တင်သွင်းပြီး အလုပ်သမားအမြောက်အမြားဖြင့် ကုန်ချောထုတ်လုပ်ကာ ကုန်ကြမ်းတင်သွင်းသူ(End User)ထံ ပြန်လည်ပေးပို့ပြီး လုပ်ခကိုသာ ရယူသော လုပ်ငန်းများ ဖြစ်ပါသည်။**

**FDI : Foreign Direct Investment**

**L/C : Letter of Credit**

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ





**ရန်ကုန်  နိုဝင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့တွင် ရန်ကုန်မြို့၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(A)၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများနှင့် တွေ့ဆုံသည်။**(ယာပုံ)**

**အကြံပြုတင်ပြ**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက လက်ရှိသတင်းထုတ်လွှင့်တင်ဆက်နေမှု၊ အစီအစဉ်သစ်များ တိုးချဲ့ရိုက်ကူးနိုင်မည့် အခြေအနေများကို အကြံပြုတင်ပြကြကာ ဝန်ထမ်းအင်အားလိုအပ်မှု၊ လုပ်ငန်းလိုအပ်ချက်များ၊ ဝန်ထမ်းမိသားစုများ၏ လိုအပ်ချက်များကိုတင်ပြကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ စုပေါင်းခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများက စွယ်စုံကျမ်း ပြန်လည်ထုတ်ဝေရာတွင် လိုအပ်သည့် အချက်အလက်များကိစ္စ၊ ဝန်ထမ်းသက်သာချောင်ချိရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ တင်ပြကြရာ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။

**ဝန်ထမ်းများ အရည်အသွေးတိုးတက်ရေး အရေးကြီး**

ဝန်ထမ်းများနှင့် တွေ့ဆုံပွဲများတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝန်ထမ်းများ အရည်အသွေးတိုးတက်ရေးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရှင်သန်မှုကို အဆုံးအဖြတ်ပေးသည့်အတွက် အရေးကြီးပါကြောင်း။

ကမ္ဘာတွင် သိပ္ပံနှင့် နည်းပညာသည် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေပြီး အထူးသဖြင့် မိမိတို့နှင့် တိုက်ရိုက်သက်ဆိုင်သည့် သတင်းအချက်အလက်နှင့် နည်းပညာသည် အချိန်နှင့်အမျှ ပြောင်းလဲတိုးတက်နေသည့်အတွက် လူတိုင်း လူတိုင်းသည် စဉ်ဆက်မပြတ် လေ့လာနေရန် လိုအပ်ပါကြောင်း၊ သတင်းအချက်အလက်များနှင့် အလုပ်လုပ်ကိုင်နေသူများသည် ပြောင်းလဲနေသည့်အနေအထားနှင့်အညီ လိုက်ပါပြီး မိမိတို့အရည်အချင်းကို ဖြည့်တင်းနေရန်လိုအပ်ပါကြောင်း၊ ဝန်ထမ်းများ၏ တစ်ဦးချင်း အရည်အသွေးတိုးတက်မြင့်မားရေးသည် တစ်ဦးချင်း၏ အကျိုးစီးပွားဖြစ်ပါကြောင်း၊ မိမိတို့ လုပ်ကိုင်ဆောင်ရွက်နေရသည့် ပတ်ဝန်းကျင်တွင် မိမိတို့၏ အရည်အသွေးကို တိုးတက်အောင် ဆောင်ရွက်စေလိုပါကြောင်း။

**ပိုမိုကောင်းမွန်အောင်ဆောင်ရွက်**

ဌာနများ အရည်အသွေးတိုးမြှင့်ရေးအတွက် စဉ်းစားသည့်အခါ နှစ်ခုစဉ်းစား၍ရပါကြောင်း၊ တစ်ခုမှာ ပုံမှန်လုပ်နေသည့် လုပ်ရိုးလုပ်စဉ်အလုပ်များကို ချို့ယွင်းချက်၊ အားနည်းချက်မရှိအောင် အနည်းဆုံးဖြစ်အောင်(သို့မဟုတ်) စိတ်တိုင်းအကျဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊ နောက်တစ်ခုမှာ တီထွင်ဆန်းသစ်ပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းတို့ ဖြစ်ပါကြောင်း၊ သို့မှသာ လုပ်ငန်းများတိုးတက်လာမည်ဖြစ်ပါကြောင်း။

ဌာနအသီးသီးတွင် ဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များသည် မိမိတို့ကဏ္ဍတွင် ပိုမိုကောင်းမွန်အောင် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ဌာနတိုးတက်လာမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် မိမိတို့၏ အရည်အသွေး တိုးတက်သွားမည်ဖြစ်သည့်အတွက် တစ်ဦးချင်းအတွက် အခွင့်အလမ်းများသည် ဌာနအတွင်းတွင်ဖြစ်စေ၊ နောင် ပြောင်းလဲလာမည့်အနေအထားတွင်ဖြစ်စေ ရှင်သန်ရပ်တည်ရန် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက လက်ရှိလုပ်ဆောင်နေသည့် လုပ်ငန်းများကို အမှားအယွင်းကင်းစင်အောင်၊ ချောမွေ့စွာဆောင်ရွက်နိုင်ပါက အောင်မြင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်သတင်းစာတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနေဖြင့် သတင်းအချက်အလက် မှန်ကန်ရေး၊ သတင်းစာထွက်ချိန် ပုံမှန်ဖြစ်စေရေးနှင့် အများစိတ်ဝင်စားသည့် ပိုမိုကောင်းမွန်သော သတင်း၊ ဆောင်းပါး၊ ဓာတ်ပုံများကို ဖော်ပြနိုင်ရန် လိုအပ်ပါကြောင်း။

စာပေဗိမာန်သည် စာပေဆုများ၊ အမျိုးသားစာပေဆုများ၊ စာအုပ်ဈေးရောင်းပွဲများ၊ စာကြည့်တိုက်များဖြင့် ပုံမှန်လည်ပတ်နေသည့် အလုပ်များဖြစ်သောကြောင့် အဆိုပါအလုပ်များကို ပိုမိုကောင်းမွန်အောင်၊ စိတ်ဝင်စားအောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ စာပေဗိမာန်သည် အစဉ်အဆက် အမွေရထားသည့် ယုံကြည်မှုများစွာရှိပါကြောင်း၊ ယခုအခါ မြန်မာဂန္ထဝင်အတွဲ ၁၀၀ စာစဉ် ထုတ်ဝေနိုင်ရေး ဆောင်ရွက်နေပြီး မြန်မာ့စွယ်စုံကျမ်းထွက်ရှိနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆက်လက်ကျင်းပသွားရန်**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်နေသည့် ကလေးစာပေပွဲတော်များကို အနယ်နယ်အရပ်ရပ်တွင် ဆောင်ရွက်သည့်အခါ စိတ်ဝင်စားသူများ ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ မြစ်ကြီးနားနှင့် လွိုင်ကော်အပါအဝင် အခြားသော ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့ကြီးများတွင်လည်း ဆက်လက်ကျင်းပသွားရန် ရှိပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ကျင်းပမည့် ကလေးစာပေပွဲတော်ကို ထူးထူးခြားခြားဖြစ်အောင် ဆောင်ရွက်ရန် ပြင်ဆင်ထားပါကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိတို့၏အလုပ်များကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရင်းဖြင့် ဌာနများသည် တန်ဖိုးရှိသည့်ဌာန၊ အများ အသိအမှတ်ပြုခံရသည့် ဌာနများ၊ ကိုယ်တိုင်လည်း ကိုယ့်အလုပ်အပေါ် ကျေနပ်ဂုဏ်ယူနိုင်သည့် ဌာနဖြစ်မည်ဟု မြင်ပါကြောင်း၊ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရင်း ဌာနမှဝန်ထမ်းတစ်ဦးချင်း အရည်အသွေး တိုးတက်လာမည်ဟု မြင်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိဆောင်ရွက်သည့် လုပ်ငန်း၊ ဌာနဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကူး၊ စိတ်သန်းကောင်းများဖြင့် ဆက်လက်ဆောင်ရွက်သွားကြစေလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**




# ကမ္ဘောဒီးယားနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

**ရန်ကုန်  နိုဝင်ဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံ၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနှင့် တပ်မတော်နေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ Melia Hotel ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်တင်နှင့် ဇနီး ဒေါ်လွင်လွင်မှန်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံသီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Sok Chea နှင့် ပြည်ထောင်စုဝန်ကြီးဦးကျော်တင်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။**(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က (၆၅)နှစ်မြောက် လွတ်လပ်ရေးနှင့် တပ်မတော်နေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် ဧည့်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သက်ပုံနှင့် ဇနီး၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

# အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက နိုဝင်ဘာ ၁၇ ရက်တွင် ဖျော်ဖြေပွဲများဖြင့် တင်ဆက်ဖျော်ဖြေမည်

**နေပြည်တော်  နိုဝင်ဘာ ၉**

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပကတိအချိုးအစားကိုရယူ၍ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စေတီပုထိုးများ၊ အထိမ်းအမှတ်အဆောက်အဦများ၊ ရေမြေတောတောင် သဘာဝများ၊ တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာနေအိမ်များ၊ ဓလေ့ထုံးစံ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာ အစားအစာများဖြင့် စိတ်ဝင်စားဖွယ်ဖြစ်စေရန် တည်ဆောက်ပြသထားလျက်ရှိသည်။

အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)သို့ လာရောက်ကြည့်ရှုလေ့လာကြမည့် အများပြည်သူများ ကြည်နူးပျော်ရွှင်စွာ အပန်းဖြေစေနိုင်ရန်အတွက် နိုဝင်ဘာ ၁၇ ရက်(စနေနေ့) နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ယိမ်းအကများ၊ တေးသံသာများ၊ မျက်လှည့်အစီအစဉ်များ၊ ပဒေသာယိမ်းအကများ၊ အငြိမ့်အစီအစဉ်နှင့် ဟာသတစ်ခန်းရပ်များဖြင့် ဖျော်ဖြေတင်ဆက်မည်ဖြစ်ပါသဖြင့် မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



# (၁၈)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ ပညာရှင်အဖွဲ့ဆုနှင့် အကောင်းဆုံးသုတေသနစာတမ်းရှင်ဆုချီးမြှင့်ပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၉**

(၁၈)ကြိမ်မြောက် သုတေသနစာတမ်းဖတ်ပွဲ ပညာရှင်အဖွဲ့ဆုနှင့် အကောင်းဆုံး သုတေသနစာတမ်းရှင်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပါရဂူဘွဲ့ရကျမ်းများ၊ သုတေသနစာတမ်းများကို ဘာသာရပ်နယ်ပယ်စုံ အရေအတွက် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာပြီး ဖတ်ကြားပြီးသည့် အရည်အသွေးမီ စာတမ်းများကို International Standard Serial Number(ISSN)ရရှိပြီးဖြစ်သည့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံသုတေသနဂျာနယ်တွင် ထည့်သွင်းဖော်ပြပေးလျက်ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးမှုနှင့် နိုင်ငံ၏ ဖွံ့ဖြိုးမှုကို အထောက်အကူပြုသည့် အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ ထို့ပြင် ICT အားပြုသည့် အသုံးချသုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် အင်္ဂလိပ်စာအရည်အသွေးများကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် ကျောင်းအသီးသီးရှိ သုတေသီများအနေဖြင့် ပိုမိုအားထုတ်လေ့လာသင်ယူဆောင်ရွက်ကြခြင်းဖြင့် အရည်အသွေးပြည့်မီသည့် သုတေသနစာတမ်းများ ပိုမိုရေးသားနိုင်ရေး အရည်အသွေးရှိသော ဘွဲ့ရလူငယ် မောင်မယ်များ ပြုစုပျိုးထောင်သင်ကြားသင်ယူလေ့ကျင့်ပေးနိုင်ရေးတို့အတွက် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ သက်လွင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမျိုးကြွယ်၊ သံအမတ်ကြီး(ငြိမ်း) ဒေါက်တာ ဦးလှမောင်နှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသက်လွင်တို့က မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ဆု ရရှိကြသူများအား ဆုများပေးအပ်ကြသည်။

ထို့နောက် အကောင်းဆုံးသုတေသနစာတမ်းရှင်ဆုရရှိကြသူများအား မြန်မာစာအဖွဲ့ဝင်နှင့် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင် အမှုဆောင်အဖွဲ့ ဂုဏ်ထူးဆောင်နာယက ဆရာကြီး ဒေါက်တာဦးသန်းဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ဆု ရရှိကြသူများ ကိုယ်စား ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ဘူမိဗေဒဌာန ကထိက ဒေါက်တာ ကျော်လင်းဇော်နှင့် ၂၀၁၈ ခုနှစ်အတွက် အကောင်းဆုံးသုတေသနစာတမ်းရှင်ဆု ရရှိကြသူများကိုယ်စား ရန်ကုန်ပညာရေးတက္ကသိုလ် ပညာရေးသဘောတရားဌာန လက်ထောက်ကထိက ဒေါက်တာနုနုထွေးက ကျေးဇူးတင်စကားပြောကြားကြသည်။

**သတင်းစဉ်**

# သူနာပြုသင်တန်းကျောင်း(နေပြည်တော်)၏ ပထမအကြိမ် သူနာပြုသားဖွားဒီပလိုမာအောင်လက်မှတ် အပ်နှင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၉**

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန သူနာပြုသင်တန်းကျောင်း (နေပြည်တော်)၏ ပထမအကြိမ် သူနာပြုသားဖွား ဒီပလိုမာ အောင်လက်မှတ်အပ်နှင်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက် အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ယနေ့ ကျင်းပသည့် အခမ်းအနားသည် မြန်မာနိုင်ငံ၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများတွင် အလွန်အရေးပါပြီး ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့၍ အခြေခံကျသည့် ကျန်းမာရေး စောင့်ရှောက်မှုများကို တာဝန်ယူဆောင်ရွက်ကြမည့် သူနာပြုဆရာ ဆရာမ လောင်းလျာများအား သူနာပြုသားဖွား ဒီပလိုမာ အောင်လက်မှတ် ပေးအပ်ပွဲဖြစ်၍ ဂုဏ်ယူဖွယ် အခမ်းအနားတစ်ခုဖြစ်ပါကြောင်း။

ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ရာတွင် သူနာပြုနှင့် သားဖွားများသည် အခြားကျန်းမာရေးဝန်ထမ်းများ အားလုံးနှင့် တန်းတူ အရေးကြီးသဖြင့် ဝန်ကြီးဌာန အနေဖြင့် သူနာပြုနှင့်သားဖွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ ရာထူးအခွင့်အလမ်း တိုးတက်ရေးတို့ကို အလေးပေး ဆောင်ရွက်လျက်ရှိပြီး ပုံမှန် သူနာပြုသိပ္ပံဘွဲ့နှင့် ပေါင်းကူးသူနာပြုသိပ္ပံဘွဲ့ တို့အပြင် ဝန်ထမ်းသူနာပြုများအတွက် သူနာပြုတက္ကသိုလ်၌ အချိန်ပိုင်း Off-Campus Program နှင့် အချိန်ပြည့် On-Campus Program တက်ရောက်ခြင်းဖြင့် သူနာပြုသိပ္ပံဘွဲ့ ကိုရရှိရန် ယခုနှစ်မှစတင်၍ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါကြောင်း။

အထူးပြုသူနာပြုဒီပလိုမာ ကိုးလသင်တန်း၊ သူနာပြုသိပ္ပံ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ သင်တန်းများကိုလည်း သင်ကြားပေးလျက်ရှိပါကြောင်း၊ ယခု အောင်လက်မှတ်ရရှိသူ သူနာပြုများ အနေဖြင့် မိမိကိုယ်တိုင်နှင့် သူနာပြုလောကကြီးတစ်ခုလုံး ပိုမိုတိုးတက်စေရန် ရည်မှန်းချက်များချမှတ်ဆောင်ရွက်ရမည်ဖြစ်ပြီး သူနာပြုသိပ္ပံ၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့များရရှိရန်အထိ ဆက်လက်ကြိုးပမ်းကြစေလိုကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သူနာပြုများကို နိုင်ငံတကာသင်တန်းများ တက်ရောက်နိုင်ရန် ဆက်လက်တိုးမြှင့်စေလွှတ်လျက်ရှိသဖြင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု တိုးတက်စေရန်နှင့် အခြေခံကွန်ပျူတာနည်းပညာ တတ်ကျွမ်းစေရန်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိတွင် ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များမှ သူနာပြုပါရဂူဘွဲ့ရရှိသူ နှစ်ဦးနှင့် တက်ရောက်နေသူ ရှစ်ဦး၊ သူနာပြုမဟာဘွဲ့ရရှိသူ ၁၈ ဦးနှင့် တက်ရောက်နေသူ ငါးဦး ရှိပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် သူနာပြု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတစ်ဝန်းရှိ သူနာပြုသင်တန်းကျောင်းများတွင် ယခင်နှစ်များက နှစ်စဉ်သင်တန်းသား ၁၈၀၀ ခေါ်ယူရာမှ ယခုနှစ်မှစတင်၍ သင်တန်းသားဦးရေ ၃၆၉၀ အထိ တိုးမြှင့်ခေါ်ယူ သင်ကြားလေ့ကျင့်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် သူနာပြုတက္ကသိုလ်(ရန်ကုန်)နှင့် သူနာပြုတက္ကသိုလ်(မန္တလေး)တို့တွင်လည်း ယခုနှစ်မှစတင်၍ သင်တန်းသားသင်တန်းသူ ၂၅၀ စီအထိ တိုးမြှင့်ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သူနာပြုသင်တန်းကျောင်း (နေပြည်တော်) ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းလင်းက သင်တန်းကျောင်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့ဆက် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

သူနာပြု သင်တန်းကျောင်း (နေပြည်တော်)ကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့ အောင်လက်မှတ်ရရှိခဲ့သည့် သူနာပြု ၆၈ ဦးသည် ပထမဆုံးအကြိမ် အောင်မြင်ခဲ့သူများဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ တေးဂီတပညာရှင်များ ဖျော်ဖြေပွဲကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စိန့်ပီတာစဘတ်ဂီတအိမ်တို့ပူးပေါင်း၍ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စန္ဒရားဂီတ ပညာရှင် အဲလက်စေး ကူဇညဲစော့ဗ်နှင့် ဆိုက်ဆိုဖုန်း ပညာရှင် ရော်မန် မာရ်ကီလော့ဗ်တို့၏ တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီခွဲတွင် ပြုလုပ်သွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




# လူငယ်တို့၏ ရုပ်ရှင်အတွေးအမြင်ဆွေးနွေးပွဲနှင့် ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

လူငယ်တို့၏ ရုပ်ရှင်အတွေးအမြင်ဆွေးနွေးပွဲနှင့် ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက်တွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၅၀ ရွှေတောင်ကြားလမ်း ရုပ်ရှင်အနုပညာရပ်ဝန်းရှိ "ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ"၌ ကျင်းပမည်ဖြစ်သည်။

လူငယ်တို့၏ ရုပ်ရှင်အတွေးအမြင်ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ၌ ကျင်းပမည်ဖြစ်ရာ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာစီမံခန့်ခွဲရေးအဖွဲ့ဝင် ဦးသိဒ္ဓိက Moderator အဖြစ်ဆောင်ရွက်ပြီး လူငယ်မျိုးဆက်သစ်များဖြစ်ကြသော မမိုးမြတ်မေဇာခြည် (NYFA, New York Film Academy)၊ မောင်အောင်ဖြိုး (Whistling Woods International Film, Media and Art Institute, Mumbai)၊ မောင်ပညာဇေယျ(FAMU Film and TV School of the Academy of Performing Art, Prague)တို့က ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

ထို့နောက် မွန်းလွဲ ၁ နာရီတွင် ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ရာ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့ဝင် ဦးသိဒ္ဓိက Moderator အဖြစ်ဆောင်ရွက်ပြီး Animator များဖြစ်ကြသော ဦးဝဏ္ဏစိုး(@ Edo Vader, Korea National University of Arts)၊ ဦးရဲဝင်း (Founder of Tagaung Animation)၊ ဦးနိုဗယ်လ်အောင် (Art Director, Co-founder of Pencell Studio)၊ ဒေါ်ဖူးထိုက် (Animator)တို့က ဦးဆောင်ဆွေးနွေးကြမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲများကို မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတကာမှ ရုပ်ရှင်အတွေ့အကြုံများ၊ လူငယ်များ၏ ရုပ်ရှင်အတွေးအမြင်များကို သိရှိစေရန်နှင့် ကလေးများအတွက် မြန်မာ Animation ရုပ်ရှင်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ စီမံခန့်ခွဲရေးအဖွဲ့တို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစီအစဉ်သို့ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံဘုရင်မင်းမြတ်၏ ကထိန်အလှူတော်မင်္ဂလာအခမ်းအနားနှင့် မြန်မာ-ထိုင်း ချစ်ကြည်ရေးကျောင်းဆောင် လွှဲပြောင်းအပ်နှံခြင်းအခမ်းအနား လောင်းလုံးမြို့၌ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၉**

ထိုင်းနိုင်ငံဘုရင်မင်းမြတ် မဟာဗာဂျီရာလောင်ကွန်း ဘိုဒင်ဒရာထေ့ဖရဝရန်ကွန်၏ ကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် မြို့ဟောင်းရွာရှိ သမိုင်းဝင်ရှင်ဇလွန်ဘုရား၌ ကျင်းပသည်။

ကထိန်အလှူတော် မင်္ဂလာအခမ်းအနားတွင် ရှင်ဇလွန်ဘုရားကြီးကျောင်းတိုက် ပဓာန နာယကဆရာတော်ထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ကျောင်းတိုက်ပဓာနနာယက ဆရာတော်နှင့် သံဃာတော် အရှင်သူမြတ်များထံ ထိုင်း-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထိုင်းဘုရင့် ကထိန်သင်္ကန်းတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ကျောင်းတိုက်ပဓာနနာယက ဆရာတော်ထံ ထိုင်းနိုင်ငံသံရုံး ယာယီတာဝန်ခံက ထိုင်းဘုရင်မင်းမြတ်နှင့် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ အလှူတော် ငွေကျပ် ၆၅၇၅၁၅၁၀ ကို ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် မြို့ဟောင်းရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) မြန်မာ-ထိုင်း ချစ်ကြည်ရေးကျောင်းဆောင်ဖွင့်လှစ်ခြင်းနှင့် လွှဲပြောင်းအပ်နှံခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ ဦးအောင်မိုးက ကျောင်းဆောင်သစ် လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သာသနဓဇဓမ္မစာရိယ ပြည်တွင်း၊ ပြည်ပနယ်လှည့်သာသနာပြု ဓမ္မကထိက ရှင်ဇလွန်ဆရာတော်ပဓာနနာယက ဘဒ္ဒန္တ အရှင်ဦးဝိစိတ္တသာရ၊ ထိုင်း -မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ သံအမတ်ကြီး(ငြိမ်း) မစ္စတာဘန်ဒစ်ဆိုထစ်ပါလာလစ်နှင့် တိုင်းဒေသကြီး လူမှုရေးနှင့်စည်ပင်သာယာရေးဝန်ကြီး ဦးဟိုပင်တို့က မြန်မာ -ထိုင်း ချစ်ကြည်ရေးကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရှင်ဇလွန်ဆရာတော်က ကျောင်းဆောင်သစ်အား တိုင်းဒေသကြီးပညာရေးမှူးထံ လွှဲပြောင်းပေးအပ်ပြီး ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုကြသည်။

**ခရိုင်(ပြန်/ဆက်)**



# ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် IOM တို့ ပူးပေါင်းပြီး စစ်တွေမြို့ သံဃရာဇာဘုန်းတော်ကြီးကျောင်းတိုက်သို့ ဆန်အိတ် ၂၀၀ လှူဒါန်း

**စစ်တွေ နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့ ပူးပေါင်းပြီး ယနေ့ နံနက် ၁၀ နာရီတွင် စစ်တွေမြို့ သံဃရာဇာဘုန်းတော်ကြီး ကျောင်းတိုက်၌ နေထိုင် ပညာသင်ကြားနေကြသော ရင်ခွင်ရိပ် အခမဲ့ပရဟိတ ပညာသင်ကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် ဆန်အိတ် ၂၀၀ လှူဒါန်းကြသည်။

အဆိုပါ ဆန်အိတ် ၂၀၀ ကို သံဃရာဇာဘုန်းတော်ကြီးကျောင်းတိုက်တွင် IOM အဖွဲ့မှ Programme Manager Mr. Konrad Peterclos က ပေးအပ်လှူဒါန်းရာ တာဝန်ခံ



ဆရာမနှင့်ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ထို့နောက် စစ်တွေခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းကိုက ဘုန်းတော်ကြီး ကျောင်းတိုက်ကိုယ်စား IOM အဖွဲ့သို့ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

သံဃရာဇာဘုန်းတော်ကြီးကျောင်းတွင် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အသီးသီးမှ ပညာသင်ကြားရန် ခိုလှုံရောက်ရှိလာကြသော ကျောင်းသားကျောင်းသူ ၁၅၀ တို့၏ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့် IOM တို့ ပူးပေါင်းပြီး ယခုလိုလှူဒါန်းရခြင်းဖြစ်ကြောင်း IOM အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ပျဉ်းမနားမြို့ တောင်သာအုပ်စု၌ ကတ္တရာလမ်းများ အဆင့်တိုးမြှင့်ဖွင့်လှစ်

**ပျဉ်းမနား နိုဝင်ဘာ ၉**

နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ တောင်သာအုပ်စု၌ နေပြည်တော်ကောင်စီ ရန်ပုံငွေဖြင့် မြေသားလမ်းမှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လဘတ်ဂျက် ၅၄ ဒသမ ၁၆ သန်းဖြင့် ခင်းကျင်းသည့် တောင်သာအုပ်စု လေသာ-မြောက်လွတ်ကုန်းလမ်း အရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ ပေနှင့် စပါယ်ဖြူလမ်း အရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ ဖွင့်ပွဲအခမ်းအနားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိုက်ဝေဖြိုး၊ ပျဉ်းမနားမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းမင်းအောင်နှင့် တောင်သာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၊ လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ ဒေသခံများ တက်ရောက်ခဲ့ပြီး လမ်းသစ်အား လေသာကျောင်းတိုက်ဆရာတော်၊ ဇမ္ဗူအေးဆရာတော်၊ ကုန်းသစ်ဆရာတော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**ကိုကိုရှုပ(နေပြည်တော်)**

# 2018 Myanmar International Textile Expo ပြပွဲ ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၉**

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန်ရည်ရွယ်ပြီး တရုတ်နိုင်ငံမှ စက်ရုံပေါင်း ၁၅၀ ကျော်နှင့် ပိတ်စမျိုးစုံ အမျိုးပေါင်းတစ်သိန်းကျော် ပါဝင်ပြသမည့် 2018 Myanmar International Textile Expo ပြပွဲကို ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၈ ရက်က ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။

ပြပွဲကျင်းပရခြင်းနှင့်စပ်လျဉ်းပြီး Creation Strength Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးစိုးလှိုင်က "အထည်ချုပ်လုပ်ငန်းမှာ တရုတ်နိုင်ငံကနေ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံကြမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်းတွေရလာမယ်။ မြန်မာနိုင်ငံကနေ အထည်ချုပ်ပြီး နိုင်ငံခြားသို့ ပြန်တင်ပို့မယ်ဆိုရင် နိုင်ငံခြားဝင်ငွေတွေရရှိလာမယ်။ ဒီရည်ရွယ်ချက်နဲ့ ပြပွဲပြုလုပ်ရတာပါ" ဟု ပြောသည်။

**တစ်နေရာတည်းမှာ လေ့လာကြည့်ရှုနိုင်**

ထပ်မံ၍ ၎င်းက "မြန်မာနိုင်ငံမှာလည်း ကိုယ့်လူမျိုးတွေပိုင်တဲ့ အထည်ချုပ်စက်ရုံတွေရှိတယ်။ နိုင်ငံခြားကိုသွားပြီး ပိတ်စတွေ၊ ကုန်ကြမ်းတွေ သွားဝယ်နေရတယ်။ ဘာသာစကားအခက်အခဲတွေ၊ အဆင်မပြေမှုတွေ ကြုံတွေ့ရတယ်။ သွားလေ့လာရင်လည်း ကုမ္ပဏီနည်းနည်းလေးပဲ လေ့လာခွင့်ရတယ်။ စက်ရုံပေါင်း ၁၅၀ ကျော်ကနေ တစ်နေရာတည်းမှာ ပြသမှာဖြစ်တဲ့အတွက် တရုတ်ပြည်ကို သွားစရာမလိုဘဲ တစ်နေရာတည်းမှာ လေ့လာကြည့်ရှုခွင့်ရနိုင်တယ်။ အဆက်အသွယ်တွေလည်း ရသွားမယ်"ဟု ပြောသည်။

တရုတ်အထည်အလိပ်လုပ်ငန်းရှင်များ မြန်မာနိုင်ငံတွင် ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရန် မြန်မာအထည်အလိပ်လုပ်ငန်းကို CMP မှ FOB ပြောင်းလဲနိုင်ရန်အတွက် ရည်ရွယ်ကျင်းပသည့် အဆိုပါကုန်စည်ပြပွဲကို ရန်ကုန်မြို့ Myanmar Convention Center တွင် ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံမှ နောက်ဆုံးပေါ် ပိတ်စထုတ်သည့် စက်ရုံများလည်း ပါဝင်ပြသမည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်(MNA)**



# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်နှင့် ရေပိုင် လှည့်ကင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၉**

မောင်တောမြို့နယ် နယ်မြေ(၂) ရှေ့တန်း အမှတ်(၁)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ အောင်ဇူနယ်မြေရုံးမှ ရဲမှူး မျိုးမြင့်ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၁) BGB တပ်ရင်း Ashartoli ကင်းစခန်းမှ Subedar Ruhul Amin ဦးစီးသော တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်မှ ၁၁ နာရီ ၄၅ မိနစ်အထိ မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ်မှတ်တိုင် ၄၅ မှ ၄၆ ထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်ခဲ့သည်။

အလားတူ ယင်းနေ့ နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် မောင်တောမြို့ နယ်မြေ(၅) အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရုံးမှ ရဲမှူးကျော်ဝင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ ငါးမန်းအမြန်သွား တိုက်ခိုက်ရေး ရေယာဉ်အမှတ် ၀၀၃၊ ၀၀၄ နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ BGB(2)မှ Subedar Md. Alyciuse ဦးဆောင်သည့် အဖွဲ့ဝင်များသည် စက်တပ်ရေယာဉ် နှစ်စင်းဖြင့်လည်းကောင်း စံပယ်ပင်ရင်းချောင်းဝထိပ် နတ်မြစ်အလယ်ရှိ နှစ်နိုင်ငံနယ်နိမိတ်အနီး ရေမိုင်အမှတ် ၁၁ ၌ တွေ့ဆုံပြီး ရေယာဉ်လေးစင်းဖြင့် နတ်မြစ်ကြောင်းအတိုင်း ကင်းလှည့်ခဲ့ရာ နံနက် ၁၁ နာရီတွင် ပြူးမချောင်း ချောင်းဝအနီး ရေမိုင်အမှတ် ၁၄ နှင့် ၁၅ ကြားသို့ ရောက်ရှိခဲ့ပြီး ရေယာဉ်အမှတ် ၀၀၄ ပေါ်၌ နှစ်ဖက်ညှိနှိုင်းကင်းလှည့်သည့် အဖွဲ့များ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

ကြေးမုံ

နိုဝင်ဘာ ၁၀၊ ၂၀၁၈

# သမ္မတကတော်ဟောင်း အီမယ်ဒါမားကို့စ် အဂတိလိုက်စားမှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရ

**မနီလာ နိုဝင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံ၏ သမ္မတကတော်ဟောင်း အီမယ်လ်ဒါမားကို့စ်ကို အဂတိလိုက်စားမှုဖြင့် ပြစ်မှုထင်ရှားကြောင်း တွေ့ရှိရသဖြင့် ထောင်ဒဏ် ၄၂ နှစ် ကျခံစေရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆန်ဒီဂန်ဘာယန် တရားရုံးက ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ခင်ပွန်းဖြစ်သူ အာဏာရှင် ဖာဒီနန်မားကို့စ်နှင့်အတူ ပြည်သူ့ဘဏ္ဍာငွေကြေး ဒေါ်လာ ဘီလီယံပေါင်းများစွာကို အလွဲသုံးခဲ့မှုဖြင့် အပြစ်ရှိသည်ဟုဆိုကာ သမ္မတကတော်ဟောင်းတစ်ဦးကို မကြုံစဖူး ထူးထူးခြားခြား နှစ်ရှည်ထောင်ဒဏ်ချမှတ်လိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် အသက် ၈၉ နှစ်အရွယ်သို့ရောက်ရှိနေပြီဖြစ်သော အီမယ်ဒါမားကို့စ်သည် အကျဉ်းထောင်အတွင်း ကာလကြာရှည် ပြစ်ဒဏ်ကျခံမှုကို ခံယူနိုင်ဖွယ်မရှိကြောင်း၊ တရားရုံး၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်၍ အီမယ်ဒါမားကို့စ်အနေဖြင့် အယူခံဝင်ခွင့်ရှိပြီး အာမခံဖြင့် ပြင်ပတွင်နေထိုင်ခွင့်ရှိကြောင်း၊ ဖိလစ်ပိုင်နိုင်ငံ၏ တရားစီရင်ရေးစနစ်မှာ အယူခံလွှာများ စိစစ်ချိန်အလွန်ကြာမြင့်သဖြင့် အကျဉ်းကျခြင်းမရှိဘဲ ပြင်ပတွင် ကာလကြာရှည် ဆက်လက်နေထိုင်ခွင့်ရဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ခင်ပွန်းဖြစ်သူ ဖာဒီနန်မားကို့စ်သည် ၁၉၈၆ ခုနှစ်တွင် လူထုအုံကြွမှုကြောင့် ရာထူးမှ ဆင်းပေးခဲ့ရပြီးနောက် မိသားစုနှင့်အတူ အမေရိကန်ပြည်ထောင်စုသို့ ထွက်ပြေးသွားခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံကို နှစ် ၂၀ ကြာမျှ အုပ်ချုပ်ခဲ့သူ ဖာဒီနန်မားကို့စ်သည် ၁၉၈၉ ခုနှစ်တွင် ပြည်ပြေးဘဝမှာပင် ကွယ်လွန်ခဲ့သည်။

**အေအက်ဖ်ပီ**






# လူသားတို့၏ နေထိုင်မှုဘဝတိုးတက်မြင့်မားရေး အာရှ-ပစိဖိတ်ဒေသ အာကာသအေဂျင်စီများ ဆွေးနွေး

**စင်ကာပူ နိုဝင်ဘာ ၉**

အာရှ-ပစိဖိတ်ဒေသဆိုင်ရာ အေဂျင်စီများမှ ကိုယ်စားလှယ်များသည် စင်ကာပူနိုင်ငံတွင် ဖိုရမ်ဆွေးနွေးပွဲပြုလုပ်ခဲ့ကြောင်း၊ ယင်းဆွေးနွေးပွဲတွင် အာကာသဆိုင်ရာ နည်းပညာများကို လူသားတို့၏ နေထိုင်မှုဘဝအတွက် မည်ကဲ့သို့ အသုံးချနိုင်မည်ကို ဆွေးနွေးကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုဝင်ဘာ ၆ ရက်မှ ၉ ရက်အထိ လေးရက်ကြာပြုလုပ်ခဲ့သော အာရှ-ပစိဖိတ်ဒေသ အာကာသအေဂျင်စီဖိုရမ်သို့ ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီအပါအဝင် ဒေသဆိုင်ရာနိုင်ငံများရှိ အာကာသအေဂျင်စီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

နိုင်ငံနှင့် ဒေသ ၂၉ ခုတို့မှ အာကာသအေဂျင်စီများနှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ဆွေးနွေးပွဲတွင် ပါဝင်ခဲ့ကြသည်။

ဂျပန်အာကာသယာဉ်မှူး ချိအာ့ကိမူကိုင်းအိသည် နိုဝင်ဘာ ၈ ရက်က ပြုလုပ်သော ဆွေးနွေးမှုတွင် သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာကြသူများက အာကာသဆိုင်ရာ နည်းပညာများကို အမြင်ချင်းဖလှယ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံတွင် ဂြိုဟ်တုဓာတ်ပုံများကိုသုံးကာ စိုက်ပျိုးထုတ်လုပ်ရေး တိုးတက်အောင် လုပ်ဆောင်လျက်ရှိပြီး အင်ဒိုနီးရှားတွင် တရားမဝင် ငါးဖမ်းမှုများကို စောင့်ကြည့်နိုင်ရန်အတွက် ဂြိုဟ်တုဓာတ်ပုံများကို အသုံးပြုကြကြောင်း ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်ပြီး သုတေသနနှင့် တီထွင်မှုအခန်းကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့်အသုံးချနိုင်ရေးသည်အရေးကြီးကြောင်း တက်ရောက်လာသူတချို့က အလေးပေး ဆွေးနွေးခဲ့ကြသည်။

လူသားတို့၏ လူနေမှုဘဝတွင် ဂြိုဟ်တုများ အရေးပါကြောင်း၊ အာကာသဆိုင်ရာ စက်မှုလုပ်ငန်းများတွင် ပုဂ္ဂလိကကဏ္ဍမှ ပါဝင်ရန်လိုအပ်ကြောင်း ဂျပန်အာကာသ အေဂျင်စီဥက္ကဋ္ဌ ဟီရိုးရှိယာမာကာဝါက ပြောကြားသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၏ ကာကွယ်ရေးလက်နက်ရောင်းချမှု ယခုဘဏ္ဍာနှစ်အတွင်း ၁၃ ရာခိုင်နှုန်း မြင့်တက်

**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန်ပြည်ထောင်စု၏ ကာကွယ်ရေး လက်နက်တင်ပို့ရောင်းချမှုသည် ယခုဘဏ္ဍာနှစ်အတွင်း ၁၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း အိမ်ဖြူတော် တာဝန်ရှိသူများက ယနေ့ပြောကြားခဲ့သည်။

ယခုကဲ့သို့ လက်နက်တင်ပို့ရောင်းချမှု မြင့်တက်ခြင်းကြောင့် တစ်ဖက်ကလည်း ပြည်တွင်းအလုပ်အကိုင် ဖန်တီးပေးမှုအခြေအနေ တိုးတက်လာခဲ့သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

**၁၃ ရာခိုင်နှုန်းမြင့်တက်**

နိုင်ငံတကာသို့ ကာကွယ်ရေးလက်နက် ရောင်းချမှုသည် ၂၀၁၈ ခုနှစ် စက်တင်ဘာလ (၂၀၁၈ ဘဏ္ဍာနှစ်)အထိ ၁၉၂ ဒသမ ၃ ဘီလီယံဒေါ်လာခန့် ရှိခဲ့ပြီး ယမန်နှစ်ရောင်းချမှုထက် ၁၃ ရာခိုင်နှုန်း မြင့်တက်လျက်ရှိသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများကဆိုသည်။

အမေရိကန်က နိုင်ငံတကာသို့ ယခုနှစ်အတွင်း ရောင်းချခဲ့သော ကာကွယ်ရေးလက်နက်များမှာ ဆော်ဒီအာရေဗျနိုင်ငံသို့ ဒေါ်လာ ၆ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ Littoral Combat Ship များ၊ ကူဝိတ်နိုင်ငံသို့ ဒေါ်လာ ၅ ဒသမ ၁ ဘီလီယံတန်ဖိုးရှိ FA18 တိုက်လေယာဉ်နှင့် ပိုလန်နိုင်ငံသို့ ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံတန်ဖိုးရှိ လေကြောင်းရန်ကာကွယ်ရေးအတွက် ဒုံးခွင်းဒုံးစနစ်တို့ ပါဝင်ကြောင်းသိရသည်။

**စည်းမျဉ်းများဖြေလျှော့ပေးခဲ့**

ထိုသို့ ကာကွယ်ရေးလက်နက်ရောင်းချမှု မြင့်တက်လာခြင်းသည် ပြီးခဲ့သော ဧပြီလက သမ္မတထရန့်၏ ကာကွယ်ရေး လက်နက်ရောင်းချမှုစည်းမျဉ်း၊ စည်းကမ်းများကို ဖြေလျှော့ပေးခဲ့ခြင်း၏ ရလဒ်ပင်ဖြစ်သည်ဟု တာဝန်ရှိသူများက ဆက်လက်ပြောကြားခဲ့သည်။

သို့သော် လွန်ခဲ့သောလက တူရကီနိုင်ငံတွင် ဆော်ဒီသတင်းစာဆရာတစ်ဦး လုပ်ကြံသတ်ဖြတ်ခံရမှုတွင် ပါဝင်ပတ်သက်သည်ဟု ထင်မြင်ယူဆရသည့် ဆော်ဒီအာရေဗျအစိုးရအဖွဲ့ကို ကာကွယ်ရေးလက်နက်များ မရောင်းချသင့်ကြောင်း အမေရိကန်နိုင်ငံအတွင်း ဝေဖန်မှုများ မြင့်တက်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ကာလီဖိုးနီးယားပြည်နယ် တောမီးထိန်းချုပ်ရန်ခက်ခဲ ဒေသခံများ ရွှေ့ပြောင်းထွက်ခွာရန် ညွှန်ကြား

**ဝါရှင်တန် နိုဝင်ဘာ ၉**

အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ စီရင်စုသုံးခုတွင် ခြောက်သွေ့သော ရာသီဉတုအခြေအနေများနှင့် လေပြင်းတိုက်ခတ်မှုများ ကြုံတွေ့နေရစဉ် တောမီးလောင်ကျွမ်းမှုများ ဖြစ်ပွားခဲ့ပြီး လူအများအပြားကို ဘေးဒုက္ခသင့်ဒေသ အတွင်းမှ အလျင်အမြန် ရွှေ့ပြောင်းကြရန် အမိန့်ထုတ်ပြန်ခဲ့ရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယင်း တောမီးလောင်ကျွမ်းမှုသည် အလျင်အမြန် ပျံ့နှံ့ခဲ့ပြီး ရှစ်နာရီကြာအတွင်း ၂၈ စတုရန်းမိုင် အကျယ်အဝန်းရှိသည့် ဒေသတွင်း၌ လောင်ကျွမ်းခဲ့ကာ လမ်းများကို ပိတ်ထားခဲ့ရသည်။ တောမီးမှာ ပါရာဒိုက်အမည်ရှိ မြို့ငယ်လေးတစ်မြို့လုံးနီးပါးကို လောင်မြိုက်ခဲ့သည်။

နိုဝင်ဘာ ၈ ရက် ဒေသစံတော်ချိန် နံနက် ၆ နာရီခွဲတွင် မီးစတင်လောင်ခဲ့သည်။ ကာလီဖိုးနီးယား ပြည်နယ်တောင်ပိုင်းနှင့် မြောက်ပိုင်းတို့တွင် ပြည်သူများ၏ အသက်ဘေးအန္တရာယ်မှ လွတ်မြောက်ရေးအတွက် အချိန်တိုအတွင်း သတိပေးချက်များ ထုတ်ပြန်ခဲ့ရသည်။

အလွန်ကြီးမားသည့် မီးလောင်ကျွမ်းမှုကြီးသည် ကာလီဖိုးနီးယားပြည်နယ် မြောက်ပိုင်းတွင် ကူးစက်ပျံ့နှံ့ခဲ့ပြီး ယင်းပြည်နယ်အတွင်းရှိ မြို့အများအပြားမှ နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မီးလောင်မှုကြောင့် အဆောက်အအုံရာပေါင်းများစွာ ပျက်စီးခဲ့ရကြောင်း၊ အဆောက်အအုံ ၁၅၀၀၀ ခန့်သည် မီးဘေးအန္တရာယ် ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

ဘတ်တေးစီရင်စုတွင် အရေးပေါ်အခြေ အနေ ထုတ်ပြန်ခဲ့ရပြီး မီးလောင်ကျွမ်းမှုကို ထိန်းချုပ်နိုင်ခြင်းမရှိသဖြင့် နီးစပ်ရာ မြို့ကြီးတစ်မြို့ဖြစ်သော ချီကိုမြို့ကိုလည်း အရေးပေါ်ရွှေ့ပြောင်း ထွက်ခွာကြရန် အာဏာပိုင်များက ညွှန်ကြားခဲ့ရသည်။

**အေအက်ဖ်ပီ**



# ဂျူဗင်တပ်တိုက်စစ်မှူး ဒိုင်ဘာလာက အနာဂတ်တွင် ပေါလ်ပေါ့ဘာနှင့် တွဲဖက်ကစားမည်ဟုဆို

ဂျူဗင်တပ်အသင်းတိုက်စစ်မှူး ဒိုင်ဘာလာသည် အနာဂတ်တွင် ကွင်းလယ်ကစားသမား ပေါ့ဘာနှင့် တွဲဖက်ကစားရန် ဆန္ဒရှိနေကြောင်း ပြောကြားခဲ့သည်။

ဒိုင်ဘာလာနှင့် ပေါ့ဘာတို့သည် ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် ဂျူဗင်တပ်အသင်း၌ အတူတွဲဖက်ကစားခဲ့ပြီး လက်ရှိတွင် ဒိုင်ဘာလာက ဂျူဗင်တပ်အသင်းတွင် ကစားလျက်ရှိပြီး ကွင်းလယ်ကစားသမား ပေါ့ဘာမှာ မန်ယူအသင်းတွင် ကစားလျက်ရှိသည်။

ဂျူဗင်တပ်အသင်းမှ ပေါ့ဘာထွက်ခွာသွားခဲ့ပြီးနောက် တိုက်စစ်မှူး ဒိုင်ဘာလာမှာ တိုက်စစ်မှူး စီရိုနယ်လ်ဒိုနှင့် တွဲဖက်ကစားလျက်ရှိရာ ဂျူဗင်တပ်အတွက် သွင်းဂိုးများ သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။







# ကွင်းလယ်ကစားသမား နာဆရီအား ခေါ်ယူရန် ဝက်စ်ဟမ်းစိတ်ဝင်စားနေ

ဝက်စ်ဟမ်းအသင်းသည် မန်စီးတီးကွင်းလယ်ကစားသမားဟောင်း နာဆရီအား ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ကွင်းလယ်ကစားသမား နာဆရီသည် လက်ရှိတွင် အန်တာလီယာစပေါ်အသင်းတွင် ကစားလျက်ရှိပြီး အသင်းသစ်တစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသူဖြစ်သည်။

ဝက်စ်ဟမ်းအသင်းနည်းပြ ပယ်လီဂရီနီအနေဖြင့် ကွင်းလယ်ကစားသမား နာဆရီအား ခေါ်ယူရန် ဆန္ဒရှိနေခြင်းမှာ လက်ရှိဝက်စ်ဟမ်းအသင်းတွင် လန်ဇီနီ၊ ယာမိုလန်ကို၊ ကားလို့စ်ဆန်းချက်စ်၊ ဝီရှိုင်းယားစသည့်ကစားသမားများမှာ ဒဏ်ရာပြဿနာကြုံတွေ့နေရခြင်းကြောင့် ဖြစ်ကြောင်းလည်းသိရသည်။

ကွင်းလယ်ကစားသမား နာဆရီသည် မန်စီးတီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား နှစ်ကြိမ်ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ဆီဗီလာအသင်းသို့ တစ်ရာသီကြာအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ရပြီးနောက် ၂၀၁၇ ခုနှစ်တွင် မန်စီးတီးအသင်းမှ ထွက်ခွာခဲ့သူဖြစ်သည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား နာဆရီသည် တူရကီကလပ် အန်တာလီယာစပေါ်အသင်းနှင့်အတူ ရှစ်ပွဲကစားအပြီးတွင် သွင်းဂိုး နှစ်ဂိုးသွင်းယူထားကြောင်းလည်း သိရသည်။

ကွင်းလယ်ကစားသမား နာဆရီသည် ၎င်း၏ စီနီယာကစားသမားဘဝကို ၂၀၀၄ ခုနှစ်တွင် မာဆေးလ်အသင်းနှင့် စတင်ခဲ့ပြီး ၂၀၀၈ ခုနှစ်အထိ ကစားခဲ့ရာတွင် ၁၂၁ ပွဲကစားပေးခဲ့ရာ သွင်းဂိုး ၁၁ ဂိုးသွင်းယူနိုင်ခဲ့သည်။ ထို့နောက် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၈၆ ပွဲတွင် ၁၈ ဂိုး၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ မန်စီးတီးအသင်းတွင် ကစားခဲ့ရာ ၁၂၄ ပွဲတွင် ၁၈ ဂိုးသွင်းယူနိုင်ခဲ့သူဖြစ်သည်။

# ယခုနှစ်တွင် လီဗာပူးအသင်း ပရီမီယာလိဂ်ဖလားရရှိနိုင်ဟု အဲလစ်ဆင်ပြောကြား


လီဗာပူးအသင်းဂိုးသမား အဲလစ်ဆင်က ယခုနှစ်ဘောလုံးရာသီမှာ လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ဖလားရရှိနိုင်ကြောင်း ပြောကြားခဲ့သည်။


လီဗာပူးအသင်းသည် လက်ရှိပရီမီယာလိဂ် အမှတ်ပေးဇယားတွင် ပွဲစဉ် ၁၁ ပွဲယှဉ်ပြိုင်ကစားပြီးရာတွင် ရှုံးပွဲမရှိသေးဘဲ ရမှတ် ၂၇ မှတ်ဖြင့် အဆင့် ၃ နေရာတွင် ရပ်တည်လျက်ရှိသည့်အသင်းဖြစ်သည်။

လီဗာပူးအသင်းအနေဖြင့် ပရီမီယာလိဂ်တွင် ရလဒ်ကောင်းမွန်နေသော်လည်း ချန်ပီယံလိဂ်တွင်မူ ထင်တိုင်းမပေါက်သည့်အနေအထားတစ်ရပ်သို့ ရောက်ရှိနေခဲ့ပြီး ရလဒ်ကောင်းတစ်ခု ရရှိရေးအတွက်လည်း နည်းပြကလော့အနေဖြင့် အကောင်းဆုံးပြင်ဆင်မှုများကို ပြုလုပ်လျက်ရှိသည်။

ဂိုးသမား အဲလစ်ဆင်သည် လီဗာပူးအသင်းသို့ စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့လာခဲ့သည့်အပြင် လီဗာပူးအသင်းအတွက်လည်း ပထမလိဂ်ပွဲစဉ်ကိုးပွဲတွင် သုံးဂိုးသာခွင့်ပြုပေးလိုက်ရသည့် ဂိုးသမားတစ်ဦးလည်းဖြစ်သည်။

ထို့ကြောင့် အီတလီစီးရီးအေကလပ် ရိုးမားအသင်းနှင့်အတူ အကောင်းဆုံးလက်စွမ်းပြကစားနိုင်ခဲ့သည့်အပြင် လီဗာပူးအသင်းသို့ ရောက်ရှိလာခဲ့ချိန်တွင်လည်း အမ်ဖီးလ်အတွက် ရလဒ်ကောင်းတစ်ခု ရရှိရေး ဂိုးသမားအဲလစ်ဆင်အနေဖြင့် အထောက်အကူပြုခဲ့သူဖြစ်သည်။







# ကွင်းလယ်ကစားသမား မာတာ၏ စာချုပ်မှာ ၁၈ လကျန်ရှိနေပြီး စာချုပ်သစ်ချုပ်ရန် မျှော်လင့်

မန်ယူကွင်းလယ်ကစားသမား မာတာသည် လက်ရှိတွင် စာချုပ်သက်တမ်းကုန်ဆုံးရန်အတွက် ၁၈ လသာကျန်ရှိတော့ပြီး စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန် စောင့်မျှော်လျက်ရှိကြောင်းသိရသည်။

ကွင်းလယ်ကစားသမား မာတာသည် တူရင်မြို့တွင် ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်အုပ်စုဆင့်ပွဲစဉ် ၄ တွင် ဂျူဗင်တပ်အသင်းကို မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ၌ အကောင်းဆုံးခြေစွမ်းပြကစားခဲ့သူဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်းတွင် ဆက်ရှိနေရေးအတွက် ကွင်းလယ်ကစားသမား မာတာက အိုးထရက်ဖို့ဒ်တွင် ဆက်ရှိရေး စာချုပ်သစ်တစ်ရပ် ကမ်းလှမ်းလာရန် မျှော်လင့်နေပြီး လက်ရှိစာချုပ်မှာ တစ်ပတ်လုပ်ခလစာပေါင် ၁၄၀၀၀၀ ရရှိနေကြောင်းလည်းသိရသည်။ မာတာသည် ၂၀၁၄ ခုနှစ်က ချယ်လ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့ကြေးပေါင် ၃၇ ဒသမ ၁ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ပြီးခဲ့သည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းက မန်ယူအသင်းမှ အခြားသော ကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန်ချိတ်ဆက်မှုများပြုလုပ်ခဲ့သူဖြစ်ပြီး ဗလင်စီယာအသင်းနည်းပြဟောင်း အီမာရီကိုင်တွယ်လျက်ရှိသည့် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန်လည်း ချိတ်ဆက်မှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။

မာတာသည် ကစားသမားဘဝတွင် ဗလင်စီယာအသင်း၊ ချယ်လ်ဆီးအသင်းနှင့် မန်ယူအသင်းတို့တွင် ကစားခဲ့ပြီး အသင်းတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြကစားလျက်ရှိသူဖြစ်သည်။

ငွေကြယ် - ရေးသားသည်

## ဘောလုံးလောက သတင်းတိုများ

- ဘီဘာအိုအသင်းက စပါးတိုက်စစ်မှူး လော်ရန်တီအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။
- **ဆီဗီလာအသင်းသည် စပိန်နှင့် လီဗာပူး ဘယ်နောက်ခံကစားသမား မိုရီနိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိကြောင်းသိရသည်။**
- ဖူလ်ဟမ်အသင်းသည် ချယ်လ်ဆီးနှင့် ပြင်သစ်ကွင်းလယ်ကစားသမား ဘာကာယိုကိုအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိပြီး လက်ရှိတွင် အေစီမီလန်၌ ကစားလျက်ရှိကာ အေစီမီလန်နှင့်အတူ စီးရီးအေနှစ်ပွဲသာပွဲထွက်ကစားရသေးကြောင်း သိရသည်။

# တရားစွဲခံထားရသည့် Eleven Media မှ သတင်းသမားသုံးဦးအား အမှုရုပ်သိမ်း၍ တရားရှင်လွှတ်

**ရန်ကုန် နိုဝင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်တရားရုံးတွင် အောက်တိုဘာ ၉ ရက်က နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဦးတိုက်လျှောက်တရားစွဲခံထားရသော Eleven Media မှ သတင်းသမားသုံးဦးအား ယနေ့ မွန်းလွဲပိုင်းတွင် တာမွေမြို့နယ်တရားရုံးမှ မြို့နယ်တရားသူကြီးက အမှုကို ရုပ်သိမ်း၍ တရားရှင်လွှတ်ပေးခဲ့ပြီးဖြစ်ကြောင်း အဆိုပါတရားရုံးမှ သိရသည်။

၎င်းအမှုနှင့်ပတ်သက်၍ တာမွေမြို့နယ်တရားရုံး ရာဇဝတ်ကြီး အမှုအမှတ် ၈၅၆/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၅၀၅(ခ) နိုင်ငံတော်အကြည်ညိုပျက်စေမှုနှင့် စွပ်စွဲခြင်းခံထားရသည့် Eleven Media မှ ဦးဖြိုးဝေ(ခ) ဖြိုးဝေဝင်း၊ ဦးကျော်ဇော်လင်းနှင့် ဦးနရီမင်း(ခ)ဒေါက်တာမင်းလွင်တို့က အာမခံလျှောက်ထားသည်ကို တစ်ဦးလျှင် အာမခံကြေးငွေကျပ် သိန်း ၁၀၀ နှုန်းဖြင့် အောက်တိုဘာ ၂၆ ရက်က သုံးဦးအတွက် ငွေကျပ် သိန်း ၃၀၀ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အချုပ်လွတ်အာမခံနှင့် နိုဝင်ဘာ ၉ ရက် လာမည့်ရုံးမှာ တရားလိုသက်သေစစ်ဆေးရန် ချိန်းဆိုထားရာမှ ဦးတိုက်လျှောက်ထားသူ တရားလို ဦးအောင်ကျော်ခိုင်က ယနေ့ မွန်းတည့်ခန့်တွင် အမှုရုပ်သိမ်းလွှာအား ကိုယ်တိုင်လာရောက် တင်လျှောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

တာမွေမြို့နယ်တရားရုံး မြို့နယ်ဥပဒေအရာရှိ ဦးအောင်သက်ဇော်က "တာမွေမြို့နယ်တရားရုံး ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) ဦးဖြိုးဝေ(ခ)ဖြိုးဝေဝင်းပါ သုံးဦးတို့ရဲ့အမှုဟာ ဦးတိုက်လျှောက်ထားတဲ့အမှုဖြစ်တဲ့အတွက် တရားလိုကိုယ်တိုင်က အမှုကိုရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားတင်ပြလာပါတယ်။ ကျွန်တော်တို့က ပြည်ထောင်စုရှေ့နေချုပ် နည်းဥပဒေနဲ့အညီ မြို့နယ်တရားသူကြီးထံ ရုပ်သိမ်းခွင့်ပြုပေးဖို့ တင်ပြလိုက်တာပါ"ဟု ပြောသည်။

တာမွေမြို့နယ်တရားရုံး သတင်းနှင့်ပြန်ကြားရေးအရာရှိ မြို့နယ်တရားသူကြီး ဒေါ်တင်ဝါဝါသိန်းက "အမှုရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားလွှာတင်ပြလာခြင်းအပေါ်မှာ ဥပဒေပါလုပ်ထုံးလုပ်နည်းများနဲ့အညီ အမှုကို စိစစ်သုံးသပ်ပြီး ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၉၄ အရ အမှုအားရုပ်သိမ်းခွင့်ပြုပြီးကာမှ စွပ်စွဲခံရသူသုံးဦးကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၄၉၄(က) အရ စွဲချက်မတင်မီ လွှတ်ပေးခဲ့ခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ငွေကျပ်သိန်းပေါင်း ၁၇၀ ကျော်တန်ဖိုးရှိ ဘိန်းစာမှုန့်များ မောတောင်မြို့ နယ်စပ်ဂိတ်တွင် သိမ်းဆည်းရမိ

**တနင်္သာရီ နိုဝင်ဘာ ၉**



တနင်္သာရီမြို့နယ် မောတောင်မြို့ နယ်စပ်ဂိတ်တွင် မောတောင်မြို့ ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ကျော်မိုးနှင့်အဖွဲ့များသည် နိုဝင်ဘာ ၈ ရက် ညနေ ၆ နာရီခွဲခန့်က တကောဖောလူကျေးရွာမှ မောင်းနှင်လာသောယာဉ်အား ရှာဖွေစစ်ဆေးရာ ငွေကျပ်သိန်းပေါင်း ၁၇၀ ကျော်တန်ဖိုးရှိ ဘိန်းစာမှုန့် ၁၂ အိတ်နှင့်အတူ အမျိုးသားသုံးဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တနင်္သာရီမြို့နယ် သိခွန်းကျေးရွာအုပ်စု တကောဖောလူကျေးရွာနေ ပေါ့ မောင်းနှင်လာပြီးလက် တကောဖောလူကျေးရွာနေသူနှင့် ခါ ပါဒဏ်ကျေးရွာ ဖက်ပူရီမြို့ ထိုင်းနိုင်ငံနေသူတို့ လိုက်ပါလာသော တိုယိုတာ ဟိုင်းလတ်အဖြူရောင်ယာဉ်သည် မောတောင်မြို့ နယ်စပ်ဂိတ်သို့ဖြတ်ကျော်ရန် မောင်းနှင်လာစဉ် မောတောင်မြို့ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ကျော်မိုးနှင့်အဖွဲ့က ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းယာဉ်ပေါ်တွင် ငှက်ပျောသီးများဖြင့် ဖုံးအုပ်ထားသော ပီနံအိတ်အဖြူအတွင်း ထည့်ထားသည့် ဘိန်းစာမှုန့် ၁၂ အိတ်(အလေးချိန် ၂၆၆ ကီလိုဂရမ်)ကာလ တန်ဖိုးငွေကျပ် ၁၇၂ သိန်းကျော်ကို တွေ့ရှိကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ မောတောင်မြို့ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**စန်းထူး(မြိတ်ကိုယ်ပွား)**

# အင်းတော်မြို့နယ်၌ ဘိန်းဖြူများ သိမ်းဆည်းရမိ

**အင်းတော် နိုဝင်ဘာ ၉**



စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားလမ်းဆုံမှ ဘိန်းဖြူ ဂရမ် ၁၁၀၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၈ ရက် ည ၁၀ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု ၆ ကသာမှ ရဲတပ်ဖွဲ့ဝင်များသည် အင်းတော်မြို့နယ် ရွှေဘို-မြစ်ကြီးနားသွားကားလမ်း မိုင်တိုင်အမှတ် ၁၄၅/၂ အနီး နဘားလမ်းဆုံတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် မအေးမြတ်မိုး(ခ)အေးအေး မောင်းနှင်လာသောဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရာ ဘိန်းဖြူ ဂရမ် ၁၁၀၀(ကာလတန်ဖိုးငွေကျပ် သိန်း ၁၀၀၀ ကျော်)သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ မအေးမြတ်မိုး(ခ)အေးအေးအား အင်းတော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ပုဏ္ဏားကျွန်းမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀၀ သိမ်းဆည်းရမိ



**နေပြည်တော် နိုဝင်ဘာ ၉**

ရဲတပ်ဖွဲ့ဝင်များ လှည့်ကင်းလုံခြုံရေးဆောင်ရွက်စဉ် နိုဝင်ဘာ ၈ ရက်က ပုဏ္ဏားကျွန်းမြို့နယ် ဒိုးတန်းကျေးရွာ(ရွာသစ်) မှုံဟင်းပွြန်ချောင်းကမ်းစပ်၌ မသင်္ကာဖွယ်စက်လှေတစ်စင်းအား တွေ့ရှိသဖြင့် စောင့်ကြည့်ခဲ့ပြီး မည်သူတစ်ဦးတစ်ယောက်မျှ ရောက်ရှိလာခြင်းမရှိသဖြင့် စက်လှေအား စစ်ဆေးခဲ့ရာ ပီနံအိတ်များဖြင့်ထည့်၍ မိုးကာအုပ်ထားသည့် WY စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀၀၀ (စုစုပေါင်းတန်ဖိုးငွေကျပ် သိန်း ၁၉၅၀၀) အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သဖြင့် ပုဏ္ဏားကျွန်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ် လူသစ် ဘဝသစ်

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်း စစ်ဆေးဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် မန္တလေး- မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၀၄ စီး၊ သွင်းကုန် ၃၄၄ စီး၊ ရန်ကုန်- မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၅ စီး၊ သွင်းကုန် ၁၈၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၂ ဒသမ ၀၀၆ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၆၆၂ သန်း) စုစုပေါင်းတားဆီးမှု ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃ ဒသမ ၆၆၈ သန်း)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Light Truck ယာဉ်တစ်စီး၊ Nissan ယာဉ် တစ်စီး၊ Toyota Wish ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရွေ သုည ဒသမ ၂၂၇၂ တန်၊ ကျောက်စိမ်းဟုယူဆရသော ကျောက်တုံး၊ အပိုင်းအစ ဖြတ်စဆိုဒ်စုံ ၆၆၅ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၀ ဒသမ ၉၃၁ သန်းကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ် ပုဂ္ဂလိကပိုင်ရေနံချက်ဖိုတွင် မီးလောင်မှုဖြစ်ပွား

**ကြံခင်း နိုဝင်ဘာ ၉**

ကြံခင်းမြို့နယ် ကွမ်းအစ်ကုန်းကျေးရွာအုပ်စု ပုသိမ်-မုံရွာကားလမ်းဘေး မိုင်တိုင်အမှတ် ၁၃၀/၇ အနီးရှိ ဟင်္သာတမြို့နယ် ခမ္ဘီကျေးရွာနေသူ ဦးအောင်ကျော်ဦးပိုင်သည့် ရေနံချက်ဖို၌ နိုဝင်ဘာ ၈ ရက် နံနက် ၅ နာရီ မိနစ် ၄၀ တွင် ဖိုတာဝန်ခံ ဦးအုန်းမြင့်ပါသုံးဦးတို့ ရေနံစိမ်းများကျိုချက်စဉ် အိုးယိုစိမ့်မှုကြောင့် ဖိုအောက်ဘက်ရှိ လောင်စာတောင့်နှင့် ရေနံချိုးများပေါ်သို့ ရေနံစိမ်းများကျရောက်ကာ မီးလောင်မှုဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ ကြံခင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘက်ရဲနယ်မြေရဲစခန်းမှတပ်ဖွဲ့ဝင်များ၊ ရေနံချက်ဖိုအလုပ်သမားများက မီးသတ်ယာဉ်နှစ်စီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၆ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားကြောင်း သိရသည်။ အဆိုပါမီးလောင်ကျွမ်းမှုကြောင့် ပေ ၂၀ ပတ်လည်ရှိ သွပ်မိုး၊ သံထည်အဆောက်အအုံတစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဌေးမင်း**

## မြန်မာ့ရုပ်မြင်သံကြား

**၁၀-၁၁-၂၀၁၈ (စနေနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | Weekly Sport Info |
| ၈း၃၅ | ပန်းပျိုးခင်း (အပိုင်း-၅၁) "သံစဉ်များနှင့် ကလေးတို့ကမ္ဘာ" |
| ၉း၁၅ | News Watch TV |
| ၉း၃၀ | မြစ်မခမီဒီယာ (စာတတ်ဖို့၊ ဝင်ငွေကောင်းဖို့၊ အသက်ရှည်ဖို့) |
| ၁၀း၃၀ | လုံမမှတ်စု (၆၁) |
| ၁၀း၄၅ | ကဗျာရိပ်မြုံ "ဗျိုင်းနှင့်လိပ်ပြာ" |
| ၁၁း၀၀ | NHK Programme "ရုပ်ပုံများမှ ဆင်းသက်လာသောအက္ခရာများ" |
| ၁၁း၂၅ | ဆေးဖက်ဝင်ဟင်းသီးဟင်းရွက်နှင့် ကျန်းမာရေး "လက်တွေ့အသုံးချ ဆေးနည်းတိုများ" (အပိုင်း-၂၀) |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၃၅ | မြန်မာဇာတ်လမ်းတွဲ "ဆေးရုံမှတ်တမ်း" (အပိုင်း-၂၀) (အောင်မြင့်မြတ်၊ မြတ်သူအောင်၊ သူရထူး၊ နွယ်ဒါလီထွန်း၊ ခင်သဇင်၊ ဂုဏ်ရည်အေးကျော်) (ဒါရိုက်တာ-မင်းခိုက်စိုးစန်) |
| ၁၃း၄၅ | ဟိုတုန်းက. . . ကက်ဆက်ဇာတ်လမ်းများ "ယောက္ခမကြီးရေးတဲ့ဖူးစာ" (စောမြတ်နိုး၊ စောယုနန္ဒာ၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း) |
| ၁၅း၂၅ | "တောတောင်အလှသဘာဝ လှပစုံလင်ကရင်ပြည်နယ်တစ်ခွင်" |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "အဖိုးတန်မြန်မာ့သဘာဝသယံဇာတ" (အင်ကြင်းကျောက်) |
| ၁၇း၀၅ | "ဆူဇူကီးဖလားနှင့်မြန်မာအသင်း" |
| ၁၇း၂၀ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၇း၃၅ | NHK Programme "ကျွမ်းကျင်ရေငုပ်သမား" |
| ၁၈း၃၅ | Tasty Trip |
| ၁၉း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၃၈) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | "ကော့သောင်းမြို့မှအပန်းဖြေလည်ပတ်စရာနေရာ မလိဝမ်းရေတံခွန်ဆီ" -ဂီတသမား၊ ဂီတစကား "မိန်းမတို့ကျက်သရေ သီချင်း(၂)ပုဒ်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) -"မီးလျှံဒိုင်ယာရီ" (ဇာတ်သိမ်း) (ထွန်းကိုကို၊ မင်းတော်ဝင်၊ နေဆန်း၊ ယုသန္တာတင်၊ မြတ်နိုးအေး) (ဒါရိုက်တာ-တုန့်ိုင်းခ) -အစီအစဉ်ပြီး၏။ |

# မြန်မာနိုင်ငံ၌ ကမ္ဘာ့ဘိလိယက်နှင့်စနူကာချန်ပီယံရှစ်ပြိုင်ပွဲ အိမ်ရှင်အဖြစ် ကျင်းပမည်



၂၀၁၇ ကမ္ဘာ့ဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲတွင် Long-Up ပွဲစဉ်၌ တတိယဆုရရှိခဲ့သူ နေသွေးဦး ယှဉ်ပြိုင်ကစားခဲ့စဉ်။ ဓာတ်ပုံ-IBSF ဝက်ဘ်ဆိုက်

## ခ ဖေဒီ

ကမ္ဘာ့ဘိလိယက်နှင့်စနူကာချန်ပီယံရှစ်ပြိုင်ပွဲဆိုသည်မှာ International Billiards & Snooker Federation (IBSF) က ကြီးမှူးကျင်းပသည့် ပြိုင်ပွဲဖြစ်ပါသည်။ ပြီးခဲ့သည့် ၂၀၁၇ ခုနှစ်က ပြိုင်ပွဲကို ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ယခု ၂၀၁၈ ခုနှစ် ပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လာမည့် နိုဝင်ဘာလအတွင်း ကျင်းပမည်ဖြစ်သည်။

ယင်းသို့ကျင်းပရာတွင် ကမ္ဘာ့ဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ ကျင်းပပြီး ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။ နိုဝင်ဘာ ၂၅ ရက်တွင် နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (IBSF) ၏ နှစ်ပတ်လည်အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။

ယင်းအစည်းအဝေးသို့ နိုင်ငံတကာ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် (IBSF) အဖွဲ့ဝင်နိုင်ငံများမှ ဥက္ကဋ္ဌ၊ သို့မဟုတ် ဒုတိယဥက္ကဋ္ဌ၊ သို့မဟုတ် အတွင်းရေးမှူး စသည့် တာဝန်ရှိပုဂ္ဂိုလ်များ အနည်းဆုံးဦးရေ ၅၀ ခန့် တက်ရောက်ရန်ရှိသည်။ ပြိုင်ပွဲဝင်ကစားသမားများ အနေဖြင့် နိုင်ငံပေါင်း ၄၀ ကျော်မှ ၂၀၀ ကျော်ခန့် လာရောက်ယှဉ်ပြိုင်ကြလိမ့်မည်ဟု မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က ခန့်မှန်းထားသည်။

ထို့ပြင် လေ့လာသူများ၊ အားပေးထောက်ခံသူများနှင့် ဒိုင်လူကြီးများလည်း ပါဝင်ဦးမည်ဖြစ်သည်။ ဒိုင်လူကြီးများတွင် မြန်မာနိုင်ငံမှ ဒိုင်လူကြီး ၁၄ ဦး ပါဝင်မည်ဖြစ်ပြီး နိုင်ငံတကာမှ ဒိုင်လူကြီး ၂၀ ပါဝင်မည်ဖြစ်သည်။ ယင်း ၂၀ တွင် အာဖရိကမှ နှစ်ယောက်၊ အမေရိကမှ တစ်ယောက်၊ အာရှမှ ရှစ်ယောက်၊ ဥရောပမှ ခုနစ်ယောက်၊ သမုဒ္ဒရာဇုန်မှ နှစ်ယောက်တို့ ပါဝင်မည်ဖြစ်သည်။ ထို့ကြောင့် ယခုပြိုင်ပွဲကြီး၌ ဒိုင်လူကြီးပေါင်း ၃၄ ဦး ပါဝင်မည်ဖြစ်သည်။

နိုင်ငံတကာဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ဘိလိယက်၌ ပြိုင်ပွဲနှစ်မျိုးနှင့် စနူကာ၌ အမျိုးသားပြိုင်ပွဲနှစ်မျိုးနှင့် အမျိုးသမီးပြိုင်ပွဲတို့ကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ဘိလိယက်ပြိုင်ပွဲ၌ 150-Up ပြိုင်ပွဲနှင့် Long Point ပြိုင်ပွဲတို့ကို ယှဉ်ပြိုင်စေမည်ဖြစ်သည်။ စနူကာပြိုင်ပွဲ၌မူ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ ပါဝင်မည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲ၌ ပုံမှန်တန်းနှင့် မာစတာတန်းဟူ၍ နှစ်မျိုးပါဝင်မည်ဖြစ်သည်။ မာစတာတန်းသည် အသက် ၄၀ နှစ်နှင့်အထက် ကစားသမားများ ပါဝင်ယှဉ်ပြိုင်ရမည့်အတန်း ဖြစ်သည်။

### ဆုကြေးအဖြစ်သတ်မှတ်

ပြိုင်ပွဲဝင်ကစားသမားတစ်ဦးသည် ပြိုင်ပွဲဝင်ကြေးအဖြစ် အမေရိကန်ဒေါ်လာ ၇၀ ပေးသွင်းရမည်ဖြစ်သည်။ ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၄၆၀၀၀ ချီးမြှင့်ရန် သတ်မှတ်ထားသည်။ ဘိလိယက်ပြိုင်ပွဲ နှစ်မျိုးအနက် တစ်မျိုးမျိုးတွင် ချန်ပီယံဖြစ်သူသည် ပျမ်းမျှအားဖြင့် အမေရိကန်ဒေါ်လာ ၈၀၀၀ ရရှိမည်ဖြစ်ပြီး အမျိုးသားစနူကာချန်ပီယံဖြစ်သူသည် ပျမ်းမျှဆုကြေး အမေရိကန်ဒေါ်လာ ၁၆၀၀၀ ရရှိမည်ဖြစ်ကာ မာစတာတန်း၌ ချန်ပီယံဖြစ်သူသည် ပျမ်းမျှဆုကြေး အမေရိကန်ဒေါ်လာ ၈၀၀၀ ရရှိမည်ဖြစ်သည်။

အမျိုးသမီးစနူကာပြိုင်ပွဲ၌ ချန်ပီယံဖြစ်သူသည် ဆုကြေးအဖြစ် အမေရိကန်ဒေါ်လာ ၆၀၀၀ ပျမ်းမျှရရှိမည်ဖြစ်သည်။ အမျိုးသမီးစနူကာပွဲစဉ်များ၌ ဘရိတ်အများဆုံးထိုးနိုင်သူသည် အမေရိကန်ဒေါ်လာ ၂၀၀၊ အမျိုးသားစနူကာပြိုင်ပွဲ၌ ဘရိတ် အမြင့်ဆုံးထိုးနိုင်သူသည် အမေရိကန်ဒေါ်လာ ၅၀၀၊ မာစတာတန်း၌ ဘရိတ်အမြင့်ဆုံးထိုးနိုင်သူသည် အမေရိကန်ဒေါ်လာ ၃၀၀ ဆုကြေးများနှင့်အတူ ထူးချွန်လက်မှတ်များလည်း ရရှိမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်ပြိုင်ပွဲကြီး၏ ဘိလိယက်ပြိုင်ပွဲ 150-Up ပွဲစဉ်၌ အိန္ဒိယကစားသမား ပန်ကတ်အက်ဒ်ဗာနီက ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီး အင်္ဂလန်နိုင်ငံသား မိုက်ခ်ရပ်ဆဲလ်က ဒုတိယဆုရရှိခဲ့သည်။ Long-Up ပွဲစဉ်တွင် မိုက်ခ်ရပ်ဆဲလ်က ချန်ပီယံဆုရရှိခဲ့ပြီး အင်္ဂလန်နိုင်ငံသား ရောဘတ်ဟောလ်က ဒုတိယဆုရရှိခဲ့သည်။ စနူကာပြိုင်ပွဲ၏ ချန်ပီယံဆုကို ပန်ကတ်အက်ဒ်ဗာနီကပင် ရယူနိုင်ခဲ့သည်။ အမျိုးသမီးပြိုင်ပွဲ ချန်ပီယံဆုကို ဘယ်လ်ဂျီယံသူ ဝမ်ဒီဂျန်က ဆွတ်ခူးရရှိခဲ့သည်။ ဝမ်ဒီဂျန်သည် ၂၀၁၂ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ခြောက်နှစ်ဆက်တိုက် ချန်ပီယံဖြစ်ခဲ့သူဖြစ်ရာ အမျိုးသမီးစနူကာ ချန်ပီယံရှစ်ပြိုင်ပွဲ၏ ဘုရင်မတစ်ပါးဖြစ်သည်။

### အားကြိုးမာန်တက်ဆောင်ရွက်

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်သည် ယခုပြိုင်ပွဲကြီး ခမ်းနားမှုနှင့် အောင်မြင်မှုရှိရေးအတွက် အဘက်ဘက်ကပြည့်စုံအောင် အားကြိုးမာန်တက်ဆောင်ရွက်လျက်ရှိသည်။ ပြိုင်ပွဲအောင်နိုင်ရေးတာဝန်ကို အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်က တာဝန်ယူထားပြီး ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သူ ဦးကျော်နိုင်ဦးက အုပ်ချုပ်သူအဖြစ် ကြီးကြပ်ကွပ်ကဲလျက်ရှိသည်။

ပြိုင်ပွဲကျင်းပမည့် Grand Mercure ဟိုတယ်သည် ကြယ်ငါးပွင့်အဆင့် ဟိုတယ်ဖြစ်သောကြောင့် လိုအပ်သည့် နေရာအကျယ်အဝန်း၊ ပြည့်စုံရမည့်အရာများ အားလုံး စသည်တို့နှင့် ပြည့်စုံသည့်အတွက် ကမ္ဘာ့အဆင့် ပြိုင်ပွဲကြီးတစ်ခုကျင်းပရန် သင့်လျော်ကောင်းမွန်သည့် နေရာတစ်ခုဖြစ်သည်။

ထို့ကြောင့်လည်း ဘိလိယက်နှင့်စနူကာခုံပေါင်း ၂၀ ကို အဖွဲ့ချုပ်က စီစဉ်ထားသည်။ ၁၆ ခုံသည် ပြိုင်ပွဲယှဉ်ပြိုင်ရမည့်ခုံများဖြစ်ပြီး ကျန်လေးခုံအား ကစားသမားများ လေ့ကျင့်ရန်ခုံများအဖြစ် စီမံပေးထားခြင်းဖြစ်သည်။ ယင်းခုံများအားလုံးကို ယခုကမ္ဘာ့ပြိုင်ပွဲအတွက် အသစ်ဝယ်ယူထားခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့် Grand Mercure ဟိုတယ်သည် တောင်ဥက္ကလာပမြို့နယ် ၁၄ ရပ်ကွက် မေတ္တာလမ်းနှင့် သခင်ဖိုးလှကြီးလမ်း၌ ရှိသောကြောင့် ဘိလိယက်နှင့် စနူကာဝါသနာရှင် ပရိသတ်များ လာရောက်ကြည့်ရှုရန် အခက်အခဲရှိနိုင်သည်ဟု ထင်စရာရှိသည်။ သို့သော် အခက်အခဲမရှိရလေအောင် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်က အောင်ဆန်းကွင်းအထူးတန်းရှေ့၌ ဘတ်စ်ကားနှစ်စီး စီမံပေးထားမည်ဟုသိရသည်။ ဝင်ကြေးလည်း အခမဲ့ဖြစ်၍ ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြရန် အဖွဲ့ချုပ်က ဖိတ်ခေါ်ထားပါသည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်သည် ပြိုင်ပွဲကာလအတွင်း ပြိုင်ပွဲသို့ရောက်ရှိလာကြမည့် နိုင်ငံတကာမှ ဧည့်သည်များကိုလည်း မြန်မာနိုင်ငံ၏ အေးချမ်းတည်ငြိမ်မှုများကို သိရှိစေရန် ခရီးစဉ်အတိုများ စီစဉ်ပေးရန်လည်း ပြင်ဆင်ထားရှိကြောင်း သိရသည်။ ဘဏ္ဍာရေးအခြေအနေပေးခဲ့လျှင် ပုဂံဒေသနှင့် အင်းလေးဒေသတို့သို့ပါ ပို့ဆောင်ပေးရန်အထိ မျှော်လင့်ထားသည်ဟု အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်က ပြောသည်။

"ပြင်ပက နိုင်ငံတကာသတင်းတွေမှာ ဖော်ပြချက်တွေဟာ ကျွန်တော်တို့နိုင်ငံရဲ့ ပကတိဖြစ်စဉ်တွေနဲ့ လုံးဝကွဲလွဲနေတာ ကျွန်တော်အံ့အားသင့်မိပါတယ်။ ဒါပေမယ့် သူတို့တွေကတော့ နိုင်ငံတကာသတင်းတွေမှာ ဖော်ပြတဲ့အတိုင်းပဲ နားလည်လက်ခံထားကြပါတယ်။ ကာတာမှာ အဖွဲ့ချုပ်ဥက္ကဋ္ဌတွေနဲ့တွေ့တော့ သူတို့က ပြောပြပါတယ်။ ကျွန်တော်ကတော့ မင်းတို့ရောက်လာရင် မင်းတို့သိထား၊ ကြားထားတာတွေနဲ့ တခြားစီဆိုတာ မင်းတို့သိမှာပါလို့ ပြောခဲ့ပါတယ်"

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာမင်းနိုင်သည် ယင်းအကြောင်းများကြောင့် နိုင်ငံတကာဧည့်သည်များအား မြန်မာနိုင်ငံ၏ အခြေအနေအမှန် ပကတိအရှိတရားများကို သိစေမြင်စေရန်၊ ခရီးစဉ်များစီစဉ်ပေးရန် စိတ်အားထက်သန် ပြင်းပြနေခြင်း ဖြစ်သည်။ သို့ရာတွင် ဘဏ္ဍာငွေရရှိမှုက အကန့်အသတ် အခက်အခဲများ ရှိနေဆဲဖြစ်သည်။ ယခုပြိုင်ပွဲကြီးအတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ နှစ်သိန်းကျော်ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားသော်လည်း လက်ရှိရှာဖွေရရှိမှုမှာ အမေရိကန်ဒေါ်လာ တစ်သိန်းဝန်းကျင်ခန့်မျှသာ ရှိသေးသည်။

'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်ပေ့ါ' ဟု ဒေါက်တာမင်းနိုင်က အားတင်းထားသည်။ ထို့ကြောင့် အသိမိတ်ဆွေများနှင့် စေတနာရှင်များကို ဖိတ်ခေါ်၍ အကူအညီတောင်းခံလျက်ရှိပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များကိုလည်း နှိုးဆော်ထားသည်ဟု ဒေါက်တာမင်းနိုင်က ပြောသည်။

လက်ရှိရထားသော အမေရိကန်ဒေါ်လာတစ်သိန်းဝန်းကျင်ခန့်ထဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကူညီပံ့ပိုးပေးမှုများကို ထည့်သွင်းတွက်ချက်ထားခြင်းဖြစ်သည်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ယခုပြိုင်ပွဲဝင်မည့် မြန်မာဘိလိယက်နှင့် စနူကာကစားသမားများနှင့် ဒိုင်လူကြီးများ၏ နေထိုင်စားသောက်စရိတ်များနှင့် ဝတ်စုံစရိတ်များကို တာဝန်ယူပေးထားသည်။

"ကျွန်တော်တို့ လိုအပ်တဲ့ငွေကြေးအပိုင်းကို တတ်နိုင်တဲ့ဘက်က တတ်နိုင်သလို ပါဝင်ကူညီပေးတဲ့သူတွေကို ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။ အခြားစေတနာရှင်များအနေနဲ့လည်း တတ်စွမ်းသလို ကူညီပေးလာကြရင်လည်း တကယ့်ကိုပျော်ရွှင်ရမှာပါ"

ကူညီပေးလျက်ရှိသူများကို ကျေးဇူးစကားဆိုရင်း ကူညီနိုင်သူများအနေဖြင့်လည်း တတ်စွမ်းသရွေ့ ပါဝင်ကူညီကြရန် ဒေါက်တာမင်းနိုင်က အထက်ပါအတိုင်း ဖိတ်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်သည် ယခုနှစ်ဦးပိုင်း မတ်လအတွင်းက အာရှဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အသက် ၂၁ နှစ်အောက် အာရှစနူကာချန်ပီယံရှစ်ပြိုင်ပွဲ၊ အမျိုးသမီးစနူကာချန်ပီယံရှစ်ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲကြီးအောင်မြင်စေရေးအတွက် စပွန်ဆာတချို့နှင့်အတူ ဒေါက်တာမင်းနိုင်အပါအဝင် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက လိုအပ်သောငွေကြေးများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။

ယင်းသို့ တက်ညီလက်ညီရှိမှုများကြောင့်ပင် ယင်းအာရှပြိုင်ပွဲကြီးမှာ ပြောစရာမရှိအောင် အထူးအောင်မြင်ခဲ့သည်။ ယင်းပြိုင်ပွဲကြီး၌ အဆင်ပြေချောမွေ့မှုနှင့် လိုလေသေးမရှိ စနစ်ကျမှုသတင်းကောင်းများကို အာရှဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌက နိုင်ငံတကာဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌအား ပြောပြခဲ့သည်။ IBSF ဥက္ကဋ္ဌသည် အာရှအဖွဲ့ချုပ်ဥက္ကဋ္ဌထံမှ ကြားသိရသော သတင်းစကားများကို ကျေနပ်ပြီး ယခုကမ္ဘာ့ပြိုင်ပွဲကြီးကို မြန်မာနိုင်ငံက အိမ်ရှင်ပြုလုပ်ရန် သူကိုယ်တိုင် စတင်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

### ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်အတွက် ဂုဏ်ယူစရာ

သူသည် မြန်မာနိုင်ငံကို အိမ်ရှင်အဖြစ် ပေးလိုသောကြောင့် ယခု ၂၀၁၈ ခုနှစ်အတွက် အိမ်ရှင်အဖြစ် ပေးပြီးသော အိန္ဒိယနိုင်ငံကို ပြောဆိုညှိနှိုင်းပေးခဲ့ရာ အိန္ဒိယနိုင်ငံက မြန်မာနိုင်ငံ အိမ်ရှင်လုပ်နိုင်ရေးအတွက် အိမ်ရှင်အဖြစ်မှ နုတ်ထွက်ပေးခဲ့သည်။ ထို့ကြောင့် ယခုကမ္ဘာ့ပြိုင်ပွဲကြီး ကျင်းပခွင့်ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံနှင့် ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်အတွက် အလွန်ဂုဏ်ယူစရာအတိ ဖြစ်ပါသည်။

မိမိတို့၏ ကြိုးစားအားထုတ်မှုများအပေါ် အသိအမှတ်ပြုလက်ဆောင်အဖြစ် ကမ္ဘာ့ပြိုင်ပွဲကြီး ကျင်းပခွင့်ရရှိရုံဖြင့် ကျေနပ်နေ၍မပြီးပါ။ မြန်မာကစားသမားများအနေဖြင့် ပြိုင်ပွဲ၌ အောင်မြင်မှုရရှိစေရန်အထိ ကြိုးစားကြဖို့လည်း လိုအပ်ပါသေးသည်။

စင်စစ်အားဖြင့် ကမ္ဘာ့ဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲသည် မြန်မာကစားသမားများ မျက်နှာငယ်ရသော ပြိုင်ပွဲမဟုတ်ပါ။ 150-Up ပြိုင်ပွဲတွင် ၂၀၀၇ ခုနှစ်က ကျော်ဦး တတိယဆုရခဲ့ဖူးပြီး ၂၀၁၆ ခုနှစ်တွင် အောင်ဌေးက တတိယဆုရရှိခဲ့သည်။ ပြီးခဲ့သည့် ကာတာနိုင်ငံ၌ ပြုလုပ်ခဲ့သော ၂၀၁၇ ခုနှစ်ပြိုင်ပွဲတွင် နေသွေးဦးက Long-Up ပွဲ၌ တတိယဆု ရရှိထားသည်။ ထို့ကြောင့် ဘိလိယက်ပြိုင်ပွဲသည် မြန်မာကစားသမားများ မျှော်လင့်ချက်ကြီးရသော ပြိုင်ပွဲဖြစ်သည်။

ယခုကမ္ဘာ့ပြိုင်ပွဲကြီး၏ ဘိလိယက်ချန်ပီယံရှစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ရန် နေသွေးဦး၊ မင်းစည်သူ၊ အောင်ဌေး၊ ပေါက်စ၊ ချစ်ကိုကို၊ အောင်ဆန်းဦး၊ ခင်မောင်ဦး၊ ဇော်သန်းထိုက် စသည့်ကစားသမားရှစ်ဦး အပြင်းအထန် လေ့ကျင့် ပြင်ဆင်လျက်ရှိကြသည်။ ယင်းတို့အနက် နေသွေးဦးနှင့် ဇော်သန်းထိုက်တို့နှစ်ဦးမှာ အသက် ၄၀ နှစ်နှင့်အထက် စနူကာမာစတာတန်း၌လည်း ဆက်လက်ပြိုင်ပွဲဝင်ကြမည့်သူများ ဖြစ်သည်။

စနူကာပုံမှန်တန်း ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ကိုထက်၊ ဝင်းကိုကို၊ အောင်ဖြိုး၊ မောင်မောင်(ခ)ဘုန်းမြင့်ကျော်၊ အောင်ညီညီမောင်၊ မောင်မောင်(ခ)ဖားလေး၊ နိုင်ဝင်းနှင့် အောင်မိုးသူတို့ ပါဝင်ယှဉ်ပြိုင်ရန် အပြင်းအထန် လေ့ကျင့်နေကြသည်။ စနူကာကစားနည်းသည် မြန်မာနိုင်ငံ၌ ဘိလိယက်ကစားနည်းထက် နောက်ကျစွာ ပေါ်ပေါက်လာသော ကစားနည်းဖြစ်၍ ယနေ့အချိန်သည် အညွန့်ဖူးစကာလသာ ရှိနေပါသေးသည်။

### မျှော်လင့်ချက်မြင့်မားစွာဖြင့် လေ့ကျင့်ပြင်ဆင်

သို့သော် ရန်ကုန်တွင် မတ်လကကျင်းပခဲ့သော အသက် ၂၁ နှစ်အောက် အာရှစနူကာ ချန်ပီယံရှစ်ပြိုင်ပွဲ၌ အောင်ဖြိုးက ချန်ပီယံဆု ရယူနိုင်ခဲ့သည်။ ပြီးခဲ့သည့် စက်တင်ဘာလကုန်ပိုင်းက မလေးရှားနိုင်ငံ ဂျိုဟိုး၌ ပြုလုပ်ခဲ့သော အာရှဖိတ်ခေါ်ပြိုင်ပွဲတွင် ကိုထက်က ချန်ပီယံဆု ရယူနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာစနူကာ ကစားသမားများအနေဖြင့်လည်း ယခုကမ္ဘာ့ပြိုင်ပွဲကြီး၌ မျှော်လင့်ချက်မြင့်မားစွာဖြင့် လေ့ကျင့်ပြင်ဆင်လျက်ရှိကြသည်။ 9 Ball Pool ကစားသမားအဖြစ် တရုတ်နိုင်ငံ၌ လူသိများထင်ရှားလျက်ရှိသော မောင်မောင်(ခ)ဘုန်းမြင့်ကျော်လည်း စနူကာပြိုင်ပွဲ၌ ပါဝင်မည်ဖြစ်ရာ စိတ်ဝင်စားဖွယ်ဖြစ်သည်။

အသက် ၄၀ နှစ်နှင့်အထက် ကစားသမားများ ပါဝင်ယှဉ်ပြိုင်ရမည့် မာစတာတန်းစနူကာပြိုင်ပွဲ၌မူ ဇော်ထွန်း၊ ဇေယျာထက်၊ ခိုင်လေးတို့သုံးဦးနှင့်အတူ ဘိလိယက်ကစားသမားများဖြစ်သည့် နေသွေးဦးနှင့် ဇော်သန်းထိုက်တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အမျိုးသမီးစနူကာပြိုင်ပွဲ၌ အေမီအောင်၊ သန္တာမောင်နှင့် နွေးနွေးလှိုင်တို့ ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်သည် ယခုကမ္ဘာ့ပြိုင်ပွဲကြီးအတွက် နည်းပြဆရာဦးမျိုးတင့်၏ ကြီးကြပ်မှုဖြင့် ဘိလိယက်နှင့်စနူကာကစားသမားပေါင်း ၂၂ ဦးတို့အား လေ့ကျင့်ပြင်ဆင်ပေးလျက်ရှိသည်။ ယခုပြိုင်ပွဲအတွက် စခန်းသွင်းထားသည့် သုံးလအတွင်း တစ်ဦးကို တစ်လလျှင် ငွေကျပ်တစ်သိန်းနှုန်း ထောက်ပံ့ပေးထားပြီး လေ့ကျင့်ချိန်အတွင်း ပြိုင်ပွဲများကိုလည်း အပတ်စဉ် ပြုလုပ်ပေးလျက်ရှိရာ အနိုင်ရရှိသူများအတွက် တစ်လလျှင် ဆုကြေးငွေကျပ်ခြောက်သိန်းခန့် ပေးပြီး စိတ်ဓာတ်မြှင့်တင်မှုများ ပြုလုပ်ပေးလျက်ရှိသည်။ ထို့ပြင် ယခုပြိုင်ပွဲ၌ မြန်မာကစားသမားများ ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပါက ငွေကျပ်သိန်း ၁၀၀ နှင့် သိန်း ၃၀၀ တန် ကားတစ်စီး ချီးမြှင့်ရန် စီစဉ်ထားသည်။

ယခုကဲ့သို့ ကမ္ဘာ့အဆင့်ပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပနိုင်သည့်အတွက် မြန်မာ့ဘိလိယက်နှင့် စနူကာ ကစားသမားများ အတွေ့အကြုံကောင်းများရရှိမှု၊ မျိုးဆက်သစ်ကစားသမားများ အားတက်စေမှုစသည့် တိုက်ရိုက်အကျိုးကျေးဇူးများသာမကဘဲ နိုင်ငံတော်၏ ပကတိအခြေအနေမှန် တည်ငြိမ်အေးချမ်းမှုပုံရိပ်များကိုပါ တစ်နွယ်ငင်တစ်စင်ပါ ချပြသိစေနိုင်မည့် အကျိုးကျေးဇူးများပါ ရရှိစေမည်မှာ သေချာနေသောကြောင့် ကမ္ဘာ့ပြိုင်ပွဲကြီးအတွက် အစစအရာရာ အဆင်ပြေချောမွေ့ အောင်မြင်ပါစေကြောင်း ဆုတောင်းလိုက်ပါသည်။ ။

# မြန်မာနိုင်ငံ၏ ပထမဆုံး လူထုမီးဖိုဆောင်ဖွင့်ပွဲကျင်းပ



**တောင်ကြီး နိုဝင်ဘာ ၉**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီခွဲက မြန်မာနိုင်ငံအတွက် ပထမဦးဆုံး လူထုမီးဖိုဆောင်ဖွင့်ပွဲကျင်းပသည်။

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က လူထုမီးဖိုဆောင်ဟု မြန်မာလိုအမည်ပေးထားသော Community Kitchen သည် အိမ်ရှင်မများကို များစွာအထောက်အပံ့ဖြစ်စေသည့်အပြင် သဘာဝပတ်ဝန်းကျင်ကိုပါ ထိန်းသိမ်းစောင့်ရှောက်ရာရောက်သည့် အစီအစဉ်ကောင်းတစ်ခုဖြစ်၍ ဝမ်းမြောက်စွာကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံတွင် ပထမဦးဆုံးစတင်သည့် လူထုမီးဖိုဆောင်ကို ရှမ်းပြည်နယ်တွင် အကောင်အထည်ဖော်ရန် ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းအတွက် ရှမ်းပြည်နယ်ပြည်သူလူထုကိုယ်စား ဂုဏ်ယူရပါကြောင်း၊ ရှမ်းပြည်နယ်အစိုးရအနေဖြင့်လည်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စွမ်းအားမြင့်မီးဖိုများကို ပြည်သူများအသုံးပြုနိုင်ရန်အတွက် တောင်ကြီးခရိုင်တွင် ၁၂၅ လုံး၊ လွိုင်လင်ခရိုင်တွင် ၇၅ လုံး၊ လင်းခေးခရိုင်တွင် အလုံး ၅၀၊ ဒုပြည်နယ်လားရှိုးတွင် အလုံး ၁၀၀၊ ဒုပြည်နယ်ကျိုင်းတုံတွင် အလုံး ၁၀၀ စုစုပေါင်းအလုံး ၄၅၀ ကို ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကမ္ဘာလုံးဆိုင်ရာ LPG အဖွဲ့၏ Cooking For Life မှ Mrs. Alison Abbott က ကမ္ဘာလုံးဆိုင်ရာ အမြင်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက အမှာစကားပြောကြားပြီး ပါရမီစွမ်းအင်ကုမ္ပဏီများအုပ်စုမှ အမှုဆောင်အရာရှိချုပ် ဦးပြည့်ဝထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် တက်ရောက်လာသူပရိသတ်များက လူထုမီးဖိုဆောင်တွင် လက်တွေ့ချက်ပြုတ်ခြင်းကို လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# (၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ဘားအံ နိုဝင်ဘာ ၉**

(၆၃)နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်ကို နိုဝင်ဘာ ၇ ရက်မှ စတင်ကာ နိုဝင်ဘာ ၁၀ ရက်အထိ နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာကျင်းပလာခဲ့ရာ ယခုနှစ် ကရင်ပြည်နယ်နေ့ပွဲတော်၏ အဓိကထည့်သွင်းထားသော ဒုံးအကပြိုင်ပွဲ၊ ဒေသဖွံ့ဖြိုးရေးပြခန်းများ၊ အခြားပျော်ပွဲရွှင်ပွဲများနှင့် ဈေးရောင်းပွဲတော်များကို ထည့်သွင်းထားကာ ယခင်နှစ်များထက် ပိုမိုစည်ကားမှုရှိကြောင်း ဒေသခံများထံမှ သိရသည်။

(၆၃) နှစ်မြောက် ကရင်ပြည်နယ်နေ့ပွဲတော်တွင် ကရင်ရိုးရာယဉ်ကျေးမှုဒုံးအကအဖွဲ့ ၁၃ ဖွဲ့သည် နိုဝင်ဘာ ၇ ရက်မှ နိုဝင်ဘာ ၁၀ ရက်အထိ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပြည်နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြသထားသည့် ပင်မပြခန်းပေါင်း ၃၂ ခန်းနှင့် အသေးစားနှင့်အလတ်စားလုပ်ငန်းများပြခန်း ၂၀ စုစုပေါင်း ပြခန်းပေါင်း ၅၂ ခန်းကို ဖွင့်လှစ်ပြသထားလျက်ရှိရာ ကြည့်ရှုသူများ များပြားလျက်ရှိသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ပဲမျိုးစုံ ဧက ၁၁ သိန်းကျော် စိုက်ပျိုးရန်လျာထား

**မုံရွာ နိုဝင်ဘာ ၉**

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဆောင်းရာသီပဲမျိုးစုံစိုက်ပျိုးချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ၁၀ ခုတွင် ပဲမျိုးစုံ ၁၁၀၄၉၁၂ ဧက စိုက်ပျိုးသွားရန် လျာထားကြောင်း တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ညွန့်ထံမှ သိရသည်။

တိုင်းဒေသကြီး၏ ဆောင်းရာသီအတွင်း ပဲမျိုးစုံစိုက်ပျိုးရေးအဖြစ် ပဲတီစိမ်း ဧက ၁၃၉၇၇၀၊ မတ်ပဲ ၂၀၉၀၇၇ ဧက၊ ပဲပုပ် ၄၁၄၀၈ ဧက၊ ပဲလွမ်း ၄၃၄၁၈ ဧက၊ ကုလားပဲ ၄၂၇၀၇၈ ဧက၊ စားတော်ပဲ ၅၉၃၁၆ ဧက၊ စွန်တာနီပြာ ၁၄၆၉၃၃ ဧက၊ စွန်တာနီ ၈၀၆၃ ဧက၊ ထောပတ်ပဲ ၂၉၈၄၉ ဧကတို့ကို စိုက်ပျိုးရန် လျာထားကြောင်း သိရသည်။

"ပဲစားသုံးမှုနဲ့ ကုန်စည်ထုတ်လုပ်မှုတွေ အားကောင်းတော့ စပါးစိုက်ပျိုးပြီးရင် ပဲမျိုးစုံစိုက်ပျိုးမှုကအများဆုံးပဲ၊ တိုင်းဒေသကြီးရဲ့ လူဦးရေက မြန်မာနိုင်ငံလူဦးရေရဲ့ ၁၀ ပုံတစ်ပုံရှိတယ်၊ နောက်ပြီး စက်မှုဇုန်တွေရဲ့ပဲမျိုးစုံနဲ့ပတ်သက်တဲ့ ကုန်စည်ထုတ်လုပ်မှုကလည်းရှိတယ်၊ ပိုလျှံတဲ့ပဲတွေကိုလည်း အခြားတိုင်းဒေသကြီး၊ နိုင်ငံခြားကိုပို့နိုင်တဲ့အထိ စိုက်ပျိုးထုတ်လုပ်မှုတွေရှိပါတယ်" ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပဲမျိုးစုံစိုက်ပျိုးရန်လျာထားမှုများအနေဖြင့် စစ်ကိုင်းခရိုင်အတွင်း ၁၂၁၃၂၈ ဧက၊ မုံရွာခရိုင်အတွင်း ဧက ၁၉၇၉၉၀၊ ယင်းမာပင်ခရိုင်အတွင်း ၁၇၈၅၄၄ ဧက၊ ရွှေဘိုခရိုင်အတွင်း ၂၉၅၈၈၆ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၁၁၉၁၀၁ ဧက၊ ကသာခရိုင်အတွင်း ၇၃၂၀၂ ဧက၊ ကလေးခရိုင်အတွင်း ၉၇၈၈၆ ဧက၊ မော်လိုက်ခရိုင်အတွင်း ၁၂၄၅၅ ဧက၊ တမူးခရိုင်အတွင်း ၄၄၅၇ ဧက၊ ခန္တီးခရိုင်အတွင်း ၄၀၆၃ ဧက စုစုပေါင်း ၁၁၀၄၉၁၂ ဧကတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဆောင်းရာသီစိုက်ပျိုးချိန်တွင် စိုက်ပျိုးသွားရန်လျာထားကြောင်း သိရသည်။

**ဝင်းဦး(ဧေယျာတိုင်း)**

အနုပညာသတင်း

# နယ်လှည့်ဖျော်ဖြေရေးအတွက် ဗစ်တိုးရီးယားဘတ်ခမ်းကို မတောင်းဆိုခဲ့ဖူးကြောင်း Spice Girls ဖွင့်ဟ



တစ်ချိန်က အလွန်ကျော်ကြားခဲ့တဲ့ အမျိုးသမီးတေးဂီတအဖွဲ့ "Spice Girls" ဟာ မကြာသေးမီက အဖွဲ့ရဲ့ နယ်လှည့်ဖျော်ဖြေပွဲ ပြုလုပ်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ဒီအကြောင်းကို လတ်တလောမှာ ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်မှာ ပြောကြားခဲ့ရာမှာတော့ အဖွဲ့ဝင်တွေက သူတို့နဲ့အတူ တစ်ချိန်ကအဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ဖူးတဲ့ ဗစ်တိုးရီးယားဘတ်ခမ်းကို လာမယ့် နယ်လှည့်ဖျော်ဖြေပွဲမှာ ပါဝင်ဖို့ရာ ပြောကြားခဲ့ဖူးခြင်း မရှိကြောင်း ဖွင့်ဟခဲ့တယ်လို့ မစ်ရာဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်အရ သိရပါတယ်။

အဖွဲ့ဝင်လေးဦးဟာ ပြီးခဲ့တဲ့ စနေနေ့က ဂျွန်နသန်ရော့စ်ရဲ့ ရုပ်သံအစီအစဉ်မှာ ပါဝင်ခဲ့ကြရာမှာ အထက်ပါအတိုင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် ဖျော်ဖြေပွဲအစီအစဉ်တွေနဲ့ပတ်သက်ပြီးလည်း ပြောကြားခဲ့ပါတယ်။ "Spice Girls"ရဲ့ ဖျော်ဖြေပွဲကိုတော့ လာမယ့်နှစ် ဇွန်လအတွင်း ပြုလုပ်သွားမှာဖြစ်ကြောင်း တေးသံရှင်တွေက ပြောကြားခဲ့တယ်လို့ သိရပါတယ်။

နယ်လှည့်ဖျော်ဖြေပွဲတွေအတွက် စီစဉ်ခဲ့ရာမှာတော့ တစ်ချိန်ကအတူ သီဆိုဖျော်ဖြေခဲ့တဲ့ ဗစ်တိုးရီးယားဘတ်ခမ်းကလည်း ထောက်ပံ့ကူညီပေးခဲ့ကြောင်း အဖွဲ့ဝင်တွေက ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် ဗစ်တိုးရီးယားကို လာမယ့်ဖျော်ဖြေပွဲမှာ အတူပါဝင်ပေးဖို့ရာကိုတော့ တောင်းဆိုခဲ့ခြင်းမရှိဘူးလို့ ပြောကြားခဲ့ပါတယ်။ အဖွဲ့ဝင်တစ်ဦးရဲ့ပြောကြားချက်အရ ဗစ်တိုးရီးယား ဘတ်ခမ်းဟာ ဖက်ရှင်နဲ့ပတ်သက်ပြီး အောင်မြင်ခဲ့သူတစ်ဦးဖြစ်တာနဲ့အညီ လက်ရှိမှာ ဖက်ရှင်လုပ်ငန်းတွေနဲ့ အလုပ်များနေတာကြောင့်တစ်ကြောင်း၊ သူ့ရဲ့ အနုပညာဟာ တေးဂီတဘက်ကနေ ဖက်ရှင်ဘက်ကို ပြောင်းလဲသွားခဲ့ပြီဖြစ်တာကြောင့်တစ်ကြောင်း ဖျော်ဖြေပွဲမှာ ပါဝင်ဖို့ရာ မတောင်းဆိုတော့တာ ဖြစ်တယ်လို့ သိရပါတယ်။

လက်ရှိမှာတော့ "Spice Girls" အဖွဲ့ဝင်တွေဟာ လာမယ့်နှစ် နယ်လှည့်ဖျော်ဖြေပွဲအတွက် ပရိုမိုးရှင်းလုပ်ငန်းတွေကို စတင်လုပ်ဆောင်နေပြီဖြစ်တယ်လို့လည်း သိရပါတယ်။

## သယ်ဝိခ်ကန်းဒ်ရဲ့ တေးအယ်လ်ဘမ်သစ် မကြာမီ ထွက်ရှိမည်

အာရ်အင်န်ဘီတေးသံရှင်တစ်ဦးဖြစ်သူ သယ်ဝိခ်ကန်းဒ်ဟာ မကြာမီမှာတော့ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ကို ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ယခုသီတင်းပတ်မှာ သယ်ဝိခ်ကန်းဒ်ရဲ့ ဇာတိ တိုရန်တိုမှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ တေးသံရှင်က သူ့ရဲ့ အယ်လ်ဘမ်သစ်နဲ့ပတ်သက်ပြီး ပရိသတ်တွေကို ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ သယ်ဝိခ်ကန်းဒ်က လတ်တလောမှာတော့ သူဟာ တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

ဒီလိုပြောကြားခဲ့ပြီးနောက်မှာတော့ သယ်ဝိကန်းဒ်က သူ့ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ တေးအယ်လ်ဘမ် သစ်နဲ့ပတ်သက်ပြီး ရေးသားဖော်ပြခဲ့ပါတယ်။ သူ့ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ "Chapter 6"လို့ အမည် ရပါတယ်။ သယ်ဝိခ်ကန်းဒ်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ တေးအယ်လ်ဘမ် "Starboy"နဲ့ ပရိသတ်တွေရဲ့ အားပေးမှုကို ပိုမိုရရှိလာခဲ့ကာ ကမ္ဘာကျော်တေးသံရှင်တစ်ဦး ဖြစ်လာခဲ့ပါတယ်။

**အေးပြည့်-ရေးသားသည်**

# ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး SME စင်တာများ တိုးချဲ့ဖွင့်လှစ်မည်

**ရန်ကုန် နိုဝင်ဘာ ၉**

မြန်မာနိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန်အတွက် SME စင်တာများ တိုးချဲ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း အများနှင့်သက်ဆိုင်သော သမဝါယမဘဏ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းဟာ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေဖြစ်ကြပါတယ်။ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် SME ကဏ္ဍဟာ အရေးပါတဲ့အခန်းကဏ္ဍမှာ ရှိနေပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့သမဝါယမဘဏ်အနေနဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေမှာလိုအပ်နေတဲ့ ချေးငွေတွေထုတ်ပေးနိုင်ဖို့ SME စင်တာတွေကို တိုးချဲ့ဖွင့်လှစ်သွားမှာဖြစ်ပါတယ် ။ ဖွင့်လှစ်ပြီးသွားတဲ့ SME စင်တာတွေကနေ ချေးငွေတွေထုတ်ချေးနေတဲ့အပြင် အကြံဉာဏ်တွေပေးတဲ့ ဝန်ဆောင်မှုကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပြည်ပအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီးတော့လည်း ချေးငွေတွေရရှိရေးဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု သမဝါယမဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းတွင် Pullman ဟိုတယ်၌ပြုလုပ်သော သမဝါယမဘဏ် နှစ်ပတ်လည်အခမ်းအနားတွင် ပြောသည်။

စီးပွားရေးအချက်အချာကျသော မြို့ကြီးများတွင် အဆိုပါဘဏ်က SME စင်တာများဖွင့်လှစ်ထားရာ ရန်ကုန်မြို့တွင် နေရာ သုံးခု၊ မန္တလေးမြို့တွင် နေရာနှစ်ခု၊ နေပြည်တော်နှင့် စစ်တွေမြို့တို့တွင် တစ်ခုစီ ဖွင့်လှစ်ပေးထားပြီဖြစ်ကြောင်း၊ ထပ်မံ၍လည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် ငွေကြေးအခက်အခဲရှိသောလုပ်ငန်းများအနေဖြင့် ဖုန်းနံပါတ်များဖြစ်သည့် ၀၁ ၃၇၁၁၅၀ နှင့် ၀၁ ၂၃၀၇၉၀၆ တို့တွင် ချေးငွေများလျှောက်ထားနိုင်ကြောင်း သိရသည်။

အများနှင့်သက်ဆိုင်သော သမဝါယမဘဏ်ကို လွန်ခဲ့သော ၂၆ နှစ်က ဖွင့်လှစ်ခဲ့ပြီး ယခုအခါ နိုင်ငံတစ်ဝန်းဘဏ်ခွဲပေါင်း ၂၁၄ ခု ဖွင့်လှစ်ထားကာ ဘဏ်ဝန်ထမ်းပေါင်း ၈၀၀၀ ကျော်တို့ဖြင့် အင်တာနက်ဘဏ်စနစ်၊ မိုဘိုင်းဖုန်းဘဏ်စနစ်၊ အေးဂျင့်ဘဏ်စနစ်တို့ကို အသုံးပြု၍ ပြည်သူများအတွက် ဘဏ်ဝန်ဆောင်မှု လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**ခင်မောင်ဝင်း(ကြေးမုံ)**

# စက်မှုလယ်ယာဦးစီးဌာနက သဲဖုံးမြေများအား ပဲစိုက်ပျိုးသည့်ကိရိယာဖြင့်သရုပ်ပြစိုက်ပျိုး

**ရေတာရှည် နိုဝင်ဘာ ၉**

တောင်ငူခရိုင် ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၈) ထွန်စက်စခန်းမှ (ADSP) အစီအစဉ်ဖြင့် ဆွာချောင်းတစ်လျှောက် သဲများဖုံးလွှမ်းခံခဲ့ရသော တောင်သူများ၏ ဆောင်းသီးနှံများ စိုက်ပျိုးချိန်အမီ စိုက်ပျိုးနိုင်ရေးအတွက် ပဲအစေ့ချ စက်ကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၈ နာရီတွင် ကုန်းကြီးကျေးရွာအုပ်စု ကြို့ပင်ထိုက်ရွာအနောက်ဘက်ရှိ ကွင်းအမှတ် (၆၂၀) တွင်ပြုလုပ်ခဲ့သည်။

သဲဖုံးမြေများအား စက်မှုလယ်ယာဦးစီးဌာနမှ ထွန်စက်များဖြင့် သဲများဖယ်ရှားပေးခြင်း၊ စိုက်ပျိုးနိုင်သည်အထိ မြေပြုပြင်ခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးနောက် ယခုကဲ့သို့ ရာသီအချိန်မီ စိုက်ပျိုးနိုင်ရန်အဆင်သင့်ရှိနေခြင်းကြောင့် စက်ကိရိယာအသုံးပြု၍ ပဲအစေ့ချစိုက်ပျိုးနိုင်ပါက လူအား၊ ငွေအား အကုန်အကျသက်သာနိုင်သည့်အပြင် အချိန်တိုအတွင်း အမြန်ဆုံးပြီးစီးနိုင်မည်ဖြစ်ကြောင်း မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးသန်းဦးက ပြောကြားခဲ့ပြီး တောင်သူများ၏ သိရှိလိုသည်များကို တာဝန်ရှိသူများက လက်တွေ့ဆောင်ရွက်ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ပဲစိုက်ပျိုးခြင်းသရုပ်ပြပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာကျော်ကျော်နှင့် မြို့နယ်အဆင့်တာဝန်ရှိသူများ၊ ကွင်းကြီး၊ ကုန်းကြီး၊ ဆွာမင်းလမ်းကျေးရွာအုပ်စုများမှ ဒေသခံတောင်သူများ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ၂၀၂၀ အာရှယူ–၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း ဂျပန်၊ တီမော၊ မကာအိုတို့နှင့် ကျရောက်



၂၀၁၈ အာရှ ယူ–၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်းယှဉ်ပြိုင်နေစဉ်။

**ရန်ကုန် နိုဝင်ဘာ ၉**

သိန်းနီမြို့၊ အမှတ် (၄) ရပ်ကွက်နေ (ဦးမောင်မောင်)-ဒေါ်နန်းကြည်ညွန့်၊ ရန်ကုန်မြို့နေ ဦးရဲမြင့်သိမ်း-ဒေါ်နန်းမိုးဟွမ်၊ သိန်းနီမြို့၊ အမှတ်(၄) ရပ်ကွက်နေ ဦးတင်အောင်လွင်-ဒေါ်နန်းအုံးကြည် (ဖြိုးသဇင်ဓာတ်ပုံနှင့် ဗွီဒီယို)၊ ဦးချစ်ဆွေဦး-ဒေါ်နန်းစမ်ဟွယ်၊ (ဦးစိုင်းထွန်းရွှေ)၊ ဦးဆလိုင်းကျော်ဖုန်းနိုင် (ဒုဦးစီးမှူး၊ သိန်းနီကျေးလက်)-ဒေါ်နန်းကြည်မြင့်(တရားလွှတ်တော်ရှေ့နေ)၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်နေ ဒေါက်တာစိုင်းကျော်ရွှေ - ဒေါ်သန်းသန်းထွေးတို့၏ မွေးသဖခင် ကျေးဇူးရှင်၊ မြေး ၂၁ ယောက်၊ မြစ် ၁၆ ယောက်တို့၏ အဘိုး ဦးဆုပညာသည် ၈-၁၁-၂၀၁၈ (ကြာသပတေးနေ့) ည ၉ နာရီတွင် ကွယ်လွန်သွားပါ၍ ၉-၁၁-၂၀၁၈ ရက်တွင် ကျီစုသုသာန်၌ မီးသဂြိုဟ်ပြီး၍ အရိုးပြာအိုးအား သိန်းနီမြို့ ဝိန်းနန်းသုသာန်၌ ဂူသွင်းမြှုပ်နှံမည် ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၃-၁၁-၂၀၁၈ ရက်တွင် ဧည့်ခံကျွေးမွေးပြီး ၁၄-၁၁-၂၀၁၈ ရက်တွင် ဝေဠုဝန်ဘုန်းကြီးကျောင်းဝိန်းနန်း၊ သိန်းနီမြို့၌ ရေစက်ချလှူဒါန်းမည်ဖြစ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကားများ အလှူရှင်ဒါယကာကြီး

## ဦးကျော်ငြိမ်း (လှော်ကား)

## အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားဈေးပိုင်းနေ (ဦးသူတော်-ဒေါ်လှခင်)တို့၏ သား၊ လှော်ကားစမ်းကရင်စုနေ (ဦးစောရှားလေ-ဒေါ်နော်မယ်ခင်)တို့၏ သားသမက်၊ လှော်ကားဈေးပိုင်းနေ (ဒေါ်မိ)၊ (ဒေါ်အေးတင်)၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဦးစိန်ဝင်း-ဒေါ်ကြည်)၊ လှော်ကားဈေးပိုင်းနေ ဒေါ်အေးကြွယ်တို့၏ ညီ/မောင်၊ လှော်ကားဈေးပိုင်းနေ ဦးကြီးမြင့်-ဒေါ်အေးသီတို့၏အစ်ကို၊ (ဒေါ်နော်လူတီး(ခ)ဒေါ်တီး)၏ ချစ်လှစွာသောခင်ပွန်း၊ လှော်ကားဈေးပိုင်းနေ (ဦးမောင်မောင်သန်း)-ဒေါ်မြင့်မြင့်ခင်၊ ဦးသန်းဝင်း-ဒေါ်သန်းသန်းနွဲ့၊ ဦးမောင်မောင်ထွန်း-ဒေါ်တင်တင်မူ၊ ဦးမောင်မောင်ညွန့်-ဒေါ်သက်သက်မော်၊ ဦးမောင်မောင်ငြိမ်း-ဒေါ်ငွေငွေခိုင်၊ ဦးအောင်သန်းနိုင်-ဒေါ်သန်းသန်းငြိမ်း၊ ဦးမောင်မောင်ကြီး-ဒေါ်ညိုညိုသန်း၊ ဦးမောင်မောင်ငယ်-ဒေါ်နီလားတို့၏ မွေးသဖခင်၊ မြေး ၂၂ ယောက်၊ မြစ် ၁၅ ယောက်တို့၏ အဘိုးသည် ၈-၁၁-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၁၁-၂၀၁၈ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် နေအိမ်မှ လှော်ကားသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးမောင်မောင် (ရေးမြို့)

## အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ လှည်းတန်း၊ ဦးလှော်ခြံလမ်း၊ အမှတ်(၁၃)နေ (ဦးစံညွန့်-ဒေါ်သိန်း)တို့၏ သား၊ (ဦးကဲ-ဒေါ်အေးဇင်)တို့၏ သားသမက်၊ (ဒေါ်တင်ကြည်)၏ ခင်ပွန်း၊ (ဦးတင်မောင်ဦး)၊ ဦးစိုးသိန်း-ဒေါ်ဥမ္မာ၊ ဦးစိုးမိုး(Chief Officer - Golden Eagle Shipping Ltd.)-Dr.ဖြူဖြူဝင်း (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ ထားဝယ်တက္ကသိုလ်)၊ ဦးအောင်ဇော်မင်း (MD, MNSC Company Ltd.)-ဒေါ်သက်မာဝင်း(UNOPS)တို့၏ ချစ်လှစွာသောဖခင်၊ မြေး ၁၀ယောက်တို့၏ ချစ်လှစွာသောအဘိုး ဦးမောင်မောင်သည် ၉-၁၁-၂၀၁၈ (သောကြာနေ့) နံနက် ၃း၂၀ နာရီတွင် အာရှတော်ဝင် အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဒေါ်အမာရီ(ခ)ဒေါ်ဘေဘီ

## အသက်(၇၄)နှစ်

**ကျောက်ပန်းတောင်းမြို့**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့၊ အမှတ်(၆၆၆)၊ ဇာနည် (၁၅)လမ်း၊ (၉)ရပ်ကွက်နေ (ဦးချစ်မောင်-ဒေါ်မမလေး)တို့၏ တတိယသမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်တာဝါနေ ဒေါ်မီမီချို (အောင်မင်္ဂလာအဝေးပြေးကားဂိတ်)နေ ဦးရဲလင်းချိုတို့၏ မိခင်၊ မြေးခြောက်ယောက် တို့၏ အဘွား ဒေါ်အမာရီ(ခ)ဒေါ်ဘေဘီသည် ၉-၁၁-၂၀၁၈ (သောကြာနေ့) နံနက် ၁၁း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဦးဝင်းဖြိုး(ခ)ဖြိုးဖြိုး

## အသက်(၅၅)နှစ်

ရန်ကုန်မြို့နေ (ဦးချစ်မောင်-ဒေါ်မမလေး)တို့၏ သား၊ (ဦးညွန့်မောင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဒေါ်ရင်ရင်ချို ၏ ခင်ပွန်း၊ မောင်ဈာန်ဝင်းဖြိုး၊ မောင်နန္ဒဝင်းဖြိုးတို့၏ ဖခင် ဦးဝင်းဖြိုး သည် ၉-၁၁-၂၀၁၈ (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၁-၂၀၁၈(ကြာသပတေးနေ့) တွင် အမှတ်(၅၈၀/ B)၊ သီဟသူလမ်း၊ (၁၁)ရပ်ကွက်၊ တ/ဥက္ကလာပမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ညှိနှိုင်းအစည်းအဝေးသို့ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကျင်းပရေး ဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ၂၀၁၉ ခုနှစ် (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို အမျိုးသားရေးဦးတည်ချက်

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖**




ဒုတိယသမ္မတ ဦးမြင့်ဆွေ (၇၁)နှစ်မြောက် လွတ်လပ်ရေးနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ Mr. Chang Zhenming ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ China International Trust and Investment Corporation Group ၏ ဥက္ကဋ္ဌ Mr. Chang Zhenming အား လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၉**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် China International Trust and Investment Corporation Group ၏ ဥက္ကဋ္ဌ Mr. Chang Zhenming ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပူးပေါင်းပါဝင်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ပူးတွဲဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**သတင်းစဉ်**







# နမ့်ခမ်းမြို့၏ ပွဲဆောင်းဆမ်ရိုးရာဓလေ့ဘုရားပွဲတော်

**ညာဏ်မင်း(နမ့်ခမ်း) ဓာတ်ပုံ-ဝေမွန်ဖြိုး**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်အတွင်းရှိ တိုင်းရင်းသားများသည် ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်အညီ ဘာသာရေးပွဲတော်များ၊ ရိုးရာယဉ်ကျေးမှုဓလေ့ပွဲတော်များကို လူမျိုးအလိုက် ဆင်ယင်ကျင်းပလေ့ရှိကြသည်။ ယင်းကဲ့သို့ ဆင်ယင်ကျင်းပကြရာတွင် ရှမ်းတိုင်းရင်းသားများ၏နှစ်စဉ်ကျင်းပမြဲဖြစ်သော "ပွဲဆောင်းဆမ်" ဘုရားပွဲတော်သည် နမ့်ခမ်းမြို့၏ အထင်ရှားဆုံးနှင့် ထူးခြားသည့် အစည်ကားဆုံးပွဲတော်အဖြစ် လူသိထင်ရှားကြသည်။ "ဆောင်းဆမ်"ဆိုသည်မှာ ရှမ်းဘာသာစကားဖြစ်ပြီး "နှစ်ဆယ့်သုံး" ဟု အဓိပ္ပာယ်ရသည်။ သီတင်းကျွတ်လဆန်း ၁ရက်မှ လပြည့်ကျော် ၈ရက်အထိ ရက်ပေါင်း ၂၃ရက်ကို အစွဲပြု၍ "ပွဲဆောင်းဆမ်"ဟု ခေါ်ဝေါ်သတ်မှတ်၍ လွန်ခဲ့သောနှစ်ပေါင်း ၁၅၀ကျော်ကတည်းက ကျင်းပခဲ့ကြသောပွဲတော်ဖြစ်သည်။

"ပွဲဆောင်းဆမ်ရိုးရာဓလေ့ဘုရားပွဲတော်ဟာ ဘယ်နေရာ၊ ဘယ်ဒေသမှာမှ မရှိပါဘူး၊ ကျွန်တော်တို့ နမ့်ခမ်းတစ်မြို့မှာပဲ ကျင်းပတာပါ။ရှေးဘိုးဘွားတို့ရဲ့ အစဉ်အလာလည်းဖြစ်၊ ဒီဒေသရဲ့အဓိကထားတဲ့ အကြီးကျယ်ဆုံးနဲ့ အထင်ရှားဆုံးသမိုင်းဝင် အစဉ်အလာပွဲဖြစ်လို့ ကျွန်တော်တို့ကလည်း နှစ်စဉ်မပျက်ကျင်းပရတာပေါ့ဗျာ"ဟု မြို့နယ်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းဘမြိုင်၏ ပြောပြချက်နှင့်အညီ တကယ်ပင်ကျင်းပကြသည်။

ပွဲဆောင်းဆမ်သည် ဝါကျွတ်အလှူအဖြစ် ကျင်းပသည့် ဘုရားပွဲတော်ဖြစ်ပြီး ဝါကျွတ်ပြီး သီတင်းကျွတ်လပြည့်ကျော် ၁ရက်မှ ၆ရက်အထိ မြို့ပေါ်ရပ်ကွက်ငယ် ၂၁ရပ်ကွက်မှ တစ်ရက်လျှင် လေးရပ်ကွက်စုပေါင်းပြီး လူငယ်မောင်မယ်များက ညချမ်းအချိန်တွင် ပန်း၊ ဆီမီးများကိုယ်စီကိုင်လျက် ညီညာစွာစီတန်းလှည့်လည်ပြီး

အထူးကဏ္ဍ [ခ] သို့ »»



# ရခိုင်တို့၏အတိတ်ကာလ သမိုင်းကြောင်းနှင့် စာပေအရေးအသားလေ့လာနိုင်သည့် အာနန္ဒစန္ဒြကျောက်စာ

**မောင်မောင်ကျော့-ပလက်ဝ**

ရခိုင်တို့၏ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ စုဝေးရာ မြောက်ဦးမြို့ကို အေဒီ ၁၄၃၀ ခုနှစ်တွင် ဘုရင်မင်းစောမွန် တည်ထောင်ခဲ့သည်။ မြောက်ဦးမြို့သည် အေဒီ ၁၇၈၄ ခုနှစ်တိုင်အောင် ရခိုင်မင်းဆက် ၄၉ ဆက်မျှ အဆက်မပြတ်နန်းစံခဲ့သည်။ ဝေသာလီမြို့ဟောင်းသည် မြောက်ဦးမြို့မှ ငါးမိုင်အကွာတွင်ရှိသည်။ ကောင်းကင်မှရိုက်ယူထားသော ဓာတ်ပုံများကိုကြည့်လျှင် ဝေသာလီမြို့ရိုးနှင့်နန်းရာကုန်းကို အထင်းသားတွေ့မြင်နိုင်သည်။ ဝေသာလီတွင် အာနန္ဒစန္ဒြမင်းသည် အေဒီရှစ်ရာစု အဦးပိုင်းလောက်တွင် ရခိုင်ပြည်၌ နန်းစံခဲ့သော ဘုရင်တစ်ပါးဖြစ်သည်။ ထိုမင်းသည် ဘေးတော်၊ ဘိုးတော်တို့ရေးသားခဲ့သော ကျောက်စာတိုင်ကြီးတွင် မိမိလုပ်ဆောင်မှုများကို ရေးထိုးစေခဲ့သည်။ ရေးထိုးသော လက်ရေးလက်သားမှာ အလွန်လှပသေသပ်၏။ စပ်ဆိုသောဂါထာများလည်း အဆင့်အတန်းမြင့်သည်။ ဖွဲ့နွဲ့ပုံမှာလည်း အတုယူဖွယ်ရာကောင်း၏။ သမိုင်းအလိုအရ ယင်းကျောက်စာမှ ရခိုင်လူမျိုးတို့၏ သမိုင်းကြောင်းနှင့် အလွန်အဖိုးတန်သော အချက်အလက်များရရှိစေခဲ့သည်။ ၎င်းမင်းရေးထိုးခဲ့သည့် အနောက်ဘက်မျက်နှာစာများကို ယနေ့တိုင်ကောင်းစွာ ဖတ်ရှုနိုင်သေးသည်။

**ဝေသာလီနန်းမြို့ဟောင်း**

ဝေသာလီမြို့ဟောင်းကို မြောက်ဦးမြို့မြောက်ဘက် ငါးမိုင်အကွာ ရန်ကုန်-စစ်တွေကားလမ်းအနီးတွင် တွေ့ရှိနိုင်သည်။ နန်းမြို့မြောက်ဘက်တွင် ဝေသာလီဘုရားကြီးရှိ၏။ ကြီးမားသောကျောက်တုံးကြီးဖြင့် ထုဆစ်ခဲ့ခြင်းဖြစ်သည်။ ညာဏ်တော်အမြင့် ၁၇ပေခန့်ရှိ၏။ အနောက်ဘက်တွင် နန်းမြို့အပြင် မြို့ရိုး၊ မြို့တံခါး၊ ဘုရားရှိသည်။ တောင်ဘက်တွင် သင်းကျစ်တော်ဘုရားရှိ၏။

ယခင်အစိုးရ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနမှ အထက်တန်းအရာရှိ ဦးမြင့်အောင် ဦးဆောင်ပြီး ဝေသာလီမြို့ဟောင်း တူးဖော်ရေးလုပ်ငန်းဆောင်ရွက်ခဲ့သည်။ ယင်းသို့ တူးဖော်မှုကြောင့် ရှေးဟောင်းနန်းလက်ရာများ၊ ဘုရားစေတီပုထိုး၊ ရုပ်ပွားတော်များ၊ ကျောက်စာ၊ ကြေးနီပြားစာနှင့် ဒင်္ဂါးများတူးဖော်ရရှိခဲ့သည်။ နွားလားဥသဘနည်းတူ ကျောက်နွားရုပ်တစ်ခုကိုလည်း တူးဖော်တွေ့ရှိခဲ့၏။ တူးဖော်တွေ့ရှိခဲ့သော အချက်အလက်များအရ ဝေသာလီနေရာကို ရခိုင်ပြည်တွင်ဟု အခိုင်အမာထောက်ပြနိုင်ခဲ့သည်။ ယင်းသို့ တူးဖော်အားဖြည့်မှု၊ ပညာရှင်တို့၏ကြိုးပမ်းအားထုတ်မှုတို့ပေါင်းစပ်၍ ဝေသာလီသည် ရခိုင်ပြည်တွင် အမှန်တကယ်ရှိသော နန်းမြို့ဟောင်းတစ်မြို့ဖြစ်ကြောင်း ရုပ်လုံးပေါ်လာခဲ့သည်။

အထူးကဏ္ဍ [ခ] သို့ »»



# တိုင်းရင်းသားရေးရာ



အထူးကဏ္ဍ [ က ] မှ »»

ရှမ်းရိုးရာအိုးစည်တီးခတ်၍ မြို့လယ်ဘုရားကြီးသို့ သွားရောက်ကာ ပန်းဆက်ကပ်ခြင်း၊ ဆီမီးပူဇော်ခြင်းဖြင့် ကုသိုလ်ပြုကြသည်။ နောက်တစ်ရက် နံနက်ခင်းတွင်လည်း ဘုရားကြီးကို ဆွမ်းတော်ကပ်လှူပူဇော်ကြပြီး နမ့်ခမ်းမြို့၏သမိုင်းဝင် ပထမဦးဆုံးတည်ဆောက်ခဲ့သော "သီရိမင်္ဂလာရုံ" မြို့လယ်ကျောင်းတိုက် ဘုန်းတော်ကြီးကျောင်းတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြသည်။ ဝါကျွတ်အလှူပွဲကို သီတင်းကျွတ်လပြည့်ကျော် ၆ ရက်အထိ နေ့စဉ်လှူဒါန်းကျင်းပပြီး သီတင်းကျွတ်လပြည့်ကျော် ၇ ရက်တွင် ပွဲကြိုရက်အဖြစ် စတင်ကာ ၈ ရက်တွင် ရေစက်ချလှူဒါန်းသည့် ပွဲတော်ရက်အဖြစ် သတ်မှတ်ကျင်းပကြသည်။

ပွဲတော်စတင်သည့်ရက်မှစ၍ ရှမ်းရိုးရာဇာတ်သဘင်ဖြင့် ကပြဖျော်ဖြေတင်ဆက်မှုနှင့်အတူ ရပ်ကွက်/ကျေးရွာများက အိမ်လုံးကျွတ်ပွဲဝင်လည်ပတ်ကြရာ ကြက်ပျံမကျစည်ကားလှသည်။ ပျော်ပွဲရွှင်ပွဲများ၊ ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာအဝတ်အထည်များ၊ မုန့်ပဲသရေစာအမျိုးမျိုး၊ အထိမ်းအမှတ်ပစ္စည်းများ၊ ကစားစရာများရောင်းချကြသည့် ပွဲဈေးသည် ပွဲတော်ကျင်းပသည့် မြို့လယ်ဘုရားကြီးကွင်းပြင်တွင် ပြည့်လျှက်ရှိရာ ပွဲတော်သို့လာရောက်ကြသူများက မိမိတို့နှစ်သက်ရာများကို အလွယ်တကူဝယ်ယူစားသောက်နိုင်ကြသည်။ ပွဲဆောင်းဆမ်ကျင်းပသည့် မြို့လယ်ဘုရားကြီးအတွင်း ပွဲစတင်သည့်နေ့မှစ၍ ပွဲပြီးမြောက်သည်အထိ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိသည်။ တစ်မြို့နယ်လုံးရှိ ရပ်ကွက်၊ ကျေးရွာများမှ လူကြီး၊ လူရွယ်၊ လူငယ်များအပါအဝင် ကလေးသူငယ်များပါမကျန် လာရောက်ကြသည်။ အချို့သော မိသားစုဝင်များက အိမ်တွင်ချက်ပြုတ်စားသောက်ခြင်းမပြုတော့ဘဲ ပွဲဈေးအတွင်းရောင်းချသည့် အစားအသောက်များကို တစ်မိသားစုလုံးလည်ပတ်ရင်းစားသောက်ကြသည်။ လူငယ်မောင်မယ်များက ရိုးရာဝတ်စုံအသစ်ကို ဒီဇိုင်းထွင်၍ အမျိုးမျိုးဆန်းသစ် ဝတ်ဆင်ကာ



ပွဲတော်ကို နွှဲပျော်ကြသကဲ့သို့ ကလေးသူငယ်များကလည်း အဝတ်အစားသစ်များ ဝတ်ဆင်ပြီး မိသားစုနှင့်အတူ လည်ပတ်ကြသည်။ စီးပွားရေးလုပ်ငန်းရှင်များ၊ လုပ်ငန်းခွင်မှ လက်လုပ်လက်စားသမားများ၊ တောင်သူလယ်လုပ်ကိုင်ကြသူများသည် ပွဲရက်အတွင်း အလုပ်နားရ၍ ပွဲဝင်ကြသည်မှာ ဒေသ၏ဓလေ့တစ်ခုပင်ဖြစ်သည်။

ပွဲဆောင်းဆမ်၏ ရေစက်ချလှူဒါန်းသည့်ပွဲရက်ဖြစ်သော သီတင်းကျွတ်လပြည့်ကျော် ၈ ရက် နံနက် ၇ နာရီတွင် မြို့လယ်ဘုရားကြီးအား ဆရာတော်၊ သံဃာတော်များက အနေကဇာတင်လှူပြီး မြို့နယ်သာသနာ့နုဂ္ဂဟအဖွဲ့နှင့် မြို့မိမြို့ဖ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်ချ ကုသိုလ်ယူကြသည်။ ယခု ၁၃၈၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်ကျော် ၈ ရက်တွင် သံဃာတော်အပါး ၄၀၀ ပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းလောင်းလှူကြသော ဌာနဆိုင်ရာများ၊ တိုင်းရင်းသားပြည်သူများ၊ စေတနာရှင်ပြည်သူများ၏ ကုသိုလ်ဒါနပြုနေပုံများကို မြင်တွေ့ရသည်မှာ ဝမ်းသာပီတိဖြစ်လျက် အားလုံးကမုဒိတာပွားကြသည်။ ရပ်ကွက်နှင့် ကျေးရွာများကလည်း မိမိတို့၏ ရပ်ကွက်/ကျေးရွာချင်းအလိုက် ပဒေသာပင် ၅၇ ခုကို ပွဲအကြိုရက်နှင့် ပွဲရက်ဖြစ်သော သီတင်းကျွတ်လပြည့်ကျော် ၈ ရက် မွန်းလွဲ ၁ နာရီတွင် လူရွယ်၊ လူငယ်မောင်မယ်များက ရှမ်းရိုးရာဝတ်စုံ ကိုယ်စီဝတ်ဆင်ကြကာ စုပေါင်းညီညာသော အကများနှင့်အတူ ရှမ်းရိုးရာအိုးစည်ကိုတီး၍ ကိန္နရီကိန္နရာအက၊ တိုးနရားအကတို့ဖြင့် မြို့တွင်းလှည့်လည်သည့် မြင်ကွင်းသည် ပွဲဆောင်းဆမ်၏သရုပ်ကို ထင်ဟပ်ပေါ်လွင်စေရုံသာမက ရှေးဘိုးဘေးတို့ လက်ထက်ကတည်းက ကျင်းပခဲ့ကြသော ရိုးရာဘုရားပွဲ၏အနှစ်သာရကို မြင်တွေ့ရလေသည်။



နှစ်လရက် အချိန်ရာသီများ ပြောင်းလဲ၍ မည်မျှပင်အချိန်ကြာညောင်းခဲ့စေကာမူ၊ ခေတ်စနစ်များ မည်သို့ပင် ပြောင်းလဲစေကာမူ နမ့်ခမ်းမြို့၏ "ပွဲဆောင်းဆမ်" ဘုရားပွဲကို မပြောင်းလဲဘဲ နှစ်စဉ်ကျင်းပမြဲ ကျင်းပလျက်ရှိကြသည်။ "ရှေးထုံးလည်းမပယ်နဲ့၊ ဈေးသုံးလည်းမကွယ်နဲ့" ဆိုသောစကားနှင့်အညီ ရှေးဘိုးဘွားဘီဘင် လက်ထက်ကတည်းက ကျင်းပခဲ့သည့် ထုံးတမ်းအစဉ်အလာများနှင့်အညီ ဆင်ယင်ကျင်းပလေ့ရှိကြသည်။ နောင်လာနောက်သား အစဉ်အဆက်အလိုက် နှစ်စဉ်ကျင်းပလေ့ရှိသော "ပွဲဆောင်းဆမ်" ကြောင့် သက်ကြီးရွယ်အို လူကြီးများ ဒါနသီလပြုကြရသကဲ့သို့ လူရွယ်၊ လူငယ်များ ကုသိုလ်လည်းယူ ပျော်ပွဲလည်းဆင် စိတ်လည်းကြည်နူး အပန်းဖြေမှုကိုလည်း ရရှိစေသည်။ ရှမ်းအိုးစည်သံတညံညံနှင့်အတူ ရှမ်းရိုးရာတေးသံသာများ ပျံ့လွင့်လျက် မြူးထူးကခုန်ရိုးရာအကစုံလင်လှစွာဖြင့် နှစ်စဉ်နွှဲပျော်ကုသိုလ်တော်ယူကြရင်း နမ့်ခမ်းမြို့၏ "ပွဲဆောင်းဆမ်" ဘုရားပွဲတော်သည် ရွှေလီမြစ်ဝှမ်းဒေသအတွင်း ထာဝရထင်ရှားနေသည့် ဝါကျွတ်ရိုးရာဘုရားပွဲတော် ဖြစ်ပါကြောင်း ရေးသား တင်ပြလိုက်ရပါသည်။ ။

❑

အထူးကဏ္ဍ [ က ] မှ »»

ဝေသာလီကို မည်သူတည်ထောင်ခဲ့သနည်း။ ရခိုင်ရာဇဝင်တွင် မဟာတိုင်းစန္ဒြမင်းတည်ထောင်ခဲ့သည်ဟု ဖော်ပြပါရှိသည်။ ဒေါက်တာဂျွန်စတင်က ကျောက်စာအနောက်ဘက်မျက်နှာစာကို ဖတ်ရှုပြီး ဝေသာလီတွင် မင်းပေါင်း ၂၇ ပါး စိုးစံခဲ့ကြောင်း၊ ယင်းမင်းတို့ကို မင်းဆက်သုံးဆက်ခွဲခြားဖော်ပြထားကြောင်း၊ ဒုတိယ မင်းဆက်တည်ထောင်သူ ဒွေဝံစန္ဒြမင်းဖြစ်ကြောင်း၊ ခရစ်နှစ် ၃၅၀ ခန့်တွင် စတင်တည်ထောင်သည်ဟု ယူဆခဲ့သည်။ ကျောက်စာပါ ဂါထာအပိုဒ် ၁၉၊ ၂၀၊ ၂၁ ပါ အကြောင်းအရာများအရ ပညာရှင်အသီးသီးက ဒုတိယမင်းဆက်တည်ထောင်သူမှာ ဒွေဝံစန္ဒြမင်းဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။ ကျောက်စာတွင် မြို့အမည်ကို ရေးထိုးထားခြင်းမရှိပေ။

ဒွေဝံစန္ဒြမင်းတည်ထောင်သည်ဟု ဆုံးဖြတ်ခဲ့မှုကြောင့် ကျောက်စာပါ ပထမမင်းဆက်ကို ဓညဝတီခေတ်မင်းဆက်ဟုပင် သမိုင်းခေတ်ခွဲခြားရတော့မည့်အခြေအနေကို တွေ့ကြုံလာခဲ့ရသလို ပထမမင်းဆက်၏ သမိုင်းခေတ်ခွဲခြားနေရာရှိမှုအတွက် ဓညဝတီမင်းဆက်များ၏ ကန့်သတ်ထားမှုသည် ကျောက်စာပါ ပထမမင်းဆက်မှာ ဝေသာလီမင်းဆက် ဟုတ်၊ မဟုတ် ပြန်လည်ဆန်းစစ်ရမည့် အခြေအနေမျိုးလည်း ရင်ဆိုင်လာရပြန်သည်။

ဤသို့ဆိုလျှင် အစဉ်အဆက်လက်ဆင့်



ကမ်း သယ်ဆောင်လာခဲ့ကြသော ဓညဝတီမင်းဆက်ကို မျက်ကွယ်ပြုရတော့မည်လော၊ ကျောက်စာပါ ပထမမင်းဆက်ကိုသာ အတည်ယူရမည်လော ပြဿနာတစ်ရပ် ပေါ်ပေါက်လာပေသည်။ ကျောက်စာသည် ရာဇဝင်ကို အကြီးအကျယ် တုန်လှုပ်သွားစေခဲ့သည်။ သို့သော် ယခင်ကစိတ်ကူးယဉ်မျှသာ ယူဆခဲ့ကြသော ဝေသာလီသည် အာနန္ဒစန္ဒြကျောက်စာနှင့် ဝေသာလီမြို့ဟောင်းမှ တူးဖော်တွေ့ရှိရသည့် ရုပ်ဝတ္ထုသက်သေအထောက်အထားများကြောင့် ရခိုင်သမိုင်းတွင် အထင်အရှားရှိခဲ့သော နန်းမြို့ဟောင်းတစ်ခုအဖြစ် သိမြင်လာခဲ့ရသည်။

## အာနန္ဒစန္ဒြကျောက်စာ

ဘုရင်မင်းဗာကြီး (အေဒီ ၁၅၃၁- ၁၅၅၃) လက်ထက် သျှစ်သောင်းပုထိုးတော်ကို အေဒီ-၁၅၃၅ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။ အာနန္ဒစန္ဒြကျောက်စာမှာ ဝေသာလီမြို့ဟောင်းမှ သျှစ်သောင်းပုထိုးတော်ကြီးသို့ အေဒီ ၁၅၃၆ ခုနှစ်တွင် မင်းဗာကြီးမှ ပြောင်းရွှေ့စိုက်ထူခဲ့ခြင်းဖြစ်သည်။ သျှစ်သောင်းဘုရားသို့အတက် ၁၆ ပေ မြင့်သောနေရာရှိ မုခ်ဝတွင် အမြင့် ကိုးပေ ခုနစ်လက်မ၊ အကျယ် နှစ်ပေ လေးလက်မပတ်လည်ရှိ ကျောက်စာတိုင်တစ်တိုင်ကို ယနေ့တိုင်တွေ့နိုင်သေးသည်။ ယင်းကျောက်စာတိုင်ကို လက်ရှိတည်ရှိနေသည့်နေရာကို အစွဲပြု၍ သျှစ်သောင်းဘုရားကျောက်စာတိုင်ဟုလည်း ခေါ်တွင်ကြသည်။

အာနန္ဒစန္ဒြကျောက်စာသည် ဗြဟ္မီပွားအက္ခရာကိုအသုံးပြု၍ သက္ကတဘာသာဖြင့် ရေးထိုးထားသော ကျောက်စာတိုင်ဖြစ်သည်။ ကျောက်စာတိုင် အရှေ့ဘက်မျက်နှာကို ခြောက်ရာစု၊ အနောက်ဘက်မျက်နှာကို ရှစ်ရာစု၊ မြောက်ဘက်မျက်နှာကို ၁၀ ရာစုလောက်က ရေးထိုးခဲ့ခြင်းဖြစ်သည်ဟု ခန့်မှန်းကြသည်။ ကျောက်စာတိုင်မှာ လေးမျက်နှာရှိပြီး အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့တွင်သာ အိန္ဒိယမြောက်ပိုင်းသုံးရေးအက္ခရာများဖြင့် ကျောက်စာတစ်တိုင်တည်းတွင် အေဒီ ၆၀၀ မှ အေဒီ ၁၀၀၀ အတွင်း အနှစ် ၂၀၀ မျှစီခြား၍ ဗြဟ္မီပွားအက္ခရာသုံးမျိုးဖြင့် ရေးထိုးထားသည်။ ကမ္ဘာတွင်ပင် ခပ်ရှားရှား ကျောက်စာတိုင်ဖြစ်သည်။ ကျောက်စာတိုင်ပါ စာသုံးမျိုးအနက် ရှေးအကျဆုံးမှာ အရှေ့ဘက်မျက်နှာစာဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို mirrormyosathit@gmail.com သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

အထူးကဏ္ဍ [ ယ ] မှ »»

စစ်သည်တော်များအား မြေပြန့်စီးနင်းခြင်း မပြုရန်နှင့် ရွှေဂျီးဖြူမင်းသားအား ကောင်းကောင်းမွန်မွန်စောင့်ရှောက်ရန် အမိန့်ပေးခဲ့သည်။ စီးယင်း၊ ကမ်ဟောင်နှင့် စာခီလိန်းမျိုးနွယ်စုတို့သည်လည်း ရွာမတွင် ဖလမ်းကောင်စီနှင့် ဗြိတိသျှတိုက်ခိုက်ရေးအတွက် တိုင်ပင်ခဲ့ကြသည်။ ကွန်ဘိခ်သည် ကိုယ်စားလှယ်ထံသို့ အဖိုးတန်လက်ဆောင်ပဏ္ဏာများ ပေးပို့ပြီး တာရှွန်းနယ်အား ဗြိတိသျှစစ်တပ်အနေဖြင့် သိမ်းပိုက်ခြင်းမပြုရန် မေတ္တာရပ်ခံခဲ့သည်။

သို့သော်လည်း တာရှွန်းတို့အနေဖြင့် ဗြိတိသျှအစိုးရအား အသာစီးရရန်မြေပြန့်အား စတင်တိုက်ခိုက်တော့သည်။ ၁၈၈၈ ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ချင်းအမတ်ကြီးဟောင်း မောင်သာဒွန်း ဦးဆောင်သည့် ဗမာစစ်သည် ၃၀၊ ရွှေဂျိုးဖြူဦးဆောင်သော တပ်သားအချို့နှင့် မင်းလယ်တောင်မှ ချင်းတပ်သားတို့သည် မှန်းဘင်ရွာအား တိုက်ခိုက်ခဲ့ကြသည်။ စီးယင်း စစ်သည်တော် ၁၀၀ သည် ရာဇဂြိုဟ်နှင့် လေးမိုင်ကွာတွင်တည်ရှိသော ရွာအား ဝင်ရောက် တိုက်ခိုက်ခဲ့ကြသည်။ ထိုနေ့ပင် စီးယင်းစစ်သည် ၁၄ ယောက်ကလည်း တောင်ကူးရွာအား တိုက်ခိုက်ခဲ့ကြသည်။ ဗြိတိသျှရဲတပ်ဖွဲ့ကင်းစောင့်ထားသော ကလေးမြို့အား စီးယင်းစစ်သည်တော် ၄၀၀ က ဝင်ရောက်တိုက်ခိုက်ခဲ့ကြသည်။ ဗြိတိသျှတို့၏ အမှတ်(၁)ခံတပ်ဖြစ်သော ကန်ပုလဲအား သွားရောက်တိုက်ခိုက်ခဲ့ကြသည်။ ကန်ပုလဲအနီးရှိ ရွာတစ်ရွာကိုလည်း မီးရှို့ဖျက်ဆီးခဲ့ကြသည်။

၁၈၈၈ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် တာရှွန်းစစ်သားများက ကံကြီးနှင့် လောင်းရှည်ရွာအား သွားရောက်ချီတက်ခဲ့ကြသည်။ ၁၈၈၈ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ဗမာစစ်သည် ၃၇ ယောက်က စစ်ကိုင်းဘက်သို့ သွားရောက်ချီတက်ခဲ့ကြသည်။ ချင်း-ဗမာ မဟာမိတ်တို့၏ ဗြိတိသျှမြေပြန့်စစ်ဆင်မှုကြောင့် ဗြိတိသျှစခန်းနှင့် ထိုဒေသမှ ရွာများသည် အထိနာခဲ့ရသည်။ ထို့ကြောင့် ဗြိတိသျှအစိုးရသည်လည်း ချင်းတောင်အား သိမ်းပိုက်ရန် စီစဉ်ကြရတော့သည်။ ဗြိတိသျှစစ်တပ်သည်လည်း ဗန်းမော်၊ ပခုက္ကူနှင့် မဏိပူရမှ စစ်တပ်များဖြင့် အင်အားဖြည့်တင်းပြီး ချင်းတောင်ကို သိမ်းပိုက်ရန် ပြင်ဆင်ခဲ့ကြသည်။ ဗြိတိသျှစစ်တပ်သည် ဖလမ်းကောင်စီ ခေါင်းဆောင်များထံသို့ စော်ဘွားဟောင်းနှင့် အပေါင်းအပါများ၊ ရွှေဂျိုးဖြူမင်းသားနှင့် အပေါင်းအပါများအား လက်လွှတ်ရန် ရာဇသံထပ်မံပေးပို့ခဲ့ကြသည်။ စီးယင်းခေါင်းဆောင်တို့ထံသို့လည်း ဗိုလ်ခိုင်ကမ်းနှင့် သူဖမ်းဆီးသွားသည့်လူများအား ၎င်းတို့လက်သို့အပ်နှံရန် ရာဇသံပေးခဲ့ကြသည်။

ဗြိတိသျှတို့သည် စီးယင်းနယ်ကို သိမ်းပိုက်ဖို့ ကြိုးစားခဲ့သည်။ စီးယင်းနယ်တွင် လမ်းများ စတင်ဖောက်လုပ်ခဲ့သည်။ စီးယင်း၊ ကမ်ဟောင်နှင့် စုတ်သဲမျိုးနွယ်များမှ အင်္ဂလိပ်အတွက် လမ်းဖောက်သူအား ဒီဇင်ဘာလကနေစပြီး စတင်တိုက်ခိုက်ခဲ့သည်။ တာရှွန်းဦးဆောင်သောတပ်ဖွဲ့မှ စီးဟောင်း၊ ကျော်ရွာ၊ ကွန်ဒူနှင့် 42and Gurkha Light Infantry စခန်းများကို တစ်ရှိန်ထိုးတိုက်ခိုက်ခဲ့သည်။ ထိုနေ့တွင် စီးယင်းက အင်ဒင်ကို တိုက်ခိုက်ပြီး Kamhau နှင့် Sukte တို့ကလည်း တစ်ချိန်တည်းကန်ကြီးရွာများကို တိုက်ခိုက်ခဲ့ကြသည်။ ဗြိတိသျှအရာရှိ Mr.Carey က "စီးယင်းနယ်တွေကို သိမ်းပိုက်ဖို့ စိုင်းပြင်းနေချိန်မှာ ချင်းလူမျိုးတွေဟာ ကျွန်တော်တို့နောက်ကျောက မြေပြန့်ဒေသနဲ့ ကျွန်တော်တို့စခန်းတွေကို တိုက်ခိုက်ခဲ့တာဟာ သူတို့ရဲ့ စစ်ရေးကျွမ်းကျင်မှုကို ထင်ရှားစေပါတယ်"ဟု မှတ်တမ်းတင်ခဲ့သည်ကို သိရှိရသည်။

**ဗိုလ်ကြွန်ဘိခ်သည် ၁၉၁၀ ပြည့်နှစ် ဧပြီ ၁၁ ရက်တွင် ကွယ်လွန်ခဲ့ပြီး တာရှွန်းရွာတွင် မြှုပ်နှံခဲ့ရသည်။ ယနေ့အချိန်ထိ သူ၏အုတ်ဂူသည် တာရှွန်းရွာတွင် တွေ့မြင်နိုင်ဆဲဖြစ်သည်။ ဗိုလ်ကြွန်ဘိခ်သေဆုံးပြီး သူ့သားဖြစ်သူ ဦးဗန်မှုန်းအား တာရှွန်းနယ်အုပ်ချုပ်သည့် တိုက်သူကြီးအဖြစ် ဗြိတိသျှတို့က ဆက်လက်ခန့်အပ်ခဲ့သည်။**

**တာရှွန်းရွာတွင် ဗိုလ်ကြွန်ဘိခ်အားမြှုပ်နှံထားသည့် ခုနစ်ပေခွဲခန့်အမြင့်ရှိ ဂူရှိသည်။ ကပ်လျက် အုတ်ဂူတစ်ဂူရှိသေးသည်။ ရွာတွင်လာရောက်သူများလေ့လာရန် အိမ်ပြခန်းတစ်ခန်းရှိသည်။ ပြခန်းတွင် လေး၊ မြား၊ မောင်း၊ အင်္ဂလိပ်ကင်မရာ၊ ငွေဓား၊ တူမီး၊ သေနတ်များရှိသည်။ ၎င်းအပြင် ဗိုလ်ကြွန်ဘိခ် မျိုးဆက်မိသားစုကမွည်းကျောက်စာတိုင်များကို တွေ့ရသည်။ ကျောက်စာများက တစ်ပေခွဲ၊ နှစ်ပေနီးပါးမြင့်သည်။ အချို့ကျောက်စာတိုင်တွင် နွား၊ နွားနောက်၊ လုံ၊ မောင်း၊ သမင်၊ နွားနောက်ပိုင်ဆိုင်သူများကို ပန်းချီရေးဆွဲဖော်ပြထားကြောင်း တွေ့ရသည်။**

General. George White က "သူတိုက်ဖူးသမျှစစ်ပွဲတွေထဲမှာ အနိုင်ရရှိဖို့ အခက်ခဲဆုံးစစ်ပွဲတွေဖြစ်တယ်"ဟု ပြောခဲ့သည်။ ၁၈၈၉ ခုနှစ် မေ ၄ ရက်မှ ဗြိတိသျှစစ်တပ်နှင့် စီးယင်းစစ်သည်တော်များသည် ရှာလ်လုမ်းခံတပ်တွင် အပြင်းအထန်တိုက်ခိုက်ခဲ့ကြသည်။ တီးတိန်နယ်ကို အနိုင်ရပြီးသည့်နောက်တွင် ဖလမ်းကောင်စီခေါင်းဆောင်တို့နှင့် တစ်ဖန်ထပ်မံဆွေးနွေးခဲ့ကြပြန်သည်။ ဖလမ်းကောင်စီခေါင်းဆောင်တစ်ဦးဖြစ်သော Pu Bawi Hmung နှင့်ဗြိတိသျှအရာရှိတို့ ဆွေးနွေးရာတွင် တာရှွန်းတို့အနေဖြင့် ရွှေဂျိုးဖြူနှင့် အပေါင်းအပါများအား လက်လွှတ်ရန် အစီအစဉ်မရှိကြောင်း ကွန်ဘိခ်ခေါင်းဆောင်က ပြောဆိုခဲ့သည်။

ဗြိတိသျှတို့သည် စီးယင်းများနေထိုင်သောရွာကိုသာ သိမ်းပိုက်နိုင်ခဲ့ပြီး စီးယင်းစစ်တပ်ကိုမူ မချေမှုန်းနိုင်ခဲ့ပေ။ စီးယင်းစစ်သည်တော်များသည် အရှုံးမပေးဘဲ ရွှေဂျိုးဖြူမင်းသားနှင့် ပူးပေါင်းကာ ဗြိတိသျှတပ်အား အခွင့်အခါကြုံတိုင်း ချုံခိုတိုက်ခိုက်ခဲ့ကြသည်။ ဇိုခွားနှင့် ဟားခါးနယ်မှလည်း မြေပြန့်ဒေသများကို သွားတိုက်ခဲ့ကြသည်။ ၁၈၈၉-၁၈၉၀ ပြည့်နှစ် ဆောင်းရာသီတွင် ဗြိတိသျှစစ်တပ်သည် ချင်းတောင်တန်းတစ်ခုလုံး သိမ်းပိုက်ရန် ချီတက်ခဲ့ကြသည်။ Brigadier Gen. Tregear ဦးဆောင်သည့်တပ်ဖွဲ့ဝင် ၃၄၀၀ ပါ အနောက်ပိုင်းစစ်ကြောင်းသည် အိန္ဒိယနိုင်ငံရှိ Lunglei မှ စတင်ချီတက်ပြီး ထန်တလန်နယ်အားလုံးကို သိမ်းပိုက်လိုက်သည်။ Colonel Symond (နောက်ဗိုလ်ချုပ်) ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၈၆၉ ဦးပါတောင်ပိုင်းစစ်ကြောင်းသည် ပခုက္ကူမှ စတင်ချီတက်ပြီး ဇိုခွား၊ Sakta နှင့် ဟားခါးကို သိမ်းပိုက်ခဲ့သည်။

ထို့နောက် ဖလမ်းသို့ ချီတက်ရန်အတွက် Gen.Symond သည် King's Own Scottish Borderers (KOSB) အမှတ်အသား ၁၀၀၊ 2-4 th Gurkha Rifles မှ တပ်သား ၁၆၄ ဦးနှင့် အမှတ်(၁) Bengal Mountain Battery မှ လက်နက်ကြီးနှစ်လက်နှင့်အတူ ဖလမ်းသို့ချီတက်ခဲ့ကြသည်။ ဖလမ်းကောင်စီမှ ဗိုလ်ကြွန်ဘိခ်နှင့် Pu Mang Hlur တို့သည် စစ်ကြောင်းနှင့် လာရောက်တွေ့ဆုံပြီး ဘီလူးမတောင်တန်းအား (တာရှွန်းရွာထိပ်ရှိတောင်တန်း)အား ဖြတ်ကျော်ခြင်းမပြုရန် သတိပေးခဲ့သည်ဟု သိရသည်။ သို့သော် Gen.Symond သည် ထိုသတိပေးချက်အား လျစ်လျူရှုပြီး ဖလမ်းသို့ ဆက်လက်ချီတက်ရာ မတ် ၁၁ ရက် နံနက် ၈ နာရီတွင် ဖလမ်းအနောက်မြောက်ဘက်အရပ်ရှိ Ngalzawတွင် စခန်းချခဲ့ကြသည်။ ထိုအရပ်သည် တာရှွန်းရွာနှင့် ကြောင်ဟဲန်ရွာအကြားတွင် ဖြစ်သည်။ တာရှွန်းတို့၏ မြို့တော်ဖလမ်းတံခါးပေါက်သို့ ရောက်ရှိပြီဖြစ်ကြောင်း အသိပေးခဲ့ကြသည်။

Gen.Symond၊ နိုင်ငံရေးအရာရှိများဖြစ်သော Mr.Ross နှင့် Mr. Carey တို့သည် ဖလမ်းကောင်စီမှ ခေါင်းဆောင်များဖြစ်ကြသော ဗိုလ်ကြွန်ဘိခ်၊ Pu Mang Hlur၊ Pu Kha Lian၊ Pu Bawi Hmung၊ Pu Vum Ceu၊ အခြားအငယ်တန်းခေါင်းဆောင်တစ်ဦးဖြစ်သော Pu Shin Layတို့နှင့် တွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ကြသည်။

ဗြိတိသျှတို့ ဖလမ်းသို့မချီတက်မီတွင် အထက်ချင်းတွင်းခရိုင်ဝန်က Capt.Raikes မှ ဖလမ်းကောင်စီထံသို့ လက်နက်ချအရှုံးပေးပြီး နှစ်စဉ်လျော်ကြေးနှင့် ဆက်သကြေးအဖြစ် ရူပီး ၁၀၀၀၀၊ ဆင်စွယ်နှစ်ချောင်းနှင့် ရူပီး ၅၀၀ တန်ပိတ်စအား ဆက်သရန်ပြောသည်။ ထိုလျော်ကြေးအား လက်ခံရန် Gen.Symond က ပြောသောအခါ "ရူပီးဟာ ကျွန်တော်တို့ ပိုက်ဆံမဟုတ်ဘူး။ ပိတ်စကလည်း ပြည်မကနေပဲ ဝယ်နိုင်တာဖြစ်တယ်။ ခင်ဗျားတို့ ကုန်သွယ်ရေးလမ်းကြောင်း ပိတ်တဲ့အတွက် ဝယ်လို့လည်းမရဘူး။ ခင်ဗျားတို့တောင်းဆိုတဲ့လျော်ကြေးလည်း အဆမတန်များပြားလွန်းတာကြောင့် လိုက်လျောဖို့ မဖြစ်နိုင်ဘူး" ဟု ရှင်းပြခဲ့ကြသည်။

ဗိုလ်ကြွန်ဘိခ်မတက်တော့ဘဲ ကိုယ်စားအဖြစ် Pu Bawi Hmung, Pu Vum Ceu နှင့် အခြားအငယ်တန်းခေါင်းဆောင်အယောက် ၂၀ တို့အား စေလွှတ်ခဲ့ပြီး ၎င်းတို့သည် ဗြိတိသျှနိုင်ငံရေးအရာရှိများဖြစ်သော Mr.Ross နှင့် Mr. Carey တို့နှင့် ထပ်မံတွေ့ဆုံဆွေးနွေးခဲ့ကြသည်။ "ခင်ဗျားတို့ဟာ အင်အားကြီးမားသူဖြစ်သလို သနားညှာတာစိတ်လည်းရှိတဲ့သူတွေဖြစ်ကြတဲ့အတွက် ခင်ဗျားတို့တောင်းဆိုတာကို နှစ်စဉ်မဟုတ်ဘဲ သုံးနှစ်တစ်ခါဖြစ်မယ်ဆိုရင် ခင်ဗျားတို့နဲ့ ကျွန်တော်တို့ မိတ်ဆွေတွေဖြစ်မယ်လို့ တောင်းဆိုပါတယ်။" ချင်းတောင်တွင် ငွေကြေးအသုံးမပြုကြပုံ၊ ငွေကြေးရရှိရန် ခက်ခဲပုံနှင့် တောင်းဆိုမှုများလွန်းသည်များကို ရှင်းပြပြီးနောက် ရူပီး ၅၀၀ အစား နွားနောက်တစ်ကောင်ပေးရန် နှစ်ဖက်စလုံးသဘောတူခဲ့ကြသည်။

သို့သော် ဖလမ်းကောင်စီအနေဖြင့် ရွှေဂျိုးဖြူမင်းသားနှင့် အပေါင်းအပါများကိုမူ လက်လွှတ်ရန်ငြင်းဆိုခဲ့ကြပြီး ဖလမ်းကောင်စီမှ ကာကွယ်ရန် သစ္စာဆိုထားပြီးဖြစ်သောကြောင့် လက်လွှတ်ရန်မဖြစ်နိုင်ကြောင်း ရှင်းပြခဲ့ကြသည်။ တာရှွန်းရွာမသည် ခန့်မှန်းခြေ အိမ်ခြေ ၄၅၀ ခန့်ရှိပြီး ဘီလူးမတောင်တန်း၌ တည်ရှိသည်။ မြစ်ချောင်းနှစ်ချောင်း(Kurkurpi ချောင်းနှင့် ဒိုဘီချောင်း)မှ ကာကွယ်ထားပြီး မြောက်ဘက်တွင်မူ မဏိပူရမြစ်မှကာကွယ်ထားသည်။

ဖလမ်းကောင်စီမှ ခေါင်းဆောင်များသည်လည်း အနယ်နယ်အရပ်ရပ်ရှိ ချင်းလူမျိုးများထံသို့ ဗြိတိသျှအစိုးရအား တိုက်ခိုက်ရန် နည်းမျိုးစုံ တိုက်တွန်းခဲ့ကြသည်။ Gungalမျိုးနွယ်စုမှ လူတချို့သည် မဏိပူရမြစ်ကိုဖြတ်ပြီး ဗြိတိသျှစခန်းဖြစ်သော Fort White အား သွားရောက်တိုက်ခိုက်ခဲ့ပြီး မြင်းထိန်းသူတစ်ဦးနှင့် စစ်သားတစ်ဦးအသက်ဆုံးရှုံးခဲ့ရသည်။ ၁၈၉၀-၁၈၉၂ ခုနှစ်အတွင်း ချင်းပြည်မြောက်ပိုင်း အနှံ့အပြားတွင် ဗြိတိသျှစစ်တပ်နှင့် တိုက်ခိုက်မှုများ စဉ်ဆက်မပြတ် ဖြစ်ပွားခဲ့သည်။

တာရှွန်းတို့၏ လက်ချက်ဖြစ်ကြောင်းနှင့် ၎င်းတို့တာဝန်ရှိကြောင်း ဗြိတိသျှတို့က စွပ်စွဲကြသည်။ ချင်းတောင်တစ်လျှောက်တွင် တာရှွန်းတို့သည် အင်အားအကြီးဆုံး မျိုးနွယ်စုဖြစ်ပြီး ၎င်းတို့၏ အင်အားသည် ဗြိတိသျှစစ်တပ်နှင့် မတိမ်းမယိမ်းတွင်ရှိသည်ဟု ဗြိတိသျှတို့ သတ်မှတ်ကြသည်။ တာရှွန်းတို့သည် သူတို့အုပ်ချုပ်၊ ဩဇာညောင်းသောဒေသမှ စစ်သည်တော် ၁၀၀၀၀ အား ချက်ချင်းခေါ်ယူနိုင်သည်ကို သတိပြုမိကြသည်။

ဟားခါးမှ ထွက်ခွာလာသော တောင်ပိုင်းစစ်ကြောင်းသည် Major.Howlettက ဦးဆောင်ပြီး မတ် ၁၀ ရက်တွင် ထွက်ခွာလာခဲ့ကြသည်။ မြောက်ပိုင်းစစ်ကြောင်းသည်လည်း Fort White မှ ထွက်ခွာလာခဲ့ကြသည်။ ဖလမ်းကောင်စီထံသို့ တာရှွန်းတို့အုပ်ချုပ်သောနယ်မြေများတွင် တွေ့သမျှလက်နက်ကိုင်သူများအားလုံး ဗြိတိသျှစစ်တပ်မှ ပစ်ခတ်မည်ဖြစ်ကြောင်း ဆက်သားပေးပို့ခဲ့သည်။ လက်နက်ကိုင်တာရှွန်းလူအုပ်စုအားတွေ့ရပြီး နှစ်ဖက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြရာ တာရှွန်းဘက်မှ တစ်ဦး ကျရှုံးခဲ့ရသည်။ သို့သော် အကြီးအကဲများဖြစ်သော ဗိုလ်ကြွန်ဘိခ်သည် တက်ရောက်ခြင်းမရှိခဲ့ပေ။ ဗြိတိသျှတို့သည် ဗိုလ်ကြွန်ဘိခ်လာမည်ကို စောင့်မျှော်ခဲ့ကြသော်လည်း ရောက်လာခြင်းမရှိသဖြင့် တက်ရောက်လာသည့် တာရှွန်းကိုယ်စားလှယ်တို့နှင့် ဆွေးနွေးပွဲစတင်သည်။

"ဗြိတိသျှအစိုးရသည် တာရှွန်းတို့အပေါ် ယုံကြည်ချက်ရှိသော်လည်း တာရှွန်းတို့သည် ဗြိတိသျှစစ်တပ်နှင့် အစိုးရဝန်ထမ်းများအား အဆက်မပြတ်တိုက်ခိုက်ခြင်းများ ပြုလုပ်ခြင်းကြောင့် ယနေ့မှစပြီး ဗြိတိသျှစစ်တပ်အနေဖြင့် ဖလမ်းအား သိမ်းပိုက်မည်ဖြစ်သည်။ ဗြိတိသျှစစ်တပ်အမြဲတမ်းနေထိုင်ရန်အတွက် စခန်းတစ်ခု ဖလမ်းတွင် တည်ဆောက်မည်ဖြစ်သည်။ တာရှွန်းတို့အနေဖြင့် ကမ်ဟောင်၊ စီးယင်းနှင့် စာခီလိန်းတို့ထံ အခွန်ကောက်ခံခြင်းများကို တားမြစ်သည်။ တာရှွန်းနယ်ရှိ မျိုးနွယ်စုများသည် တာရှွန်းလက်အောက်သို့ မနေလိုလျှင် ၎င်းတို့အား ဗြိတိသျှအစိုးရမှ တိုက်ရိုက်အုပ်ချုပ်သွားမည်ဖြစ်သည်"ဟု ဗြိတိသျှတို့က ဆိုသည်။ ထိုအပေါ်မှစ၍ ဖလမ်းကောင်စီနှင့် တာရှွန်းတို့၏ ဩဇာအာဏာသည်လည်း ပျောက်ကွယ်ပျက်သုဉ်းသွားခဲ့ရသည်။ ဗြိတိသျှတို့က ဖလမ်းသို့ ဝင်ရောက်ချီတက်ခဲ့ကြသည်။ ဖလမ်းသည် သုသာန်တစ်စပြင်အလား ဆိတ်ငြိမ်လျက်ရှိနေခဲ့သည်။

ဗြိတိသျှတို့ ချင်းတောင်မသိမ်းပိုက်မီတွင် တာရှွန်းတို့၏ ရွာမသည် ဖလမ်းဖြစ်ခဲ့သည်။ ဗြိတိသျှတို့ ချင်းတောင်သိမ်းပိုက်ပြီးသောအခါ သူတို့နေထိုင်ရန် စခန်းတစ်ခုတည်ဆောက်ခဲ့ကြသည်။ ထိုနေရာသည် ယခုဖလမ်းမြို့ (တစ်ချိန်က ချင်းဝိသေသတိုင်းမြို့တော်) ပင်ဖြစ်သည်။ ဗြိတိသျှတို့စခန်းတည်ချိန်တွင် တာရှွန်းတို့၏ ရွာမနာမည်ပါသိမ်းကာ ဖလမ်းဟု ခေါ်ဆိုခဲ့ကြပြီး တာရှွန်းရွာမကိုမူ မျိုးနွယ်စုနာမည် တာရှွန်းရွာအဖြစ် ယနေ့တိုင် တည်ရှိခေါ်ဆိုပြုဆဲဖြစ်သည်။

၁၈၉၂ ခုနှစ်နောက်ပိုင်းတွင်မူ ချင်းတောင်တန်းတစ်ခုလုံး ဗြိတိသျှတို့မှ တိုက်ရိုက်အုပ်ချုပ်ခဲ့ကြသည်။ သို့သော်လည်း ဒေသအုပ်ချုပ်ရေးကိုမူ တိုက်သူကြီးများမှတစ်ဆင့် အုပ်ချုပ်စေခဲ့သည်။ တာရှွန်းနယ်ကိုမူ ဗိုလ်ကြွန်ဘိခ်အား ဆက်လက်အုပ်ချုပ်စေခဲ့သည်။ တာရှွန်းတို့ ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ဒီမိုကရေစီစနစ်အား ပယ်ဖျက်ခဲ့သည်။ ၁၈၉၆ ခုနှစ်တွင် ချင်းတောင်အက်ဥပဒေအား ပြဋ္ဌာန်းခဲ့သည်။ ၁၈၉၆ ခုနှစ်မှသာ ဗြိတိသျှအစိုးရသည် ချင်းတော်လှန်ရေးအား ငြိမ်ဝပ်ပိပြားအောင် ထိန်းချုပ်နိုင်ခဲ့သည်။

ဗိုလ်ကြွန်ဘိခ်သည် ၁၉၁၀ ပြည့်နှစ် ဧပြီ ၁၁ ရက်တွင် ကွယ်လွန်ခဲ့ပြီး တာရှွန်းရွာတွင် မြှုပ်နှံခဲ့ရသည်။ ယနေ့အချိန်ထိ သူ၏အုတ်ဂူသည် တာရှွန်းရွာတွင် တွေ့မြင်နိုင်ဆဲဖြစ်သည်။ ဗိုလ်ကြွန်ဘိခ်သေဆုံးပြီး သူ့သားဖြစ်သူ ဦးဗန်မှုန်းအား တာရှွန်းနယ်အုပ်ချုပ်သည့် တိုက်သူကြီးအဖြစ် ဗြိတိသျှတို့က ဆက်လက်ခန့်အပ်ခဲ့သည်။

တာရှွန်းရွာတွင် ဗိုလ်ကြွန်ဘိခ်အား မြှုပ်နှံထားသည့် ခုနစ်ပေခွဲခန့်အမြင့်ရှိသော ဂူရှိသည်။ ကပ်လျက်အုတ်ဂူတစ်ဂူရှိသေးသည်။ ရွာတွင် လာရောက်သူများ လေ့လာရန် အိမ်ပြခန်းတစ်ခန်းရှိသည်။ ပြခန်းတွင် လေး၊ မြား၊ မောင်း၊ အင်္ဂလိပ်ကင်မရာ၊ ငွေဓား၊ တူမီး၊ သေနတ်များရှိသည်။ ၎င်းအပြင် ဗိုလ်ကြွန်ဘိခ် မျိုးဆက်မိသားစုကမွည်း ကျောက်စာတိုင်များကို တွေ့ရသည်။ ကျောက်စာများက တစ်ပေခွဲ၊ နှစ်ပေနီးပါးမြင့်သည်။ အချို့ကျောက်စာတိုင်တွင် နွား၊ နွားနောက်၊ လုံ၊ မောင်း၊ သမင်၊ နွားနောက်ပိုင်ဆိုင်သူများကို ပန်းချီရေးဆွဲဖော်ပြထားကြောင်း တွေ့ရသည်။ တာရှွန်းကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းရှိသည်။ တာရှွန်းကျေးရွာကား ချင်းတိုင်းရင်းသားတို့၏ သမိုင်းဝင်တော်လှန်ရေးကျေးရွာဖြစ်သည်။ နယ်ချဲ့တို့ အုပ်ချုပ်ရေးအတွက် ခက်ခဲရှုပ်ထွေးခဲ့ရပြီး နှစ်ပေါင်းများစွာ တိုက်ခိုက်သိမ်းပိုက် ကြိုးပမ်းခဲ့ရသော တာရှွန်းကျေးရွာကား ယခုအခါ ဆိတ်ငြိမ်အေးချမ်းစွာ တည်ရှိလျက်ရှိသည်။ တာရှွန်းကျေးရွာကား အတိတ်သမိုင်းကြောင်းကို ပြောပြနေသော သက်မဲ့ပန်းချီကားတစ်ချပ်ပမာ ရှိသည်။ ချင်းလူမျိုးသူရဲကောင်း ဗိုလ်ကြွန်ဘိခ်အား မွေးဖွားသောကျေးရွာ၊ နယ်ချဲ့ဗြိတိသျှတို့အား တော်လှန်တိုက်ခိုက်သောကျေးရွာအဖြစ် ခိုင်မာစွာရှိနေသောကြောင့် ချင်းပြည်နယ် ဖလမ်းမြို့နယ် တာရှွန်းကျေးရွာသို့ လာရောက်လေ့လာသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

***မှီငြမ်း***

***ဆလိုင်းဗန်ကျုံးလျန်(UK)၏ သူရဲကောင်းဗိုလ်ကြွန်ဘိခ်(ခ)ဗိုလ်ဆွန်ပက် တာရှွန်းရွာသားဦးငွန်သဲ၊ ဖလမ်းမြို့။***

❑

# ချင်းအမျိုးသားခေါင်းဆောင်ဗိုလ်ကြွန်ဘိခ်နှင့် တာရှန်းကျေးရွာ

**မင်းလပြည့် (ဟားခါး)**

၃-၁၁-၂၀၁၈ အထူးကဏ္ဍမှ အဆက် »»


ဗိုလ်ကြွန်ဘိခ်အုတ်ဂူ

တာရှန်းစစ်သား အယောက် ၁၀၀ က ဗြိတိသျှစစ်သား ငါးယောက်နိုင်ဖို့ မလွယ်ကြောင်း မှတ်ချက်ချခဲ့သည်။

၁၈၈၈ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကြွန်ဘိခ်သည် အင်ဒင်းသို့မသွားဘဲ စီဟောင်းရွာတွင် Capt. Raikesနှင့် တွေ့ဆုံရန် သွားရောက်ခဲ့ကြသည်။ ကြွန်ဘိခ်သည် စီဟောင်းအနောက်တောင်ဘက်ရှိ နှစ်မိုင်ခန့်ဝေးသော၊ (၁၈ ဒီဇင်ဘာမှ ၃ ဇန်နဝါရီ) တာရှန်းတို့ပိုင်နက်ကန်းလှာရွာတွင်ရှိကြောင်း အကြောင်းကြားခဲ့ကြသည်။ Capt. Raikesသည် ကြွန်ဘိခ်အဖွဲ့နှင့် တွေ့ဆုံသည့်အဖြစ်အပျက်ကို နေ့စဉ်မှတ်တမ်း၌ မွန်းလွဲ ၁ နာရီခွဲခန့်တွင် ကြွန်ဘိခ်ကိုယ်တိုင် သူ့တပ်သားအယောက် ၂၀ တို့နှင့် ကျွန်ုပ်တွေ့ဆုံခဲ့သည်ဟု ရေးမှတ်ထားသည်။ ခန့်မှန်းခြေအားဖြင့် ကြွန်ဘိခ်သည် အသက်၄၀-၅၀ ဝန်းကျင်ခန့်ရှိမည်။ မာန်ပါပါ အားရတက်ကြွစွာပြောဆိုမှုကို ကျွန်တော်လေးစားမိသည်။ ကျွန်တော်တို့ မေးမြန်းသမျှကို သူ့အပေါင်းအပါများနှင့် အရင်တိုင်ပင်ပြီးမှ ပြန်လည်ဖြေကြားခဲ့သည်။ လေး နာရီခန့်ကြာဆွေးနွေးခဲ့သည့် အဓိကအကြောင်းအရာများမှာ ကလေး၊ ကဘော်ဒေသ(မြေပြန့်)ရှိ ဗြိတိသျှအစိုးရခန့်အပ်သော စော်ဘွားတို့အား တာရှန်းတို့ အသိအမှတ်ပြုဖို့အရေး၊ စီယင်းနှင့် စာခီလိန်းတို့ မြေပြန့်စီးနင်းတိုက်ခိုက်သည့်အကြောင်း၊ ချင်းတောင်နှင့် ဗမာပြည်ကုန်သွယ်ရေး၊ ဗမာပြည်-ချင်းတောင်-ချစ်တကောင်းတို့ကြား ကုန်သွယ်ခြင်း၊ တာရှန်းနယ်မှ ချစ်တကောင်းသို့ သွားရန် လမ်းစုံစမ်းဖို့အတွက် လူလွှတ်ဖို့အရေးတို့ ဖြစ်သည်။

ဖလမ်းကောင်စီမှ ဆွေးနွေးမှုမပြုလုပ်မချင်း ဗြိတိသျှတို့အနေနှင့် ကိုယ်စားလှယ်များ မလွှတ်ရန်လည်း သူသတိပေးခဲ့သည်။ သူလျှိုစုံထောက်များလွှတ်ခဲ့လျှင်လည်း သူတို့၏ အသက်အန္တရာယ်အတွက် အာမခံချက်မပေးနိုင်ကြောင်း ထပ်မံပြောဆိုခဲ့သည်။ ဆွေးနွေးအပြီးတွင် လက်ဆောင်ပစ္စည်းများ ပေးကမ်းခြင်း ပြုလုပ်ရာ ဗိုလ်ကြွန်ဘိခ်က လက်မခံခဲ့ပေ။ ဆွေးနွေးမှုအပြီးတွင် ဂေါ်ရခါးတပ်သားများက အမြောက်လက်နက်ကြီးငါးခေါက်ပစ်ခတ်ခဲ့သည်။

ဗိုလ်ကြွန်ဘိစ်က ဗြိတိသျှတို့အပေါ်တွင် သံသယစိတ်ဝင်လာခဲ့သည်။ Capt. Raikes တို့ တွေ့ဆုံပြီးနောက်ပိုင်းတွင် ဗိုလ်ကြွန်ဘိခ်သည် ဗြိတိသျှတို့အပေါ် အယုံအကြည်မရှိတော့ပေ။ ဗိုလ်ကြွန်ဘိခ်သည်တာရှန်းရွာသွားပြီး ၁၈၈၇ ခုနှစ် ဇန်နဝါရီလကုန်တွင် ဗြိတိသျှတို့ ဖမ်းချုပ်ထားသော စော်ဘွားဟောင်း စော်ဘွားမောင်ရစ်၊ ချင်းဗမာသံအမတ်ကြီး(ချင်းကဲ) မောင်သာဒွန်းနှင့် အပေါင်းအပါများ မန္တလေးနှင့် ယခုမုံရွာမြောက်ဘက်ရှိ အလုံထောင်များမှ ထွက်ပြေးလာကြရာ တာရှန်းတို့ထံသို့ နိုင်ငံရေးခိုလှုံခွင့်ခံခဲ့ကြသည်။ ဗိုလ်ကြွန်ဘိခ်ဦးဆောင်သော တာရှန်းကောင်စီသည် ဗြိတိသျှတော်လှန်ရေးဘက်သို့ ဦးတည်လာစေခဲ့သည်။ ရွှေဂျိုးဖြူမင်းသားအား အကာအကွယ်ပေးရန်လည်း တိုက်တွန်းခဲ့ကြသည်။

၁၈၈၈ခုနှစ် မတ် ၃ ရက်တွင် တာရှန်းနှင့်စီးယင်းစစ်သည်တော် ၅၀၀ခန့်သည် ဗြိတိသျှအစိုးရလက်အောက်၊ ကလေးစော်ဘွားမောင်ပါကြီးအုပ်ချုပ်ထားသော စီဟောင်းရွာကို ဝန်းရံထားကြသည်။ ရွှေဂျိုးဖြူမင်းသားသည် စော်ဘွားမောင်ပါကြီးအား မိမိတို့နှင့် ပူးပေါင်းပြီး ဗြိတိသျှအစိုးရအား တိုက်ရမည်ဟု တိုက်တွန်းခဲ့သည်။ ဗြိတိသျှအစိုးရမှ ကလေး၊ ကဘော်နယ် မသိမ်းပိုက်မီအချိန်ထိ တာရှန်းတို့သည် မြေပြန့်သို့ ဝင်ရောက်စီးနင်းခြင်းမရှိခဲ့ချေ။ မြေပြန့်အား အကာအကွယ်ပေးရင်း အခြားမျိုးနွယ်စုတို့၏ မြေပြန့်ဒေသစီးနင်းမှုများအပေါ်တွင်လည်း တာရှန်းတို့က အရေးယူဆောင်ရွက်ခဲ့သည်။ ဗြိတိသျှတို့သည် မြေပြန့်အား တာရှန်းတို့က နှစ်ပေါင်းများစွာ အကာအကွယ်ပေးခဲ့သည်ကို သတိထားမိကြသည်။ စော်ဘွားဟောင်းများနှင့် ရွှေဂျိုးဖြူမင်းသားတို့ တာရှန်းတို့လက်ထဲတွင်ရှိနေသရွေ့ မြေပြန့်သည် ငြိမ်းချမ်းနိုင်မည်မဟုတ်ကြောင်း၊ ၎င်းတို့အား မဖြစ်မနေအပ်နှံနိုင်ရန် ပြည်သူတို့ကြိုးစားခဲ့ရသည်။ ဗြိတိသျှတို့သည် စစ်ရေးအတွက် ပြင်ဆင်မှုများပြုလုပ်လာကြသည်။ ဖလမ်းမြို့နယ်မှ အင်အားကြီးမျိုးနွယ်စုများ၊ အခြားအင်အားကြီး မျိုးနွယ်စုများဖြစ်သော ဇိုခွါးနှင့် ဟားခါး၊ စီးယင်း၊ ကမ်ဟောင်တို့နှင့်လည်း မဟာမိတ်ဖွဲ့ခဲ့ကြသည်။ ကြွန်ဘိခ်သည်လည်း ဇိုခွါး၊ ဟားခါး၊ Sakta မျိုးနွယ်စုတို့သည် တွေ့ဆုံမှုများပြုလုပ်ပြီး ဗြိတိသျှအစိုးရအား တိုက်ခိုက်ရန် သဘောတူခဲ့ကြသည်။

တီးတိန်နယ်မှ စီးယင်း၊ ကမ်ဟောင်နှင့် စခီးလင်းမျိုးနွယ်စုတို့သည်လည်း ဗြိတိသျှတို့အား တိုက်ခိုက်ရန် ဖလမ်းကောင်စီနှင့်ဆွေးနွေးတိုင်ပင်ကြသည်။ စီးယင်းစစ်သည်တော်တို့သည် ၁၈၈၈ ခုနှစ် မတ်လမှစပြီး တာရှန်းတို့နှင့် အတူတကွပူးပေါင်းပြီးဖြစ်သည်။ ပြည်ပရန်သူဖြစ်သော ဗြိတိသျှတို့အား တိုက်ခိုက်ရန် ဗိုလ်ကြွန်ဘိခ်ဦးဆောင်မှုအောက်တွင် စည်းစည်းလုံးလုံးရှိကြသည်။ ဖလမ်းကောင်စီခေါင်းဆောင်ငါးဦးအနက် သုံးဦးကမူ ဗြိတိသျှအစိုးရအား ချက်ချင်းတိုက်ချင်ကြသည်။ သို့သော်ကြွန်ဘိခ်ကမူ အခြေအနေကိုလေ့လာသည်။ ကြွန်ဘိခ်သည် မင်းလယ်တောင်မှ တာရှန်း အထူးကဏ္ဍ [ဂ] သို့ »»

# ငါးလေး အိုးကပ် လယ်တောချက်





အခုလိုမိုးအကုန် ဆောင်းဝင်စအချိန်ဆို ငယ်ငယ်တုံးကရွာမှာ စားရလေ့ရှိတဲ့ ငါးလေးအိုးကပ်ဟင်းကို သတိရမိပါတယ်။ မိုးကုန်ချိန်မို့ လယ်တောထဲကကျင်းတွေ၊ ချိုင့်တွေမှာ တင်ကျန်ရစ်တဲ့ရေက အနည်းအကျဉ်းသာ ရှိတော့တာပါ။ အဲဒီရေစပ်စပ်သာရှိတဲ့ အိုင်ငယ်တွေမှာ ငါးဆင်းမိုးနဲ့ပါမသွားဘဲ ကျန်ရစ်နေတဲ့ ငါးငယ်၊ ပုစွန်ငယ် ပေါက်စအသေးလေးတွေ ရှိတတ်ပါတယ်။

အဲဒီငါးငယ်လေးတွေကို ရင်တွန်းလို့ခေါ်တဲ့ ငါးဖမ်းကိရိယာနဲ့ တွန်းယူသဲ့ယူပြီး ဖမ်းရပါတယ်။ ရင်တွန်းဆိုတာက ဝါး၊ ပက်စိတ်တိနဲ့ လုပ်ထားတဲ့ ငါးဖမ်းကိရိယာဖြစ်ပြီး အမှန်တကယ် ရင်ဘတ်နဲ့ဖိကာ ရှေ့ဘက်ကို ဂျမ်းတိုက်သလို ရေထဲမှာတွန်းပြီး ဖမ်းယူရတာမျိုးပါ။ အဲလိုကိရိယာနဲ့ဖမ်းလို့ ရလာတဲ့ငါး၊ ပုစွန်ငယ်လေးတွေကို ရင်တွန်းငါးလေးတွေလို့ ခေါ်လေ့ရှိပါတယ်။ ငါးလေးအိုးကပ်ဆိုတာက အဲဒီငါးပေါက်စလေးတွေကို သေးလွန်းလို့ ခေါင်းအမြီးဖြတ်မနေတော့ဘဲ ရေစင်စင်ဆေးပြီး ဆီပါလေကာနဲ့ ပင်စိမ်းလေးအုပ်ပြီး ချက်ထားတဲ့ဟင်းပါ။

လယ်ထဲကရှာလာတဲ့ ငါးလေးတွေကို ရှိတဲ့ဆီလေး ပါလေကာချက်ရတာမို့ အဲဒီဟင်းက တကယ်ပဲ ဒယ်အိုးအောက်ဘက်မှာကပ်ပြီး တူးတူးချစ်ချစ်လေး ဖြစ်နေတာကြောင့် ငါးလေးအိုးကပ်ရယ်လို့ ခေါ်ကြတာဖြစ်မယ်လို့ စဉ်းစားမိပါတယ်။ အဲဒီဟင်းအိုးကပ်လို့ တူးတဲ့ အနံ့အရသာကို ကြိုက်နှစ်သက်သူတွေက ဒယ်အိုးမှာ ဆီနည်းနည်းလေးနဲ့ အိုးကပ်အောင် တမင်ချက်ပြီး ငါးလေးအိုးကပ်ဟင်းရယ်လို့ ချက်စားကြတာပါ။

သူ့ဒေသ၊ သူ့အချိန်ကာလနဲ့ လိုက်ဖက်လှတာမို့ မေ့လို့မရကြတာပါ။ တစ်ခါတစ်ခါ ထမင်းစားမကောင်းတာမျိုးများဖြစ်ခဲ့ရင် ငယ်ငယ်က ဗိုက်တင်းအောင်ထမင်းမြိန်ခဲ့တဲ့ ဟင်းတွေကို ပြန်တမ်းတတတ်ကြပါတယ်။ ငါးလေးအိုးကပ်ဟင်းက အရိုးအသား အကုန်ဝါးစားရတာမို့ လူမှာလိုအပ်တဲ့ ကယ်(လ်)ဆီယမ်ဓာတ်လည်း အပြည့်အဝရပါသေးတယ်။ ဥတုဘောဇနကျမ်း အလိုအရလည်း ငါးငယ်သည် ကြေလွယ်၏။ ဆိမ့်၏။ နှုတ်ကို မြိန်စေတတ်၏။ အားကိုဖြစ်စေတတ်၏။ ဝမ်းကိုက်ဝမ်းနာကို နိုင်၏။ လူနှင့်သင့်၏ဟူ၍ အကျိုးဂုဏ်ကို ဖော်ပြထားပါတယ်။

ငါးလေးအိုးကပ်ချက်မယ်ဆိုရင် ဟင်းအိုး အနေနဲ့ ဒယ်အိုးကိုသုံးပါမယ်။ ငါး၊ ပုစွန်ပေါက်လေးတွေကို သူ့အတိုင်းရေစင်စင်ဆေးရုံ ဆေးပြီး ဆား၊ နနွင်း၊ ငံပြာရည်တို့နဲ့နယ်ကာ နှပ်ထားပါ။ ဒယ်အိုးမှာ ဆီလေးပါလေကာ ထည့်ပြီး ငရုတ်သီး၊ ကြက်သွန်ဖြူ နီအရောကို ဆီသတ်၊ အနံ့မွှေးလာပါက အသင့်နယ်ထားတဲ့ ငါးလေးတွေထည့်မွှေပြီး လုံးရေနည်းနည်းလေး ထည့်ကာ အိုးကပ်ချက်ပါမယ်။ ပုစွန်အကြွေး ငါးအနွေးမို့ လုံးရေလေးခန်းရင်ပဲ ငရုတ်သီးစိမ်း သုံးလေးတောင့်နဲ့ ပင်စိမ်းလေးအုပ်၊ အပေါ့အငန်မြည်းပါ။

ငါးလေးအိုးကပ်ဟင်းမှာ မပါမဖြစ် ဇာတ်လိုက်က ပင်စိမ်းရွက်ပါ။ ပင်စိမ်းနံ့ သင်းသင်းလေးနဲ့ တူးတူးချစ်ချစ် ငါးလေး အိုးကပ်ဟင်းရနံ့ရလိုက်ရင်ပဲ ပါးစပ်အတွင်းက သွားရည်တွေ အလိုလိုဆင်းလာမှာ အသေအချာပါပဲလို့ ပြောပါရစေ။

**စံလွင်(ငါးဦးစီး)**





## အမြဲတေဂီတအဖွဲ့

အလှူပွဲ၊ မင်္ဂလာပွဲ၊ ညစာစားပွဲနှင့် စင်မြင့်ဖျော်ဖြေပွဲများကို နာမည်ရမြန်မာသံနှင့် လူငယ်ခေတ်ပေါ်တေးအဆိုတော်များဖြင့် အဆိုအကများပါဝင်လျက် ညှိမ်ဖျော်ဖြေပေးနေပါသည်။ ဂီတမှူး၊ စန္ဒရားနှင့် တင်ကြွယ်၊ စန္ဒရားဝင်းမြင့်၊ လူငယ်အဆိုရှင်သစ်များ၊ လူငယ်အဆိုဝါသနာရှင်များ စင်တင်ပေးပါသည်။ Keyboard စနစ်တကျသင်ယူလိုသူများ ဆက်သွယ်နိုင်ပါသည်။

ဆရာဟိန်းစေ 09 773365369, 09421006260

## အောင်မင်္ဂလာ

အိမ်ပြောင်း/ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေး
09428773300
09428773355





## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသိအမှတ်ပြု Pile ရိုက်ခြင်းလုပ်ငန်း လိုင်စင်ရယူထားသည့် KBG Piling Service & Construction Co.,Ltd (PL- ၄၁)သည် Pile ရိုက်ခြင်းလုပ်ငန်းအား ရပ်ဆိုင်းမည်ဖြစ်ပါသဖြင့် Pile ရိုက်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့်ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအသိအမှတ်ပြု Soil Test လုပ်ငန်း လိုင်စင်ရယူထားသည့် Electrum Public Co.,Ltd (STL-၁၂)သည် Soil Test လုပ်ငန်းအား ရပ်ဆိုင်းမည်ဖြစ်ပါသဖြင့် Soil Test လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသဖြင့် အဆိုပါလိုင်စင်ဖြင့် လုပ်ငန်းဆောင်ရွက်ထားသူများ ကန့်ကွက်ရန် ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့် နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထား ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ


## GW

0973226006
0973133528
0973077569

အိမ်ပြောင်း၊ အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559


## သားအဖြစ်မှအမွေပြတ် စွန့်လွှတ်ခြင်း

အမှတ်(၁၅၃/၈၁)၊ လျှပ်စစ်ဝင်းဟောင်း၊ စော/နောက်ရပ်ကွက်၊ အလုံမြို့နယ်နေ ဦးကိုကိုလတ်-ဒေါ်ကြည်ကြည်ဝင်းတို့၏သား မောင်ရဲဘုန်းအောင် မှတ်ပုံတင်(ပြုလုပ်ဆဲ)သည် မိဘဆိုဆုံးမမှုကို မနာခံပါသဖြင့် ယနေ့မှစ၍သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကိုတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဖခင်-ဦးကိုကိုလတ်**
**မိခင်-ဒေါ်ကြည်ကြည်ဝင်း**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နီနီဝင်း [၁၄/မမန(နိုင်)၂၂၃၆၈၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် လူမှုကွန်ရက်စာမျက်နှာ Facebook ပေါ်တွင် "ပန်းစကား" Account ဖြင့် လေလံမဲစုခြင်း၊ လေလံမဲ ရောင်းချခြင်းတို့ကို မှန်ကန်တိကျစွာဖြင့် နာမည်ပျက်မရှိ ကောင်းသတင်းဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကို သက်ဆိုင်သူများ ကောင်းစွာသိရှိပြီးဖြစ်ပါသည်။ ထိုသို့ လုပ်ကိုင်ဆောင်ရွက်နေရာမှ ၃၁-၁၀-၂၀၁၈ရက်ကစ၍ ကျွန်ုပ်၏မိတ်ဆွေသည် ကျန်းမာရေးအခြေအနေအရ ဆေးကုသမှု ခံယူခဲ့ရပါသည်။

ထိုသို့ဆေးကုသမှုခံယူနေချိန်အတွင်း ငွေကြေးဆိုင်ရာ စာရင်းဇယားများအား ဆက်လက်လုပ်ဆောင်နိုင်စွမ်းမရှိသည့်အတွက် သက်ဆိုင်ရာ Group များအား ခေတ္တခဏလုပ်ငန်းရပ်နားထားမည်ဖြစ်ကြောင်းနှင့် ကျန်းမာရေးပြန်လည်ကောင်းမွန်လာပါက မည်သူမျှ ငွေကြေးတစ်စုံတစ်ရာ နစ်နာဆုံးရှုံးရန်အကြောင်းမရှိဘဲ လုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

ကျန်းမာရေးကုသမှုခံယူနေစဉ်အတွင်း မိမိသဘောနှင့်မိမိဆန္ဒစောကာ လေလံစုမဲများအား ဆက်လက်မပါဝင်ခြင်း စုမဲဖျက်ခြင်းများကို ပြုလုပ်ခဲ့သူများအား ကျွန်ုပ်၏ မိတ်ဆွေမှ လုံးဝတာဝန်ယူမည် မဟုတ်ကြောင်းနှင့် ထည့်ဝင်ထားသည့် စုကြေးများကိုလည်း လုံးဝပြန်အမ်းပေးမည် မဟုတ်ကြောင်း အသိပေးအပ်ပါသည်။ လုပ်ငန်းပြန်လည် စတင်မည့်ရက်ကို Facebook Account ပေါ်၌ အမြန်ဆုံးအသိပေးသွားမည်ဖြစ်ပါသည်။

လုပ်ငန်းခေတ္တရပ်နားထားစဉ်အတွင်း Facebook, Message, Viber ပေါ်၌ Post တင်ခြင်း၊ တယ်လီဖုန်း ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေအပါအဝင် မိသားစုများ၊ ဆွေမျိုးအသိုင်းအဝိုင်းများ၏ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းအောင်၊ အသရေပျက်ယွင်းအောင် နစ်နာအောင်၊ ထိပါးစော်ကားခြင်း မည်သူမျှ မပြုလုပ်ကြရန်နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်ခဲ့သူများအား တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော်(B.Sc, H.G.P,D.B.L,D.A.Psy)**
**အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

